http://www.dhammadownload.com

အုပ်(၃၀)မြောက်ပုလဲရတုအမှတ်တရ

ရွှေပါရမီစာစဉ်(၃၀)

အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# အကောင်းကံချစ်မှ အချစ်ကံကောင်းမယ်



တတိယအကြိမ်

ရွှေပါရမီ စာစဉ်(၃၀)

အရှင်ဆန္ဒာဓိက ● အကောင်းကံချစ်မှ အချစ်ကံကောင်းမယ်

http://www.dhammadownload.com

တစ်ဖက်သားကို နွေးနွေးထွေးထွေး
ချစ်ခင်တတ်ရင် ကိုယ့်ကို
နွေးနွေးထွေးထွေး ချစ်ခင်မယ့်သူ
ပေါ်လာမှာပါ။
တစ်ဖက်သားကို မြတ်မြတ်နိုးနိုး
ကြင်နာတတ်ရင် ကိုယ့်ကို
မြတ်မြတ်နိုးနိုး ကြင်နာမယ့်သူ
ရောက်လာမှာပါ။
တစ်ဖက်သားကို ထွေးထွေးပိုက်ပိုက်
ယုယတတ်ရင် ကိုယ့်ကို
ထွေးထွေးပိုက်ပိုက် ယုယမယ့်သူ
ရှိလာမှာပါ။
တူသော အကျိုးပေးတတ်တဲ့
ကံတရားကို ဘယ်သူများ
ဟန့်တားနိုင်တာမှတ်လို့. . .။



GRAPHIC
NAY WINN AUNG
09990061597

http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

## အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# အကြောင်းကံချုပ်မှ
# အချုပ်ကံကြောင်းပြယ်



ရွှေပါရမီစာစဉ်(၃၀)
www.shweparami.net

http://www.dhammadownload.com

# ရွှေပါရမီ ၂၀၀၆ အမှတ်(၆)


| | |
|---|---|
| စာမူခွင့်ပြုချက် | ၃၂၀၄၄၅၀၇၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၃၇၀၀၇၀၇ |
| ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ | တတိယအကြိမ်၊ အုပ်ရေ ၂၀၀၀၀ |
| မျက်နှာဖုံးပန်းချီနှင့်အတွင်းဒီဇိုင်း | နေဝင်းအောင် |
| အတွင်းသရုပ်ဖော် | ဝသုန်၊ ကျော်သောင်း၊ မောင်မောင်သိုက်၊ ကျော်ဖြူစံ ဝင်းသိန်း၊ ရွှေစိုးဟန်၊ နိုပိုဦး၊ စိုးအောင်၊ မမွေး မောင်နေကြည်၊ ဗဂျီလင်းဝဏ္ဏ၊ နေဝင်းအောင် |
| ကွန်ပျူတာစာစီ | ဆန်းဝင်း၊ ကျော်သူရ |
| စာအုပ်ချုပ် | ကိုဇော်ဝမ်း |
| မျက်နှာဖုံးပုံနှိပ်သူ | ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက် အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။ |
| အတွင်းပုံနှိပ်သူ | ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက် အမှတ် ၉၀-အေ၊ အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ်။ |
| ထုတ်ဝေသူ | တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄) ရွှေပါရမီမွေစာပေဖြန့်ပွားရေးအဖွဲ့ အမှတ် (၁၉-အေ/၂)၊ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။ |

ဖြန့်ချိရေး

**ရွှေပါရမီဓမ္မစာပေဖြန့်ပွားရေးအဖွဲ့**


အမှတ် (၆၁)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

(☎ ၂၁၀၄၆၂၊ ၂၂၆၅၀၀)

တန်ဖိုး ၁၀၀၀ကျပ်




http://www.dhammadownload.com



# အရှင်ဆန္ဒာဓိက
## ရွှေပါရမီတောရ

- ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့ မြစိမ်းရောင် သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော်ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့ အထက(၁)မှ ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယ ရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလှူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်း တို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင် ရောက်ခဲ့ပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထား စာအုပ်ကို စတင် ထုတ်ဝေခဲ့ သည်။
- ယခုအခါ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါး တည်း ကေစာရီ တောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

အုပ် ( ၃၀ ) မြောက် ပုလဲရတု
အမှတ်တရ



## မာတိကာ

### ချီးမြှောက်လွှာ


၈ ■ ရသမြောက်၍ ခေတ်မီပါသည် (မကွေးဆရာတော်ဘုရားကြီး)


### အမှာစာ


၁၂ ■ ချစ်သောအမှာစာ (ရဝေနွယ်-အင်းမ)

၂၂ ■ ကြားသူ့ရင်ကိုစိုက်စေသတည်း (မောင်စိန်ဝင်း-ပုတီးကုန်း)


### မုဒိတာကဗျာ


၂၈ ■ ဒေသနာအဆိ ရွှေပါရမီ (မြေလတ်မင်းလွင်)

http://www.dhammadownload.com

## အမေးအဖြေ


၃၀ ■ လူပျိုဘုရားလုံးဝမရှိ

၄၄ ■ ဥပုသ်သည်နှင့်ပန်းနံ့သာ

၅၂ ■ အကောင်းကံချစ်မှ အချစ်ကံကောင်းမယ်

၇၄ ■ ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံးကို
■ လှူရာရောက်သည်

၈၂ ■ လူပျိုဘုရားတစ်ဆူမျှမရှိ


## ဆရာ့ပုံရိပ်


၁၀၅ ■ ဘဝသခင်ကျေးဇူးရှင်

၁၁၂ ■ ဆွဲအားနှင့်စွဲအား

၁၂၆ ■ နှလုံးလှဆရာ


## အမှတ်တရ


၁၃၈ ■ သူ့ကိုခတဲ့သုခ

၁၅၀ ■ ပရဟိတစိတ်ဓာတ်


## အထိမ်းအမှတ်


၁၆၆ ■ တစ်ရာနှင့်တစ်ရက်

၁၈၂ ■ မြတ်ဗုဒ္ဓထုတ်လွှင့်တော်မူသော
■ ရုပ်မြင်သံကြားတရားတော်များ


## ငယ်လက်ရာ


၂၀၂ ■ ကိုရင်ဘာလို့ဝတ်တာလဲ




http://www.dhammadownload.com



# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဉ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်


လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

**ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့**

http://www.dhammadownload.com



# တရားမွှင့်ဂုဏ်တော်များ

**အရဟံ**

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား

**အရဟံ**

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို

ပြုတော်မမူသော မြတ်စွာဘုရား

**အရဟံ**

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား

http://www.dhammadownload.com



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
မကွေးဆရာတော်ဘုရားကြီး၏ ချီးမြှောက်လွှာ

# ရသမြှောက်၍ခေတ်မီပါသည်

ဘုန်းကြီးတပည့် ဒကာအရင်း မောင်စိုးနိုင်က ၂၉-၃-၀၆ နေ့စွဲပါ စာမူတစ်ခု လာရောက်ကပ်ပါသည်။ 'ဘာစာတွေလဲ' ဟု မေးသောအခါ 'ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က အမှာစာရေးပေးရန် ဆက်ကပ်လိုက်သော စာမူပါဘုရား' ဟု လျှောက်ထားလေသည်။

'ဘုန်းကြီးက အမှာစာရေးလေ့ရေးထမရှိပါဘူး' ဟု ပြောဆိုသည့်အခါ 'အတိုအကျဉ်းပေါ့ဘုရား၊ ဆရာတော့် အမှာစာပါရင် တော်ပါပြီ' ဟု ပြောဆိုလျှောက်ထားသွားသဖြင့် စာမူကို လက်ခံပြီး ဖတ်ရှုသောအခါ ဆောင်းပါးပေါင်းချုပ်စာမူဖြစ်သည်ကို တွေ့ရသည်။

http://www.dhammadownload.com



ဆောင်းပါးပေါင်းချုပ်ဆိုသော်လည်း အချို့စာစောင်များ၌ ဖော်ပြလေ့ရှိသော သာမန်ဆောင်းပါးမျိုး မဟုတ်ဘဲ လောကဘက်ရော ဓမ္မဘက်ပါ နှစ်ဖြာလုံး၌ မှတ်သားလိုက်နာဖွယ် အကြောင်းအရာများ ရသမြောက်အောင် ရေးသားထားသော ဆောင်းပါးများဖြစ်သည်ကို တွေ့ရသဖြင့် စိတ်ဝင်စားပြီး အစအဆုံး ဖတ်ရှုကြည့်မိသည်။

အရှင်ဆန္ဒာဓိက၏ ရေးသားပုံမှာ လွန်စွာချောမွေ့ပြီး ရသမြောက်လှသဖြင့် စာဖတ်ပရိသတ်၏စိတ်ကို ဆွဲဆောင်နိုင်စွမ်း ရှိလှသည်။

'ဥပုသ်သည်နှင့် ပန်းနုံ့သာ' ဆောင်းပါးမှာ ယခုကာလ ဥပုသ်စောင့်သုံးလိုသော အမျိုးသမီးများ အထူးမှတ်သားလိုက်နာဖွယ်ကောင်းလှသည်။ 'အကောင်းကံချစ်မှ အချစ်ကံကောင်းမယ်' ဟူသော အမည်နာမ ရွေးချယ်ထားပုံမှာလည်း လွန်စွာခေတ်မီလှသဖြင့် လူငယ်လူရွယ်တို့၏ စိတ်ကို အထူးနှစ်သက်စေလိမ့်မည်။ 'သူ့ကိုခတဲ့ သူခ' ဆောင်းပါးပါ 'တတ်သိတဲ့လူများတယ်၊ သိတတ်တဲ့လူ ရှားတယ်' ဟူသော ပရိဘာသာများ၊ စကားပုံများလည်း များစွာပါရှိသဖြင့် အထူးနှစ်သက်မိပေသည်။

http://www.dhammadownload.com

ဆရာတော်အရှင်ဆန္ဒာဓိကာ၏ တရားဟောမှု၊ စာပေရေးသားမှုတို့၌ ပြောင်မြောက်သော အရည်အချင်းများမှာ 'နှလုံးလှဆရာ' ဆောင်းပါးတွင် ဒုတိယဗုဒ္ဓဃောသ ဟုချီးကျူးလောက်သည့် ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ တပည့်ရင်းကပင် ချီးကျူးတော်မူထားသဖြင့် အထူးချီးကျူးစရာပင် မလိုတော့ပါ။

'အကောင်းကံချစ်မှ အချစ်ကံကောင်းမယ်' အမည်ရှိ ဆောင်းပါးပေါင်းချုပ်မှာ စာဖတ်သူတို့လက်ထဲ ရောက်ရှိနေပြီဖြစ်၍ ဤဆောင်းပါးပေါင်းချုပ်၏ ဂုဏ်ရည်ပြည့်ဝ စုံလင်လှသည်ကို အကျယ်မချဲ့တော့ပါ။ စာရှုသူတို့ကိုယ်တိုင်ပင် အစအဆုံး ဖတ်ရှုလေ့လာ၍ လိုက်နာကျင့်သုံးနိုင်ကြပါစေ။ ။

ဘဒ္ဒန္တကုမာရ
မကွေးဆရာတော်

http://www.dhammadownload.com

ရွှေပါရမီစခန်းဖြင့်

**ခေမာပြည်လှမ်းနိုင်ကြပါစေ**

http://www.dhammadownload.com



ရဝေနွယ်(အင်းမ)

http://www.dhammadownload.com



တစ်ခါတုန်းက အနုပညာသမား အမျိုးသားတစ်ယောက်နဲ့ ပြင်ပက အမျိုးသမီးငယ်လေး တစ်ယောက်တို့ ချစ်သူရည်းစား ဖြစ်ကြပါသတဲ့. .။ အနုပညာသမား အမျိုးသားက တကယ်တမ်း အိမ်ထောင်လည်းပြုရော တခြား အမျိုးသမီးလေး တစ်ယောက်နဲ့ အိမ်ထောင်ပြု သွားပါသတဲ့။

ဒီတော့ ကျန်ခဲ့ရတဲ့ အမျိုးသမီးငယ်လေးက တော်တော်လေး ခံစားနေရပါသတဲ့။ နောက်-လလေး နည်းနည်း ကြာလာတော့ ဘာပြောလာသလဲဆိုတော့ "ဖြစ်စက သိပ်ပြီး ခံစားရတယ်၊ အခုတော့ အရှင်ဆန္ဒာဓိကရဲ့

http://www.dhammadownload.com

စာအုပ်တွေ ဖတ်ပြီး နေတတ်သွားပါပြီ" တဲ့။

ဒီစကားကြားရတော့ မျက်ရည်ဝဲတဲ့အထိ ကြည်နူးခံစားရပါတယ်။ ပြီးတော့ ကိုယ့်နောင်တော်ဘုရားအတွက်လည်း သိပ်ပြီး ဂုဏ်ယူမိပါတယ်။ ဒီအကြောင်းကို နောင်တော်ဘုရားဖြစ်တဲ့ ဦး-ဇင်း အရှင်ဆန္ဒာဓိကကိုလည်း ပြောပြဖြစ်ပါတယ်။ စာအုပ်တစ်အုပ်ဟာ စာဖတ်သူတစ်ဦးရဲ့ ဖြစ်ပေါ်နေတဲ့ ပြဿနာကို ဖြေရှင်းပေးလိုက်နိုင်တယ်ဆိုရင် ဘယ်လို ကြည်နူးမိမှန်း မသိပါဘူး။

ပြောတဲ့ရေးတဲ့ စကားလုံးချင်းတူပေမယ့် ပရိသတ်အသိအမှတ်ပြုထားတဲ့သူ ပြောရင် ပိုပြီးထိရောက်မှုရှိပါတယ်။ ဒါကြောင့် တချို့စကားတွေကို ပရိသတ်အတိုင်းအတာတစ်ခုအထိ ရရှိပြီးဖြစ်တဲ့ နောင်တော်ဘုရားကို ပိုပြီး ရေးစေချင်လှပါတယ်။ အဓိကကတော့ စာဖတ်သူတွေ ခံစားနေရတဲ့ ပြဿနာတွေ ပြေလည်သွားဖို့ပဲ အရေးကြီးပါတယ်။

အမှန်တော့ မြတ်စွာဘုရားဟောကြားခဲ့တဲ့ တရားတော်တွေကို မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေနဲ့ နီးစပ်တဲ့ ရဟန်းတော်တွေက ပြန်ဟောပြ၊ ရေးပြကြတာပါ။ ဟောပြ၊ ရေးပြတဲ့နေရာမှာလည်း ဂုဏ်ရှိတဲ့သူက ပြောရင်၊ ရေးရင် ပိုထိရောက်တာ၊ ပိုပျံ့နှံ့တာဟာ သဘာဝတစ်ခုပါ။

မြတ်စွာဘုရားဟောခဲ့တဲ့ တရားတော်တွေက များသောအားဖြင့် စိတ်မှာ ဖြစ်တတ်တဲ့ရောဂါတွေကို ကုသဖို့ တရားဆေးတွေပါ။ ဆေးဆိုတဲ့ နေရာမှာလည်း ရောဂါတစ်မျိုးတည်းအတွက် မဟုတ်ပါဘူး။ ရောဂါမျိုးစုံအတွက်ပါ။

http://www.dhammadownload.com

လူမှုရေးရောဂါ၊ ကျန်းမာရေးရောဂါ၊ စီးပွားရေးရောဂါ၊ ပညာရေးရောဂါ၊ နေရေးရောဂါ၊ သေရေးရောဂါ၊ အချစ်ရေးရောဂါ၊ အိမ်ထောင်ရေးရောဂါ စသည်ဖြင့် အများကြီးပါပဲ။

မြတ်စွာဘုရားက တရားကို အကြောင်းအရာ စုံအောင် ဟောခဲ့တော့ သားရဟန်းတွေဖြစ်တဲ့သူတွေကလည်း အကြောင်းအရာ စုံအောင် ရေးတာ အကောင်းဆုံးပါပဲ။

ဒီတော့ အချစ်ရောဂါဟာ နားရှက်စရာကြီးဆိုပြီး ချန်ခဲ့ရင် ရောဂါရသူတွေအတွက် အများကြီး နစ်နာလှပါတယ်။

လက်တွေ့လောကမှာ သေချာလေ့လာကြည့်ရင် အချစ်နဲ့ ပတ်သက်လို့ ခံစားနေရတဲ့ ရောဂါသည်တွေ ရာခိုင်နှုန်းတစ်ခု အနေနဲ့ကို အများကြီး ရှိနေကြပါတယ်။

ရောဂါဖြစ်လာရင် ဆေးကို ညွှန်ပြပေးမယ့်သူလည်း လို လာပါတယ်။ ကိုယ်နဲ့ မဆိုင်ဘူးလေဆိုပြီး ပစ်ထားလိုက်ရင် ရောဂါရသူတွေအတွက် ရောဂါတွေ ပိုရင့်ပြီး ဆိုးကျိုးတွေ ပိုများသွားနိုင်ပါတယ်။

ဦးဇင်းအရှင်ဆန္ဒာဓိက က အချစ်နဲ့ ပတ်သက်တဲ့ စာအုပ် တချို့ ရေးလိုက်ပါတယ်။ ဒါကို တချို့က စာမျက်နှာပေါ်ကနေ ဝေဖန်လာပါတယ်။

ဝေဖန်စာပါလာတော့ ဦးဇင်းအရှင်ဆန္ဒာဓိကဆီကို ဖုန်းဆက်ပြီး "တုံ့ပြန်စာ ပြန်မရေးပါနဲ့နော်" လို့ လှမ်းလျှောက်မိပါတယ်။

ကိုယ်ကသာ စိုးရိမ်စိတ်နဲ့ လှမ်းလျှောက်ရတာ၊ ဦးဇင်း

http://www.dhammadownload.com

အရှင်ဆန္ဒာဓိက က ဘာပြန်ပြောသလဲဆိုတော့ 'ပြန်မရေးပါဘူး၊ သူ့ကို ကျေးဇူးတောင်တင်မိသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်စာအုပ်ကို ဝယ်ဖတ်လို့လေ၊ ကိုယ့်ရဲ့ စာဖတ်ပရိသတ် ဖြစ်သွားပြီ' တဲ့။

အမှန်တော့ ရဟန်းပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် အနာဂါမ် မဖြစ်သရွေ့တော့ အချစ်ဆိုတာ ရှိနေကြရဦးမှာပါ။ အချစ်ဆိုတာ ရှိနေကြသရွေ့ အချစ်နဲ့ နွယ်တဲ့ ခံစားမှုပြဿနာတွေကလည်း တွေ့ကြုံနေရဦးမှာပါ။ ဒီအခါမျိုးမှာ အချစ်နဲ့ ပတ်သက်တဲ့ စာအုပ်တွေလည်း လိုကို လိုအပ်နေရဦးမှာပါ။

အချစ်မရှိဘူးလို့ ပြောတဲ့သူတွေဟာ ကိုယ့်ကိုယ်ကိုယ် အနာဂါမ် ဖြစ်နေပြီလို့ ပြောတာနဲ့ အတူတူပါပဲ။

အနာဂါမ်မဖြစ်သေးတဲ့ ပုထုဇဉ်လူသားအချင်းချင်း ချစ်တာ သိပ်ပြီး မဆန်းလှပါဘူး။ လောကသဘာဝတစ်ခုပါ။ ဒီတော့ ပုထုဇဉ်သဘာဝအရ ချစ်ပါ။ ဒါပေမဲ့ အချစ်မှာ အပြစ်သင့်တဲ့ အချစ်နဲ့ အပြစ်မသင့်တဲ့ အချစ်ဆိုတာ ရှိတာဆိုတော့ အပြစ်သင့်တဲ့ အချစ်ကို မချစ်မိဖို့ဘဲ အရေးကြီးပါတယ်။

"ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိတည့်၊ မိမိပညာ၊ သတိသာလျှင်၊ မဟာဩသဓ၊ ဆေးမည်စွာ့ရှင့်" လို့ မဃဒေဝမှာ ဆိုထားပါတယ်။

ကာမဆိုတဲ့ အချစ်ရောဂါဟာ ကုရာနတ္ထိ ဆေးမရှိပါဘူးတဲ့။ မိမိရဲ့ ပညာသတိကသာ မိမိရဲ့ အကောင်းဆုံးဆေးပါပဲတဲ့။

မိမိရဲ့ ပညာသတိက အကောင်းဆုံးဆေးဆိုတော့ ပညာ

http://www.dhammadownload.com

သတိဖြစ်ဖို့အတွက် ထိုက်သင့်တဲ့စာလေးတွေ ဖတ်ရမယ်။ ထိုက်သင့်တဲ့တရားတွေ နာရပါမယ်။ ဖတ်ထား နာထားတဲ့ တရားတွေထဲက မိမိရဲ့ ပညာသတိကို ပြန်နှိုက်ယူဖို့ပါ။

ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် အတော်အတန် တရားအသိရှိတဲ့သူတောင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် တွေဝေမိန်းမောသွားရတတ်ပါတယ်။ သိခဲ့တဲ့ တရားတွေကိုလည်း ပြန်အာရုံမပြုနိုင်တော့ပါဘူး။ ဒီတော့ အမှားအယွင်းတွေ ပြုမိသွားတတ်ကြပါတယ်။ ပါရမီရှင်အလောင်းတော်တချို့တောင် တွေဝေမိန်းမောပြီး မှားယွင်းသွားခဲ့ရတာတွေ ရှိခဲ့ဖူးပါတယ်။ ဒီအချိန်မှာ ကိုယ့်ပြဿနာကို ဖြေရှင်းပေးနိုင်မယ့် မိတ်ကောင်း၊ ဆွေကောင်း ဆရာသမားတစ်ဦးဦး သိပ်လိုအပ်ပါတယ်။

တစ်ခါတုန်းက မဒ္ဒဝမင်းကြီးရဲ့ မိဖုရားနဲ့ ပုရောဟိတ်ကြီးရဲ့ သားငယ်တို့ နန်းတော်ထဲမှာ မျက်လုံးချင်းဆုံမိကြပါတယ်၊ မျက်လုံးချင်းဆုံခိုက်မှာပဲ နှစ်ယောက်လုံး သံယောဇဉ်ဖြစ်သွားကြပါသတဲ့။

ပုရောဟိတ်သားဟာ အိမ်ပြန်ရောက်တော့ ထမင်းမစားတော့ပါဘူး။ အိပ်ရာထဲမှာပဲ နေနေပါတော့တယ်။ ကြာလာရင် ဒီစိတ်နဲ့ သေမှာဖြစ်တော့တဲ့အတွက် ပုရောဟိတ်ဖခင်ကြီးက ဘုရင်ကြီးကို အရဲစွန့်လျှောက်ပြပါတယ်။

ဘုရင်ကြီးက '(၇)ရက်ယူစေ၊ (၇)ရက်ပြည့်ရင် ပြန်ပေးပါ' လို့ဆိုပြီး ပေးလိုက်ပါတယ်။ ဒါပေမဲ့ (၇)ရက် စေ့တော့ ပုရောဟိတ်သားနဲ့ မိဖုရားငယ်တို့ဟာ ထွက်ပြေးကြပါလေရော။

http://www.dhammadownload.com

ဒီတော့ ပုရောဟိတ်ဖခင်ကြီးက ဘုရင်ကြီးကို လာလျှောက်ရပြန်ပါတယ်။ ဒီအခါမှာတော့ ဘုရင်ကြီးခမျာ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်ဖြစ်ပြီး သွေးတွေ အန်လာပါတယ်။ ပြီးတော့ သွေးဝမ်းတွေလည်း သွားလာပါတယ်။

ဒီအချိန်မှာ ဘုရားအလောင်းက သေနကအမတ်၊ ရှင်သာရိပုတ္တရာလောင်းက ပက္ကုသအမတ်၊ ရှင်မောဂ္ဂလ္လာန်လောင်း အာယုရအမတ် ဖြစ်နေပါတယ်။

အမတ်သုံးယောက်ဟာ သူတို့ဘုရင်ကြီးရဲ့ အချစ်ရောဂါကို ကုစားပေးဖို့ နန်းရင်ပြင်မှာ သံလျက်မျိုတဲ့ မျက်လှည့်ပွဲတစ်ခု စီစဉ်လိုက်ပါတယ်။ အဓိက ဘုရင်ကြီးကြည့်ဖို့ပါ။

ဘုရင်ကြီးက သံလျက်မျိုတာကို ကြည့်ပြီး အံ့ဩနေပါတယ်။

ဒါနဲ့ အာယုရအမတ်ကို မေးပါတယ်။

'လောကမှာ သံလျက်မျိုတာထက် ခက်တာရှိလား'

'ရှိပါတယ်ဘုရား၊ မိမိမြတ်နိုးချစ်ခင်တဲ့အရာကို ပေးမယ်လို့ ကြံစည်တာဟာ သံလျက်မျိုတာထက် ခက်ပါတယ်ဘုရား'

ဒီတော့ ဘုရင်ကြီးက ဘယ်လိုအတွေးဖြစ်သလဲဆိုတော့ 'အင်း . . . ငါက ငါမြတ်နိုးချစ်ခင်တဲ့ မိဖုရားကို ပေးမယ်လို့ ကြံခဲ့တာပဲ။ ငါဟာ ခက်ခဲတဲ့အရာကို လုပ်ခဲ့ပါလား' လို့ တွေးမိပြီး စိတ်နည်းနည်း သက်သာသွားပါတယ်။

နောက် ပက္ကုသအမတ်ဘက်ကို လှည့်ပြီး မေးပြန်ပါတယ်။

'ပက္ကုသ . . . ဒီထက် ခက်ခဲတာရှိသေးလား'

http://www.dhammadownload.com

'ရှိပါတယ်ဘုရား၊ ကြံစည်ရုံမကဘဲ ပေးမယ်လို့ နှုတ်က ပြောလိုက်တာပါဘုရား'

ဒီတော့ ဘုရင်ကြီးက 'အင်း . . . ငါက မိဖုရားကို ပေးမယ်လို့ ပြောခဲ့ပါလား၊ ငါဟာ ခက်ခဲတဲ့အလုပ်ကို လုပ်ခဲ့ပါကလား' ဆိုပြီး စိတ်သောကနည်းနည်း လျော့သွားပြန်ပါတယ်။

နောက် ပက္ကုသအမတ်ဘက်လှည့်ပြီး ထပ်မေးလိုက်ပြန်ပါတယ်။

'ပက္ကုသ . . ဒီထက် ခက်ခဲတာ ရှိသေးလား'

'ရှိပါသေးတယ်ဘုရား၊ ပေးမယ်လို့ ပြောပြီး အမှန်တကယ် ပေးဖြစ်လိုက်နိုင်တာက ပိုခက်ခဲပါတယ်ဘုရား'

ဘုရင်ကြီးကလည်း 'အင်း . . . ငါက မိဖုရားကို ပေးမယ်လို့ ပြောပြီး အမှန်တကယ် ပေးလိုက်နိုင်ပါလား' ဆိုပြီး သောကတွေ လျော့သွားပြန်ပါတယ်။

ဘုရင်ကြီးက သေနကအမတ်ဘက်ကို လှည့်ပြီး 'ဒီထက် ခက်ခဲတာရှိသေးလား' လို့ မေးပြန်ပါတယ်။

သေနကအမတ်ကလည်း 'အရှင်မင်းကြီး . . . လူတွေဟာ ပေးမိတာကို ပြန်တွေးပြီး နောင်တဖြစ်တတ်ကြပါတယ်။ အဲဒီနောင်တကို မဖြစ်အောင် မိမိရဲ့ စိတ်ကို ထိန်းချုပ်စောင့်စည်းနိုင်တာက ပိုခက်ခဲလှပါတယ်ဘုရား' လို့ လျှောက်လိုက်ပါတယ်။

သေနကအမတ်ရဲ့စကားကို ကြားလိုက်ရတဲ့အခါမှာတော့ ဘုရင်ကြီးဟာ သတိဉာဏ်တွေ ပြန်ဝင်သွားပါတော့တယ်။

ဒီပဏ္ဍကဇာတ်ဝတ္ထုလေးကို ထုတ်ပြရတာကတော့ လူဟာ

http://www.dhammadownload.com

ပြဿနာတစ်ခုခုနဲ့ ကြုံလာရင် ကိုယ့်ကိုယ်ကိုယ် ဖြေရှင်းနိုင်စွမ်း မရှိနိုင်တော့လောက်အောင်ကို တွေဝေမိန်းမောသွားတတ်ပါတယ်။ ဒီအခါမျိုးမှာ ပညာရှိ မိတ်ကောင်းဆွေကောင်းတွေ အများကြီး လိုအပ်ပါတယ်။

ဒါပေမဲ့ အခြေအနေ အကြောင်းအမျိုးမျိုးတွေကြောင့် ကိုယ့်အနားမှာ ပညာရှိ မိတ်ကောင်းဆွေကောင်းတွေ အမြဲတမ်း ရှိမနေနိုင်ပါဘူး။ ဒီတော့ ဓမ္မစာပေတွေဟာ ကိုယ့်ပွားမိတ်ကောင်း ဆွေကောင်းတွေပါပဲ။ ဒီကိုယ်ပွား မိတ်ကောင်းဆွေကောင်းတွေကိုပဲ အားတစ်ခုအနေနဲ့ အားကိုးရမှာပါ။ ဒီတော့ ပြဿနာတွေကို ဖြေရှင်းပေးနိုင်မယ့် စာမျိုးစုံကတော့ လောကကြီးမှာ အစဉ်သဖြင့် လိုနေတာပါပဲ။

တစ်နေ့သောအခါမှာတော့ အချစ်မရှိတဲ့ လူသားတစ်ယောက်ဖြစ်အောင် ကြိုးစားကြရမှာပါ။

တကယ်တော့ တရားသဘောအရ ပြောရရင် အချစ်မရှိလေကောင်းလေပါပဲ၊ အချစ်ရဲ့ နောက်မှာ ပူလောင်ခြင်းတွေက အစဉ်သဖြင့် ရောယှက်နေတယ်လေ။ ချစ်ရလို့ ကြည်နူးရတာက နည်းနည်းရယ်၊ ခံစားရတာက များများရယ်ပါ။ ဒါပေမဲ့ အနာဂါမ် မဖြစ်သရွေ့ အချစ်က ရှိနေကြရဦးမှာဆိုတော့ သတိပါတဲ့အချစ်နဲ့ ချစ်ဖြစ်လိုက်ဖို့ပါပဲလေ . . . ။ ။

**ရဝေနွယ်(အင်းမ)**

၃-၃-၂၀၀၆

http://www.dhammadownload.com



အချစ်နဲ့ ပတ်သက်ပြီး
အဆိုးကြုံတွေ့ရတယ်ဆိုတာ
အချစ်နဲ့ ပတ်သက်တဲ့ အဆိုးကံတွေ
အတိတ်က ကျူးလွန်ခဲ့လို့ပါ။
"အတိတ်က" ဆိုတဲ့နေရာမှာ
ရှေးယခင်ဘဝတွေက
အတိတ်လည်း ပါဝင်သလို
ယခုဘဝရဲ့ ရှေ့ပိုင်း
အတိတ်တွေလည်း ပါဝင်ပါတယ်။
အချစ်ကံခေစေတဲ့
အဓိကအကျဆုံး အဆိုးကံကတော့
အချစ်ရေးမှာ သစ္စာမရှိခြင်း၊
တစ်နည်းအားဖြင့်
အချစ်ရေး ဖောက်ပြန်ခြင်းပါပဲ။

http://www.dhammadownload.com



|ပုဝတီးကျွန်း|

# ကြားသူ့ရှင်ကို စိုက်စေသတည်း

http://www.dhammadownload.com

[၁]

တစ်ကြိမ်တစ်ခါမှ ရေးသားခဲ့ဖူးခြင်းမရှိသော စာမျိုးကို ရေးသားရမှာမို့ ရင်ခုန်မိသည်မှာ အမှန်။ အမှာစာဟု သဘောမထားဘဲ မိမိ၏ စိတ်ခံစားမှု တစ်ပိုင်းတစ်စကို ထုတ်ဖော်တင်ပြခြင်းဟုသာ နားလည်စေချင်ပါသည်။

မိမိကြည်ညိုလေးစား၊ ချစ်ခင်ရင်းနှီးသည့် ဆရာတော်လေး . . . အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ၏ အုပ်သုံးဆယ်မြောက်စာအုပ်မှာ ပါဝင်ရေးသားခွင့်ရခဲ့ခြင်းအတွက်လည်း ကြည်နူးကျေနပ် ဂုဏ်ယူနေချင်ပါသေးသည်။

[၂]

ဗုဒ္ဓမြတ်စွာသည် လူအမျိုးမျိုး၏ ပါရမီအနုအရင့်၊ အခွင့်အခါ၊ အချိန်စရိုက်တို့ကို သိတော်မူသည့် အားလျော်စွာ . . တရားဓမ္မအမျိုးမျိုးအား တစ်ဦးချင်းနှင့် လိုက်လျောညီထွေ ရွေးချယ်ဟောကြားတော်မူခဲ့ပါသည်။

ဦးနှောက် - အသိဉာဏ်အလင်းကို ဖျတ်ခနဲ ဖွင့်ပေးလိုက်ခြင်း၊ နှလုံးသားမှာ ခံစားသိဖြစ်ပြီးမှ ခံစားမှုနှင့်တကွ ဓမ္မအသိအလင်းကို ရလိုက်ခြင်း နှစ်မျိုးနှစ်စားရှိမည်ဟု ကျွန်တော်တွေးတောမိပါသည်။

ညီတော် မင်းနန်၊ အင်္ဂုလိမာလ တို့ကို ချွတ်ခန်းတို့သည်

http://www.dhammadownload.com

နှလုံးသားမှာ ထိခိုက်ခံစားစေပြီးမှ တရားဓမ္မအလင်းကို ခံစားသိ ဖြင့် ရလိုက်သည်ဟု ကျွန်တော်ထင်ပါသည်။

ပါရမီဉာဏ်ရင့်၍ အသိပညာကြီးသူတို့အတွက် ဖျတ်ခနဲ ဉာဏ်အလင်းပွင့်နိုင်သောတရား၊ နှလုံးသားမှာ ခံစားထိခိုက်စေပြီး မှ ခံစားသိဖြင့် ရနိုင်သောတရား၊ ထိုတရားနှစ်မျိုးလုံးကို ဆရာ တော် အရှင်ဆန္ဒာဓိက ဟောကြားတော်မူရာတွင် ဆရာတော်၏ နှလုံးသား၌တည်စေသော တရားမျိုး ဟောကြားခြင်းကို ကျွန်တော် ပိုမိုနှစ်သက်စွဲလမ်းပါသည်။

နှလုံးသားကို ရောက်အောင် ပို့ဆောင်ရာတွင် 'အနုပညာ' အလုပ် ပါဝင်ရမည်ဟု ကျွန်တော်ယုံကြည်၏။

နှလုံးသားကို ရောက်အောင် ပို့သော 'စာ' ၌ အနုပညာ ပါသည်။

နှလုံးသားကို ကြားအောင် ပြောသော 'စကား' ၌ အနု ပညာပါသည်။

နှလုံးသားမှာ တည်စေသော 'တရား' ၌ အနုပညာပါ သည်။

ဆရာတော်အရှင်ဆန္ဒာဓိကသည် 'တရားဟောခြင်းအနု ပညာ' ကို ကျွမ်းကျင်လိမ္မာသူဟု ကျွန်တော်ယုံကြည်မိပါ၏။

[၃]

ယခု အုပ်သုံးဆယ်မြောက်စာအုပ်မှာပင် လူပျိုဘုရား လုံးဝမရှိ၊ လူပျိုဘုရား တစ်ဆူမျှမရှိ၊ ဥပုသ်သည်နှင့် ပန်းနံ့သာ၊

http://www.dhammadownload.com

ကိုရင်ဘာလို့ဝတ်တာလဲ စသော တရားဆောင်းပါးတို့သည် ဦးနှောက်ကို တိုက်ရိုက်ရောက်စေသော အသိပေးတရားများဟု ကျွန်တော်ထင်ပါသည်။

အကောင်းကံချစ်မှ အချစ်ကံကောင်းမယ် နှင့် ဆရာ့ပုံရိပ်ပါ တရားဆောင်းပါးတို့က နှလုံးသားမှာ ခံစားပြီးမှ အသိကို ရနိုင်သည့် ဆောင်းပါးများဟု ထင်ပါသည်။

စာချစ်သူများ၊ ဓမ္မမိတ်ဆွေများ ဖတ်ရှုပြီး နှစ်သက်သလို ခွဲခြားကြည့်နိုင်မည် ထင်ပါသည်။

[၄]

'အကောင်းကံချစ်မှ အချစ်ကံကောင်းမယ်'၊ 'ဆွဲအားနှင့် စွဲအား'၊ 'သူ့ကိုခတဲ့ သုခ' စသော တရားဆောင်းပါးများတွင် ဆရာတော်အရှင်ဆန္ဒာဓိက ၏ အနုပညာပါသောအတွေးတို့ကို ကျွန်တော်တို့ တွေ့နိုင်မည် ထင်ပါသည်။

'ရောဟိနီကို သိကြားမင်းကြီး ချစ်လိုက်ပုံများ . . . အရာရာ 'နီ့သဘော' 'နီ့သဘော' နဲ့ပါပဲ။ ဘယ်သွားချင်သလဲ . . . နီ့သဘော၊ ဘာလုပ်ချင်သလဲ . . . နီ့သဘော . . .၊ အရာရာမင်းပါ . . . နီ . . .'

'. . . . . . . . . . . . . . . . . . . . . . .

ပိုျပိုျသွေးဆောင်ရင် ကိုကိုမေးထောင်လာရမှာပေါ့'

'. . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . .

http://www.dhammadownload.com

ဆံပင်ခဏာခဏာ ပြင်ထုံးပြ၊
ပြုံးပြ . . . ရယ်ပြ . . .၊ နွဲ့ပြ . . . မူပြ . . .၊
ခရာပြ . . . တာပြ . . .၊
. . . ဘာပြ . . . ညာပြ . . .။'

အစရှိသော စာပုဒ်ကလေးများကို 'တရားစာ'၊ 'တရား' သည် ခန့်ထည်တည်ငြိမ်နေရမည် ဆိုသော ပေတံနှင့် တိုင်းတာသူများအတွက် ထောက်ပြစရာ ဖြစ်နိုင်သော်လည်း ကျွန်တော်ကတော့ . . . မိမိပို့လိုသောနေရာ အရောက်ပို့ပေးနိုင်အောင် တန်ဆာဆင်ထားသည့် အနုပညာအခင်းအကျင်းအချို့ဟုသာ ယုံကြည်မိပြန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် . . .

အနုပညာ၌ ဖန်တီးမှု အခင်းအကျင်း လိုအပ်စမြဲပင်။

ဆရာတော်သည် အနုပညာနှလုံးသားရှိသူဖြစ်၍ . . .

ဆရာတော်၏ တရားများသည် အနုပညာပါသောတရားများဟု . . . ကျွန်တော်က ခံစားယုံကြည်နေသောကြောင့်ပင်။

[၅]

တစ်ခါက ဆရာတော် အရှင်ဆန္ဒာဓိကကို မနက်ခင်းတစ်ခုမှာ ဖူးမြော်တွေ့ဆုံခွင့်ရခဲ့ပါသည်။

ဆရာတော်လေး၏ ရင်းနှီးကျွမ်းဝင်သော ဒကာတချို့က ဆရာတော်လေးကို လျှောက်ထားသံကြားရပါသည်။ တရားစာအုပ်တချို့မှ စာသား၊ ခေါင်းစီးတို့သည် နု၍ နွဲ့၍နေသည်။ (ကလက်သည်ဟု ဆိုလိုဟန်ရှိပါသည်။)

http://www.dhammadownload.com

ဆရာတော်က ပြုံးပြီး ဘာမှ ပြန်မပြောခဲ့ပါ။ အားလုံးပြန်သွားကြတော့မှ 'ဒကာကြီး ကိုစိန်ဝင်းရော ဘယ်လိုမြင်လဲ' ဟု မေးပါသည်။

'ဆရာတော့် တရားတွေမှာ အနုပညာပါတယ်။ အနုပညာကို မမြင်တတ်ရင်တော့ အဲဒီလို ထင်ကြမှာပေါ့ဘုရား' ဟု ပြန်လျှောက်ခဲ့မိပါသည်။

[၆]

ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) သည့် . .

ပရိသတ်များ၏ အသိဉာဏ်ဦးနှောက်ဆီသို့လည်းကောင်း . . .၊ ခံစားမှုနှလုံးသားများဆီသို့လည်းကောင်း ချိန်ရွယ်၍ ဗုဒ္ဓမြတ်စွာ၏ 'တရားဓမ္မ' တည်းဟူသော 'မြား' အစင်းစင်းတို့ကို ပစ်လွှတ်နေပါသည်။

ဆရာတော်၏ 'လေ့လာအားထုတ်ကြိုးစားမှု' 'အနုပညာ' လေးညို့မှ အဟုန်ဖြင့် ပစ်လွှတ်လိုက်သည့်မြားတို့ ကျွန်တော်တို့ နှလုံးသား၊ ဦးနှောက်များဆီ ဝင်ရောက်စူးစိုက်သွားနိုင်ပါစေသတည်း။


ဗုဒ္ဓစကား . . .

တရားမြားတို့ . . .

ကြားသူ့ရင်ကို စိုက်စေသတည်း . . . ။

**မောင်စိန်ဝင်း(ပုတီးကုန်း)**

http://www.dhammadownload.com



# ဒေသနာအဆီ ရွှေပါရမီ

- မြို့သထုံ ဗွေဝနာအလှမှာဖြင့်
  ကေလာသ တောင်တော်မဟာ
  ဒေသနာဓမ္မ ဆောင်ဖော်ပါသည်
  အောင်မော်စရာ ဓမ္မရေအေး ....
  'ကံသာအမိအဖ, ဉာဏ်အရာ ကဝိလှ,
  ဆန္ဒာဓိက' လောင်းမြတ်မဟာသည်
  ကောင်းဓာတ်ဖြာ ဖြန့်ငှဝေပေး ....။
- 'ဆွေသဟာပေါင်းအတွက်, ဒေသနာအကြောင်းဆက်'
  စေတနာကောင်းဖက်' စိတ်ကောင်းလာအောင်

http://www.dhammadownload.com

မိတ်ကောင်းရာထောင် ဆောင်စေရေး
အဆိပ်ပေါင်းခွာရှောင် နှောင်အရှည်မွေးကြွေစေဖို့
ခေါင်အမွေပေးလို့ ဘေးမခစေရာ
များဝေနေ ဘဝမှော်ရုံတောမှာဖြင့်
အလှပျော်စုံမျော၍ မမောဖို့သင်, လာ . . . . ။

■ 'တစ်သက်တာခရီးခြောက်, အရှက်ကွာမငြိုး, လျှောက်,
ဆယ့်တစ်ဖြာမီးတောက်' မြိုက်လောင်ရာကို
အကြိုက်ဆောင်ကာ အာသာငမ်းတို့ကိုလ
ဘာဝနာလမ်းပြ စွမ်းသမျှ, လွှင့်ဒေသနာ
အနွမ်းပဖို့ အရှင့်စေတနာ


■ 'ပူဘာယာမသမ်းရ, တူစွာစန်းလ,
လူတကာချမ်းမြ' မြင့်စေရာကို
အခွင့်သာအောင် ဆောင်စွမ်းသည်ဘုရားလေး . . . . ။

■ 'ကမ္ဘာမြေတစ်ဝန်းဖြင့်, သာဝေရွှန်းတင့်,
ဆရာထေရ်ခွန်းဆင့်', ဘဝလမ်းတွေသာအောင်
ဓမ္မကျမ်းရွှေစာ အရောင်လင်းဝေ့လေး . . . . ။

■ 'စေတနာမနသီဇောကြွ, ဒေသနာအဆီဟောပြ,
'ရွှေပါရမီတောရ' ပဓာန ဆရာသခင်ကို
ဂါရဝ ပဏာတင် ကြည်နူးသည်ဖျာ့လေး . . . . ။ ။

မြေလတ်မင်းလွင်

သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရဆရာတော်
အရှင်ဆန္ဒာဓိက သို့ ဦးခိုက်ပူဇော်လျက်





# လူပျိုဘုရား လုံးဝမရှိ

http://www.dhammadownload.com

အရှင်ဘုရား . . .

ပွင့်တော်မူခဲ့ပြီးသမျှ ဘုရားရှင်တွေထဲမှာ လူပျိုဘုရား ဘယ်နှဆူလောက် ပါပါသလဲဘုရား။ လုံးဝမပါဘူးဆိုရင်လည်း ဘာကြောင့်ဆိုတာ သိပါရစေ။ တောထွက်ဘုန်းကြီးထက် ငယ်ဖြူဘုန်းကြီးက ပိုပြီး ကြည်ညိုစရာကောင်းသလို တောထွက်ဘုရားထက် ငယ်ဖြူဘုရားက ပိုပြီး ကြည်ညိုစရာကောင်းမယ် ထင်လို့ပါ. . .။ မေးတာမှားရင် ခွင့်လွှတ်တော်မူပါဘုရား . . .။

**မာဂျေ၊ အင်တာဗျူးဂျာနယ်။**

ဒကာမာဂျေရေ . . .

သမ္ဗုဒ္ဓေ ဘုရားရှိခိုးဂါထာမှာ 'အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ' လို့ ပါတယ်မဟုတ်လား။ 'ဂင်္ဂါမြစ်ကမ်းသဲသောင်ပြင်ပေါ်က သဲမှုန်သဲလုံးလေးတွေကမှ နည်းပါသေးတယ်၊ နိဗ္ဗာန်နန်းကို စံမြန်းတော်မူသွားကြတဲ့ ငါးမာရ်အောင်မြင်ဘုရားရှင်တွေက မရေမတွက်နိုင်လောက်အောင် အဆုံးအပိုင်းအခြားမရှိအသင်္ချေ အနန္တ များပြားလှပါတယ်' . . . တဲ့။

လောကမှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တွေ မရေမတွက်နိုင်လောက်အောင် အသင်္ချေအနန္တ ပွင့်တော်မူခဲ့ကြပြီးပါပြီ။ နောင်လည်း မရေမတွက်နိုင်လောက်အောင် အသင်္ချေအနန္တ ပွင့်တော်မူကြဦးမှာပါ။ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တွေထဲမှာ လူပျိုဘုရား တစ်ဆူမျှ မပါပါဘူး။ ဘုရားအားလုံး အိမ်ထောင်ရှင်ဘုရားတွေချည်းပါပဲ။

ဒကာမာဂျေ့ မေးခွန်းမှာပါတဲ့ အသုံးအနှုန်း၊ သို့မဟုတ်

http://www.dhammadownload.com

ခုခေတ် ရဟန်းလောကရဲ့ အသုံးအနှုန်းနဲ့ ပြောရရင် ငယ်ဖြူဘုရား တစ်ဆူမှ မရှိပါဘူး၊ ဘုရားအားလုံး တောထွက်ဘုရားတွေချည်းပါ ပဲ။

'ဗောဓိကုက္ကို၊ ညောင်ထိုထို၊ လူပျိုဘုရား၊ မရှိပြား' ဆိုတဲ့ စကားရပ်ထဲမှာပါတဲ့ 'ဘုရား' ဆိုတာ သမ္မာသမ္ဗုဒ္ဓဘုရားကို ပြော တာပါ။ ပစ္စေကဗုဒ္ဓဘုရား မပါပါဘူး။ ပစ္စေကဗုဒ္ဓဘုရားကတော့ လူပျိုဘုရားလည်း ရှိပါတယ်၊ အိမ်ထောင်ရှင်ဘုရားလည်း ရှိပါ တယ်။ ငယ်ဖြူဘုရားလည်း ရှိပါတယ်၊ တောထွက်ဘုရားလည်း ရှိပါတယ်။

လူပျိုဘုရား ဘာကြောင့်မရှိသလဲဆိုတာကို ကျမ်းဂန်မှာ တိုက်ရိုက်ပြမထားပေမယ့် ကျမ်းဂန်လာ ဒေသနာအမျိုးမျိုးနဲ့ ချိန် ထိုး ဆက်စပ်ကြည့်မယ်ဆိုရင်တော့ ကျေနပ်လောက်တဲ့အဖြေထွက် လာနိုင်ပါတယ်။

အားလုံးသိကြတဲ့ ဗုဒ္ဓဝင်ဒေသနာတော်မှာ ဘုရားရဲ့ မွေး ဖွားရာ ဇာတိမြို့၊ ခမည်းတော် မယ်တော် အမည်၊ လူ့ဘဝအမည်၊ ကြင်ယာတော်၊ သားတော်၊ နန်းစံသက်၊ တောထွက်ချိန် . . . စတဲ့ မြတ်စွာဘုရားရှင်ရဲ့ ကိုယ်ရေးရာဇဝင် အချက်အလက်တွေ ပြည့် ပြည့်စုံစုံ ဖော်ပြထားပါတယ်။

အဲဒီလို ဖော်ပြရခြင်းရဲ့ အကြောင်းပြချက်က ဘာလဲဆို တော့ 'မြတ်စွာဘုရားရှင်ဟာ လူသားစင်စစ် ဖြစ်တယ်ဆိုတာကို ထင်ရှားစေချင်လို့ပါ' . . . တဲ့။

မွေးဖွားရာဇာတိမြို့က သက္ကတိုင်း၊ ကပိလဝတ်မြို့၊ ခမည်း

http://www.dhammadownload.com

တော်က သုဒ္ဓေါဒနမင်းကြီး၊ မယ်တော်က မဟာမာယာဒေဝီ၊ လူ့ဘဝအမည်က သိဒ္ဓတ္ထ၊ ကြင်ရာတော်က ယသော်ဓရာ၊ သားတော်က ရာဟုလာ၊ နန်းစံသက်က ၁၃ နှစ်၊ တောထွက်ချိန်က အသက် ၂၉နှစ် . . . စသည်အားဖြင့် လူသားတစ်ဦးမှာ ရှိထိုက်တဲ့ ကိုယ်ရေးရာဇဝင် အချက်အလက်တွေကို ဖော်ပြလိုက်ခြင်းအားဖြင့် 'ဗုဒ္ဓ' ဆိုတဲ့ပုဂ္ဂိုလ်ဟာ နတ်ဒေဝါလည်း မဟုတ်ဘူး၊ သိကြားဗြဟ္မာလည်း မဟုတ်ဘူး၊ အနန္တတန်ခိုးရှင်လည်း မဟုတ်ဘူး၊ ထာဝရဖန်ဆင်းရှင်လည်း မဟုတ်ဘူး၊ လူသားအစစ်၊ လူသားဆိုမှ တကယ့်လူသားအစစ်ဆိုတာကို အထင်အရှား သက်သေပြပြီးသား ဖြစ်သွားပါတယ်။

အဲဒီလိုမှမဟုတ်ရင် ဗုဒ္ဓမပွင့်ခင်က လူတွေကိုးကွယ်နေကြတဲ့ နတ်ဒေဝတာတွေ၊ သိကြားဗြဟ္မာတွေနဲ့ ရောထွေးသွားပြီး 'ဗုဒ္ဓ ဆိုတာ နတ်ဒေဝါ တစ်ဦးဦးပဲ၊ မဟာဗြဟ္မာ တစ်ဦးဦးပဲ' လို့ လူတွေ ထင်မှတ်သွားနိုင်ပါတယ်။ 'ဗုဒ္ဓက နတ်ဗြဟ္မာပဲ၊ တန်ခိုးကြီးမှာပေါ့' ဆိုပြီး မြတ်ဗုဒ္ဓရဲ့ စွမ်းရည်သတ္တိတွေကို အထင်အမြင်သေးသွားနိုင်သလို 'ဗုဒ္ဓက နတ်ဗြဟ္မာပဲ၊ ဟောနိုင်မှာပေါ့၊ ဟောအားရှိမှာပေါ့' ဆိုပြီး မြတ်ဗုဒ္ဓရဲ့ တရားစကားတော်တွေကို မလေးမစားနဲ့ ယုံကြည်မှု ကင်းမဲ့သွားနိုင်ပါတယ်။

အဲဒီလိုဆိုရင် ဗုဒ္ဓပွင့်ထွန်းပေါ်ပေါက်လာရခြင်းရဲ့ အကျိုးတရားကို လူသားတွေ ခံစားခွင့်ရမှာ မဟုတ်တော့ပါဘူး၊ ဗုဒ္ဓ ပွင့်ပေါ်လာတာဟာ လူသားတွေအတွက် ဘာမှ အဓိပ္ပာယ်မရှိသလို ဖြစ်သွားပါလိမ့်မယ်။

http://www.dhammadownload.com

ရဟန်းမပြုခင် အိမ်ထောင်ပြုတယ်ဆိုတာလည်း လူသား တစ်ဦးရဲ့ လူသားပီသမှု သဘာဝကို ထုတ်ဖော်ပြသရာရောက်ပါ တယ်။ နို့မဟုတ်ရင် 'နတ်ပြဟ္မာမို့ အိမ်ထောင်မပြုတာ၊ ဘီလူး သဘာက်မို့ မိန်းမ မယူတာ' လို့ အထင်လွဲစရာ ဖြစ်နိုင်ပါတယ်။

'ဗုဒ္ဓက လူသားအစစ်မို့ အိမ်ထောင်ပြုတာပေါ့၊ ကလေး တစ်ယောက်တောင် ရလိုက်သေးတယ်' လို့ မြတ်ဗုဒ္ဓရဲ့ လူသားစစ် မှုအပေါ် သံသယကင်းသွားပြီဆိုရင် မြတ်ဗုဒ္ဓရဲ့ စွမ်းရည်သတ္တိ၊ တန်ခိုးတွေကိုလည်း အထင်ကြီးလေးစားသွားသလို မြတ်ဗုဒ္ဓဟော ကြားတဲ့ တရားဒေသနာတွေကိုလည်း ယုံကြည်လက်ခံသွားပါ တယ်။

'လူသားစစ်စစ်ဖြစ်ကြောင်း ပြသနိုင်ခြင်း' ဆိုတဲ့အချက် က လူပျိုဘုရား မရှိရခြင်းရဲ့ ပထမအကြောင်းတစ်ခု ဖြစ်ပါတယ်။

ဘုရားဖြစ်လိုသူတိုင်း ဖြည့်ကျင့်ရမယ့် ပါရမီဆယ်ပါးထဲ မှာ နေက္ခမ္မပါရမီဆိုတာ တစ်ခုအပါအဝင်ပါ။ ကာမဂုဏ်အာရုံတွေ ကနေ ရုန်းထွက်ပြီး တရားအာရုံနဲ့ မွေ့လျော်ခြင်း၊ ကိလေသာဌာန ကို စွန့်ခွာပြီး ဘာဝနာဌာနမှာ ပျော်ပိုက်ခြင်း၊ လူ့ရပ်မြို့ရွာကို ကျောခိုင်းပြီး တောရပ်တောင်မြိုင်မှာ ကိန်းအောင်းခြင်းကို နေက္ခမ္မ ပါရမီ လို့ ခေါ်ပါတယ်။ လိုရင်းကတော့ နေက္ခမ္မပါရမီဆိုတာ 'အနှောင်အဖွဲ့တွေကို စွန့်ခွာပြီး တောထွက်ခြင်း' ပါပဲ။

'ပါရမီဆယ်ပါး အပြားသုံးဆယ်' ဆိုတဲ့အတိုင်း ပါရမီ တစ်ခုတစ်ခုမှာ မူလပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီလို့ သုံးမျိုးစီ ကွဲပြားပါတယ်။ မြန်မာလိုပြောရရင်တော့ မူလပါရမီဆိုတာ 'ရိုးရိုး

http://www.dhammadownload.com

ပါရမီ'၊ ဥပပါရမီဆိုတာ 'အင်္ဂါစွန့်ပါရမီ'၊ ပရမတ္ထပါရမီဆိုတာ 'အသက်စွန့်ပါရမီ' ပါ။

နေက္ခမ္မပါရမီ ဖြည့်ကျင့်တဲ့နေရာမှာလည်း ရိုးရိုးနေက္ခမ္မပါရမီ၊ အင်္ဂါစွန့် နေက္ခမ္မပါရမီ၊ အသက်စွန့် နေက္ခမ္မပါရမီ လို့ သုံးမျိုး ရှိပါတယ်။ တွယ်တာစွဲမက်စရာ ကာမဂုဏ်အနှောင်အဖွဲ့ အထူးအထွေ မရှိဘဲ စွန့်လွှတ်တောထွက်တာကို 'ရိုးရိုးနေက္ခမ္မပါရမီ' လို့ ခေါ်ပါတယ်။ လွယ်လွယ်နဲ့ စွန့်လွှတ်နိုင်လို့ပါ။

ကိုယ်ခန္ဓာရဲ့ အင်္ဂါအစိတ်အပိုင်းတွေနဲ့ အလားသဏ္ဌာန်တူတဲ့ မိဘဆွေမျိုး၊ ညီအစ်ကိုမောင်နှမ၊ အိုးအိမ်တိုက်တာ၊ ရတနာရွှေငွေ၊ တိုင်းပြည်ထီးနန်း . . . စတဲ့ ပိုင်ဆိုင်မှုအရပ်ရပ်ကို မစွဲမတွယ် မငြိမကပ်ဘဲ စွန့်လွှတ်တောထွက်တာကိုတော့ 'အင်္ဂါစွန့်နေက္ခမ္မပါရမီ' လို့ခေါ်ပါတယ်။ ခက်ခက်ခဲခဲ စွန့်လွှတ်ရလို့ပါ။

ကိုယ့်အသက်နဲ့ ဥပမာတူတဲ့၊ ကိုယ့်အသက်နဲ့ ထပ်တူထပ်မျှ မြတ်နိုးစုံမက် နှစ်သက်ချစ်ခင်ရတဲ့ ဇနီးမယား၊ သမီးသားကို သံယောဇဉ်ကြိုး ရိုက်ဖြတ်ချိုးပြီး ငဲ့ကွက်ကင်းစွာ စွန့်လွှတ်တောထွက်တာကိုတော့ 'အသက်စွန့်နေက္ခမ္မပါရမီ' လို့ ခေါ်ပါတယ်။ အသက်စွန့်ရသလိုမျိုး အလွန့်အလွန်ကို ခက်ခက်ခဲခဲကြီး စွန့်လွှတ်ရလို့ပါ။

ဘုရားအလောင်းတော်တိုင်း 'အသက်စွန့်နေက္ခမ္မပါရမီ' လို့ ခေါ်တဲ့ 'ပရမတ္ထနေက္ခမ္မပါရမီ ' ကို မဖြစ်မနေ ဖြည့်ကျင့်ရပါတယ်။ အသက်နဲ့တူတဲ့ ဇနီးမယား၊ သမီးသားကို စွန့်နိုင်ဖို့အတွက် စွန့်စရာ မယား၊ စွန့်စရာသား ရှိကိုရှိရပါမယ်။ စွန့်စရာသား၊ စွန့်

http://www.dhammadownload.com

- **ကြီးကျယ်ခမ်းနားတဲ့ကာမဂုဏ်စည်းစိမ်တွေ**
- **စွန့်လွှတ်လာခဲ့သူက ကာမဂုဏ်စည်းစိမ်**
- **စွန့်လွှတ်သင့်ကြောင်း ဟောပြောတာဟာ**
- **သဘောတရားနဲ့လက်တွေ့**
- **တစ်ထပ်တည်းကျတဲ့အတွက်**
- **နာကြားရသူအဖို့လက်ခံကျေနပ်နိုင်တဲ့အပြင်**
- **လိုက်နာကျင့်သုံးဖြစ်ဖို့လည်းမခက်ခဲတော့ပါဘူး။**

စရာမယား မရှိဘဲနဲ့ သား၊ မယားကို စွန့်ပြီး တောထွက်တယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်ပါတော့မလဲ။

'ထီးနန်းစည်းစိမ်နဲ့တကွ သား၊ မယားကိုတောင် စွန့်လွှတ်ပြီး တောထွက်နိုင်တယ်' ဆိုတဲ့ ဂုဏ်ပုဒ်ဟာ တစ်လောကလုံးရဲ့ ညွှတ်ရိုးအားထားရာ ဆရာတစ်ဆူမှာ ရှိသင့်ရှိထိုက်တဲ့ ဂုဏ်ပုဒ်တစ်ခုပါ။ အဲဒီဂုဏ်ပုဒ် ပြည့်စုံဖို့အတွက် အိမ်ထောင်ပြုခြင်း၊ သားတစ်ဦး မွေးခြင်းဟာ ဘုရားဖြစ်မယ့်ဘဝ ဘုရားအလောင်းတော်တိုင်းရဲ့ ဓမ္မတာသဘာဝ အလိုလို ဖြစ်နေရပါတယ်။

'ပရမတ္ထနေက္ခမ္မပါရမီ ဖြည့်ကျင့်ကြောင်း ပြသနိုင်ခြင်း' ဆိုတဲ့အချက်က လူပို့ဘုရား မရှိရခြင်းရဲ့ ဒုတိယအကြောင်းတစ်ခု ဖြစ်ပါတယ်။

မြတ်စွာဘုရား ဘုရားဖြစ်ပြီးနောက် လူသားတွေကို ပထမဦးဆုံး ဟောကြားတဲ့ ဓမ္မစကြာတရားတော်မှာ အစွန်းလမ်းနှစ်

http://www.dhammadownload.com

ဖက်ကို ရှောင်ကြဉ်ပြီး အလယ်လမ်းကနေ လျှောက်လှမ်းရမယ်လို့ ညွှန်ကြားထားပါတယ်။ အစွန်းလမ်းနှစ်ခုကတော့ 'ကာမဂုဏ်ချမ်းသာကို ငြိကပ်စွာ ခံစားတဲ့လမ်း' နဲ့ 'ခန္ဓာကိုယ်ဆင်းရဲအောင် ညှဉ်းဆဲစွာ ကျင့်ကြံတဲ့လမ်း' တို့ပါပဲ။

ပထမအစွန်းလမ်းဖြစ်တဲ့ 'ကာမဂုဏ်ချမ်းသာကို ငြိကပ်စွာ ခံစားတဲ့လမ်း' ကို မြတ်စွာဘုရားရှင်က 'ယုတ်ညံ့တယ်၊ သာမန်လူတွေရဲ့ အကျင့်၊ ကိလေသာထူပြောသူတွေရဲ့ အလုပ်၊ သန့်စင်မြင့်မြတ်ခြင်းနဲ့ မထိုက်တန်၊ စစ်မှန်တဲ့ အကျိုးစီးပွားအနှစ်ကို မဖြစ်ထွန်းစေနိုင်' လို့ ကဲ့ရဲ့ရှုတ်ချထားပါတယ်။

တကယ်လို့သာ မြတ်စွာဘုရားရှင်က လူပျိုကြီးဘဝနဲ့တောထွက်၊ ရဟန်းပြုပြီး ဘုရားဖြစ်ခဲ့တာဆိုရင် 'သူ မခံစားဖူးတိုင်း ကာမဂုဏ်ချမ်းသာကို အပြစ်လျှောက်ပြောနေတာပဲ၊ သူ မခံစားရတိုင်း ကာမဂုဏ်စည်းစိမ်ကို ကဲ့ရဲ့ရှုတ်ချနေတာပဲ၊ ကာမဂုဏ်ချမ်းသာရဲ့ အပြစ်ကို သူ ဘယ်လောက်နားလည်လို့လဲ၊ ကာမဂုဏ်စည်းစိမ်ရဲ့ ဆိုးကျိုးကို သူ ဘယ်လောက် သဘောပေါက်လို့လဲ' လို့ ဉာဏ်နုံ့သူတွေ၊ မာတ်ခံညံ့သူတွေရဲ့ အပြစ်ထောက်ပြစရာ ဖြစ်နေပါလိမ့်မယ်။ အပြစ်ထောက်ပြပြီး မယုံမကြည်ဖြစ်နေတဲ့အတွက် သူတို့ ရသင့်ရထိုက်တဲ့ တရားထူးတရားမြတ်တွေလည်း လက်လွတ်ဆုံးရှုံးသွားမှာပါ။

ကြင်ရာတော်မိဖုရားနဲ့ ထီးနန်းစည်းစိမ် ခံစားပြီးမှ တောထွက်လာခဲ့တာဆိုတော့ 'ဪ . . . ကာမဂုဏ်စည်းစိမ်ကို အထွတ်အထိပ်ရောက်အောင် သူခံစားခဲ့ပြီးပြီပဲ၊ ကာမဂုဏ်စည်းစိမ်ရဲ့

http://www.dhammadownload.com

အပြစ်ကို သူ တကယ်မြင်လို့သာ တောထွက်ခဲ့တာပေါ့။ ကာမဂုဏ်ချမ်းသာ ခံစားတဲ့အလုပ်နဲ့ သံသရာက မလွတ်နိုင်ဘူးဆိုတာ သူ တကယ်သိလို့သာ အဲဒါတွေ အကုန်လုံးကို စွန့်လွှတ်ခဲ့တာပေါ့'လို့ မြတ်စွာဘုရားရှင်ရဲ့ စကားတော်ကို လက်တွေ့က ပေါက်ဖွားလာတဲ့ စကားမှန်း ယုံကြည်သက်ဝင်သွားကြပါတယ်။

ကြီးကျယ်ခမ်းနားတဲ့ ကာမဂုဏ်စည်းစိမ်တွေ စွန့်လွှတ်လာခဲ့သူက ကာမဂုဏ်စည်းစိမ် စွန့်လွှတ်သင့်ကြောင်း ဟောပြောတာဟာ သဘောတရားနဲ့လက်တွေ့ တစ်ထပ်တည်းကျတဲ့အတွက် နာကြားရသူအဖို့ လက်ခံကျေနပ်နိုင်တဲ့အပြင် လိုက်နာကျင့်သုံးဖြစ်ဖို့လည်း မခက်ခဲတော့ပါဘူး။ ဒါဆိုရင် လက်ခံလိုက်နာသူအနေနဲ့ ကာမဂုဏ်ချမ်းသာထက် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် သာလွန်ကောင်းမြတ်တဲ့ နိဗ္ဗာန်ချမ်းသာကို အလွယ်တကူနဲ့ ခံစားခွင့် ရရှိသွားပြီပေါ့။

'ကာမဂုဏ်ခံစားတဲ့လမ်းဟာ နိဗ္ဗာန်မရောက်စေနိုင်တဲ့ အစွန်းလမ်းဖြစ်ကြောင်း လက်တွေ့ပြသနိုင်ခြင်း' ဆိုတဲ့အချက်က လူပျိုဘုရား မရှိရခြင်းရဲ့ တတိယအကြောင်းတစ်ခု ဖြစ်ပါတယ်။

ကာမဂုဏ်ချမ်းသာဆိုတာ အရိယသစ္စာရှုထောင့်က ကြည့်ရင်သာ 'မကောင်းဘူး၊ ယုတ်ညံ့တယ်' လို့ဆိုရပေမယ့် ကမ္မသစ္စာရှုထောင့်က ကြည့်ရင်တော့ ကုသိုလ်ဘုန်းကံရှိမှ ခံစားခွင့်ရတာပါ။ ကုသိုလ်ဘုန်းကံ အားနည်းရင် အဆင့်နိမ့်တဲ့ ကာမဂုဏ်ချမ်းသာတွေလောက်ပဲ ခံစားခွင့်ရပါတယ်။ ကုသိုလ်ဘုန်းကံ အားကြီးမှ အဆင့်မြင့်တဲ့၊ အထက်တန်းကျတဲ့ ကာမဂုဏ်ချမ်းသာတွေ

http://www.dhammadownload.com

ခံစားခွင့်ရတာပါ။

ဒါယိကာမတစ်ဦးက သူ ရေထဲကနေ ဆယ်ယူမွေးမြူထားတဲ့ ဇင်္ဂလကလေးငယ်ကို အရှင်မဟာကစ္စာနထံ အပ်နှံလှူဒါန်းတော့ အရှင်မဟာကစ္စာနက 'ဒီကလေးငယ်မှာ ကာမဂုဏ်ချမ်းသာ ခံစားထိုက်တဲ့ ကုသိုလ်ဘုန်းကံ ပါသလား၊ မပါဘူးလား' ဆိုတာ အဘိညာဉ်တန်ခိုးနဲ့ ကြည့်ရှုပြီး ပါမှန်းလည်းသိရော တက္ကသိုလ်ပြည်က တပည့်ရင်း သူဌေးတစ်ဦးထံ သားအဖြစ် မွေးစားဖို့ ပို့ပေးတော်မူခဲ့ဖူးပါတယ်။

မြတ်စွာဘုရားအလောင်းတော်ဟာ သတ္တဝါအားလုံး ပြုထားတဲ့ ကုသိုလ်ကောင်းမှု အားလုံးပေါင်းထက်တောင် အဆပေါင်းများစွာ သာလွန်တဲ့ ကုသိုလ်ကောင်းမှုတွေ ပြုထားတာမို့ ကာမဂုဏ်ချမ်းသာကို အဆင့်အတန်းအမြင့်ဆုံး၊ အထက်တန်းအကျဆုံး ခံစားလိုက်ခြင်းအားဖြင့် လူသားတစ်ဦးရဲ့ လူရည်လူသွေးပြည့်စုံခြင်း၊ လူ့ဂုဏ်ပုဒ် ပြည့်ဝခြင်း၊ ကုသိုလ်ဘုန်းကံ ကြီးမားခြင်းကို သက်သေထူပြီးသား ဖြစ်သွားပါတယ်။

'ကုသိုလ်ဘုန်းကံ ဟာကွက်မရှိအောင် ပြည့်စုံကြောင်း ပြသနိုင်ခြင်း' ဆိုတဲ့အချက်က လူပျိုဘုရား မရှိရခြင်းရဲ့ စတုတ္ထအကြောင်းတစ်ခုဖြစ်ပါတယ်။

အခုပြောခဲ့တဲ့ အချက်(၄)ချက်က နမူနာအနေနဲ့ အဓိကကျတာတွေကို ရွေးထုတ်ပြောပြခဲ့တာပါ။ ဒေသနာတော်ပေါင်းစုံနဲ့ နှိုင်းချိန် ဆက်စပ်ပြီး ဉာဏ်ရှိရင်ရှိသလို အကြောင်းပြချက်အမျိုးမျိုး ထုတ်ဖော်ကြည့်ညှိနိုင်ပါသေးတယ်။

http://www.dhammadownload.com

အဲဒီတော့ ဒကာမာဂျေရယ် . . . မြတ်စွာဘုရားအ လောင်းတော်အပေါ် မနာလို မရှိလိုက်ပါနဲ့ . . .။ လေးအသင်္ချေ နဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘဝပေါင်းများစွာ အပင်ပန်းခံ၊ အဆင်းရဲခံပြီး စွန့်လွှတ်ခြင်းကြီးပေါင်းများစွာနဲ့ သတ္တဝါအများ အတွက် ပါရမီတော်တွေ မနေမနား ဖြည့်ကျင့်တော်မူခဲ့ရတဲ့ မြတ် စွာဘုရား အလောင်းတော်ကို နောက်ဆုံးဘဝ တောမထွက်ခင် ခေတ္တခဏလေးတော့ နားနားနေနေ အပန်းတော်ဖြေခွင့် ပြုလိုက် ပါနော် . . .။ ကြည်ကြည်ဖြူဖြူ ခွင့်ပြုလိုက်ပါ . . .။

ဘုန်းကြီးလောကမှာ တောထွက်ဘုန်းကြီးထက် ငယ်ဖြူ ဘုန်းကြီးက ပိုပြီး ကြည်ညိုစရာကောင်းတယ် ဆိုပေမယ့် ဘုရား လောကမှာတော့ တကယ်လို့ ငယ်ဖြူဘုရား ရှိခဲ့ရင်တောင်မှ ကြည် ညိုရတာ ဟာတာတာ၊ ပေါ့ရွှတ်ရွှတ်နဲ့ တစ်ခုခုလိုသလို ဖြစ်နေမှာ သေချာပါတယ်။ တစ်လောကလုံးရဲ့ နံပါတ်တစ်ပုဂ္ဂိုလ်ဆိုတာ ဟာ ကွက်၊ လိုကွက် လုံးဝ မရှိသင့်ဘူးလေ။

ကမ္ဘာ့တချို့နိုင်ငံတွေမှာ လူပျိုသမ္မတတွေ၊ လူပျိုဝန်ကြီး ချုပ်တွေ ရှိပါတယ်။ ဘယ်လောက်ပဲ အရည်အချင်းရှိရှိ ပြည်သူတွေ အနေနဲ့ အားကိုးရတာ အားတစ်မျိုး လိုနေသလိုပါပဲ။ အိမ်ထောင် ရှင် အကြီးအကဲလောက် လေးနက်သိပ်သည်းမှု မရှိတာ အမှန်ပါ။

ငယ်ဖြူဘုရား တစ်ဆူမှ မရှိပေမယ့် ဘုရားတိုင်းကတော့ သူတို့ရဲ့ သာသနာတော်မှာ ငယ်ဖြူရဟန်းကိုပဲ ပိုပြီး လိုလားတော်မူ ပါတယ်။ တပည့်သာဝကတွေအနေနဲ့ကတော့ သားကျွန်၊ မယား ကျွန် ဆိုတဲ့ အိမ်ထောင်ရှင်ဘဝမျိုးကနေ ဝေးလေကောင်းလေပါပဲ။

http://www.dhammadownload.com

အိမ်ထောင်နှံ့တွင်း မသက်ဆင်းမီ လူပျိုဘဝနဲ့ ရဟန်းပြုစေချင်တာကို ကြည့်ပြီး ဘုရားရှင်တွေအပေါ် 'ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့' ဆိုတဲ့ ဝါဒကျင့်သုံးတယ်လို့ ကဲ့ရဲ့ရင်တော့ အမှားကြီး မှားပါလိမ့်မယ်။ ငယ်ဖြူ လူပျိုရဟန်းတွေရော၊ ကြီးဖြူ တောထွက်ရဟန်းတွေရော၊ ရဟန်းအားလုံးကို ဦးစီးဦးဆောင်ပြုရမယ့်ပုဂ္ဂိုလ်အနေနဲ့ကတော့ ဟာကွက်၊ လိုကွက် မရှိအောင် အဘက်ဘက်က ပြည့်စုံသင့်တယ် မဟုတ်လား။


တချို့ ကိုယ်အိမ်ထောင်ပြုချင်တာနဲ့ပဲ၊ ကိုယ်အိမ်ထောင်မပြုရ မနေနိုင်တာနဲ့ပဲ 'ဘုရားတောင်မှ လူပျိုဘုရား မရှိဘူး၊ တောမထွက်ခင် အိမ်ထောင်ပြုရသေးတယ်' လို့ ဘုရားကို ခုတုံးလုပ်ပြီး အကြောင်းပြတာကတော့ ဘုရားကို နှိမ့်ချစော်ကားရာ ရောက်ပါတယ်။ ကိုယ်က ဒီဘဝ ဘုရားဖြစ်မယ့်သူမှ မဟုတ်တာ၊ ဘုရားနဲ့ လုံးဝ မနှိုင်းသင့်ပါဘူး။

'ဘုရားဆုပန်' လို့ ကိုယ့်ကိုယ်ကိုယ် အထင်ရောက်ပြီး ဘုရားကို တုချင်သပဆိုရင်လည်း အခုလို ဘုရားသာသနာတော်ကြီးနဲ့ ပက်ပင်းကြုံနေတဲ့အခိုက်မှာ တကယ့်ဘုရားအလောင်းတွေ၊ ဘုရားလောင်းအစစ်တွေဟာ လူပျိုဘဝနဲ့ပဲ ရဟန်းပြုမလား၊ အိမ်ထောင်ပြုပြီးတော့ပဲ ကာမဂုဏ်ချမ်းသာ ခံစားမလားဆိုတာ ဘုရားသာသနာတွေနဲ့ ပက်ပင်းကြုံခဲ့ဖူးတဲ့ ဘုရားအလောင်းတော်ရဲ့ ဘဝဖြစ်တည်မှုတွေနဲ့ နှိုင်းယှဉ်စဉ်းစား ကြည့်သင့်ပါကြောင်း . . . ။

ကြည်လင်စွာကြည်ညိုတတ်ကြပါစေ။


[မဇ္ဈိမစာစု၊ ဇူလိုင်၊ ၂၀၀၄။]

http://www.dhammadownload.com



အချစ်ကံကောင်းစေတဲ့
အဓိကအကျဆုံး
အကောင်းကံကတော့
မေတ္တာတရား
လက်ကိုင်ထားခြင်းပါပဲ။
သူတစ်ပါးအပေါ်
စစ်မှန်သန့်စင်တဲ့
မေတ္တာတရားတွေ
များများပေးနိုင်လေ
ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ပြီး
ကံအကျိုးပေး
ပိုကောင်းလေပါပဲ။
မေတ္တာကြီးလေ
အချစ်ကံကောင်းလေပေါ့။

http://www.dhammadownlo



http://www.dhammadownload.com

အရှင်ဘုရား . . . .

ဥပုသ်မယူသေးခင် သနပ်ခါးလိမ်းခြင်း၊ ပန်းပန်ခြင်း၊ ရေမွှေး ဆွတ်ဖျန်းခြင်း ပြုလုပ်လို့ရပါသလား ဘုရား။ ဒီလိုပြုလုပ်ရင် ဥပုသ်ကျိုးနိုင်၊ မကျိုးနိုင် အထင်အရှား မိန့်ကြားတော်မူပါဘုရား။

**ကိုအောင်ဆန်းဌေး မိတ္ထီလာမြို့**

ဒကာအောင်ဆန်းဌေးရေ . . . .

ပိဋကတ်အဆိုအမိန့်တွေ၊ ရှေးထုံးသာဓကတွေကို မကိုးကားဘဲ ရိုးရိုးရှင်းရှင်းလေး စဉ်းစားကြည့်လိုက်ရုံနဲ့ . . . . ဥပုသ်စောင့်ဖို့ ရည်ရွယ်ထားသူတစ်ယောက်ဟာ ဥပုသ်မယူခင်မှာ ကြိုတင်ပြီး သနပ်ခါးလိမ်းခြင်း၊ မိတ်ကပ်လူးခြင်း၊ ရေမွှေးဆွတ်ခြင်း၊ ပန်းပန်ခြင်း မပြုလုပ်သင့်ဘူး . . . . ဆိုတာ သိသာထင်ရှားပြီးသားပါ။

ဥပုသ်မယူခင်လိမ်းတာ၊ ပန်တာမို့ ဥပုသ်မကျိုးနိုင်ပါဘူးလို့ ဆင်ခြေပေးတာဟာ ဝိနည်းရှောင်တဲ့သဘောနဲ့ ကလိမ်ကကျစ်လုပ်လိုက်တာပါပဲ။ ဝိနည်းဥပဒေကို လက်တစ်လုံးခြား လှည့်ပတ်တတ်တဲ့ အဲဒီစိတ်ထားဟာ ရိုးသားမှုမရှိတဲ့ စိတ်ထားပါ။

ဥပုသ်မယူခင် ပန်းပန်ထားတယ် ဆိုပါစို့။ ဥပုသ်ယူပြီးတဲ့နောက် အဲဒီပန်းကို ဖြုတ်မပစ်ဘူးဆိုရင် အဲဒီဥပုသ်သည်ကို ပန်းပန်ထားသူလို့ ပြောမလား၊ ပန်းပန်မထားသူလို့ ပြောမလား၊ 'ပန်းပန်ထားသူ' လို့ပဲ ပြောရမှာပါ။

ဥပုသ်မယူခင်က ပန်ထားတာမို့ 'ကျွန်မ ပန်းမပန်ပါဘူး၊ ပန်းက ကျွန်မခေါင်းပေါ်ကနေ သူ့ဘာသာသူ မဆင်းတာပါ' လို့

http://www.dhammadownload.com

ငြင်းပယ်ခွင့် မရှိပါဘူး။ ငြင်းပယ်ခဲ့ရင်လည်း သူ့လောက် ကလိမ်ကကျစ်လုပ်တဲ့ ဥပုသ်သည် ရှိမှာမဟုတ်တော့ပါဘူး။

ဥပုသ်ကိစ္စမှာတောင် ကလိမ်ကကျစ် လုပ်ရဲမှတော့ တခြားကိစ္စတွေမှာလည်း ကလိမ်ကကျစ်လုပ်ဖို့ ဝန်လေးမှာ မဟုတ်တော့ပါဘူး။ (ပန်းက ခေါင်းပေါ်ကနေ ဘယ်ဆင်းပါ့မလဲ၊ ကလစ်နဲ့အသေအချာ ညှပ်ထားတဲ့ ဥစ္စာ။)

ဥပုသ်မယူခင် ပန်ထားတဲ့ ပန်းကို ဥပုသ်ယူပြီးနောက် ဖြုတ်မပစ်ဘဲ ဆက်ပန်ထားတာဟာ ပန်းပန်တာမဟုတ်လို့ ဘာမျှားပါလိမ့်။ ဥပုသ်မယူခင် ပန်တာ ဘာအပြစ်မှ မရှိပေမယ့် ဥပုသ်ယူပြီးနောက် ဆက်ပန်ထားရင်တော့ အပြစ်ရှိပါတယ်၊ ဥပုသ်ကျိုးကိုကျိုးပါတယ်။

ပန်ထားတဲ့ပန်းကို ဖြုတ်မပစ်သေးသရွေ့ ပန်းပန်ခြင်းကိစ္စ အထမြောက်နေပါတယ်။ စ, ပန်တဲ့ အချိန်အခိုက်အတန့်လေးကိုသာ ပန်းပန်တယ်လို့ ခေါ်တာ မဟုတ်ပါဘူး၊ ခေါင်းပေါ်မှာ ပန်းရှိနေသမျှ ကာလပတ်လုံး ပန်းပန်တယ်လို့ ခေါ်ပါတယ်။

မနက်ပိုင်းက ပန်ထားတဲ့ပန်းကို ဆံကေသာမှာ ဆင်မြန်းထားဆဲဖြစ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ညနေပိုင်းမှာတွေ့လို့ 'ဟယ် . . . နင်ပန်ထားတဲ့ ပန်းကလေးက လှလိုက်တာ' လို့ ပြောတာကို 'ကျွန်မ ပန်းမပန်ထားပါဘူး' လို့ ငြင်းရင် ငြင်းတဲ့ မိန်းကလေးသာ ရယ်စရာဖြစ်သွားမှာပေါ့။

သနပ်ခါးလိမ်း၊ မိတ်ကပ်လူး၊ ရေမွှေးဆွတ်တာတွေလည်း နည်းတူပါပဲ။ ဥပုသ်မယူခင် လိမ်းထားတဲ့ သနပ်ခါး၊ မိတ်ကပ်က

http://www.dhammadownload.com

ဥပုသ်ယူပြီးတာနဲ့ အလိုအလျောက် ပျက်သွားရင်တော့ လိမ်းကောင်း လိမ်းသင့်ပါလိမ့်မယ်။ ဥပုသ်မယူခင် ဆွတ်ထားတဲ့ ရေမွှေးက ဥပုသ်ယူပြီးတာနဲ့ သူ့ဘာသာသူ ရန့်ပြယ်သွားရင်တော့ ဆွတ်ကောင်း ဆွတ်သင့်ပါလိမ့်မယ်။

အခုတော့ . . . . သနပ်ခါး၊ မိတ်ကပ်ကလည်း အသားမပျက်၊ ရေမွှေးကလည်း ရန့်မပြယ်တဲ့အတွက် အဲဒီဥပုသ်သည် အဲဒီ သနပ်ခါး၊ မိတ်ကပ်၊ ရေမွှေးတွေအပေါ် သာယာမှု၊ နှစ်သက်သဘောကျမှု ဖြစ်သွားရရှာပါတယ်။

ဥပုသ်ရဲ့ အနှစ်သာရက 'ကိလေသာငြိမ်းအေးခြင်း' ဖြစ်တဲ့အတွက် ကိလေသာမငြိမ်းအေးတဲ့ အဲဒီဥပုသ်သည် ဥပုသ်မကျိုးတောင်မှ ဥပုသ်ညှိုးသွားပါပြီ။ ဥပုသ်မပျက်တောင်မှ ဥပုသ်အက်သွားပါပြီ။ ဒါက အားနာလို့လျှော့ပေါ့ပြောတာပါ။ ဥပုသ်မယူခင်က လိမ်းကျံဆွတ်ဖျန်းထားတဲ့ အမွှေးနံ့သာတွေကို ဥပုသ်ယူပြီးနောက်ပိုင်း ဆက်လက်ထိန်းသိမ်းထားတာဟာ ဥပုသ်ကြီးနဲ့ အမွှေးနံ့သာတွေကို လက်ခံအသုံးပြုနေရာရောက်လို့ ဥပုသ်ကျိုးကိုကျိုးပါတယ်။

ဒီနေရာမှာ တစ်ခုတော့ မေးစရာရှိပါတယ်။ ဘုရားလောင်း ပဋိသန္ဓေယူမယ့် ဝါဆိုလပြည့်နေ့မှာ မယ်တော်မာယာ ဥပုသ်စောင့်တော့ ဥပုသ်မယူခင် နံ့သာရေတွေနဲ့ ရေချိုးခဲ့တာပဲ မဟုတ်လား . . . လို့။

ဟုတ်ပါတယ်၊ နံ့သာရေတွေနဲ့ ရေချိုးခဲ့ပါတယ်။ ဒါပေမဲ့ နံ့သာရေနဲ့ ရေချိုးတယ်ဆိုတာ အခုခေတ်လို ပြောရင်တော့ အမွှေးဆပ်ပြာတိုက်ပြီး ရေချိုးတာပါ။ သနပ်ခါး လိမ်းတာမျိုး၊ နံ့သာ

http://www.dhammadownload.com

ပျောင်း နို့သာနှစ် (မိတ်ကပ်လိုအရာ) လူးတာမျိုး လုံးဝ မဟုတ်ပါဘူး။

ဘုရားလောင်း မဟာသုဒဿနစကြာမင်း စကြာရတနာ ဆိုက်ရောက်မယ့်နေ့မှာ နို့သာရေအိုး ၁၆ လုံးနဲ့ ရေချိုးပြီး ဥပုသ်စောင့်တယ်ဆိုတာလည်း ဆပ်ပြာခဲအမွှေးနဲ့ ရေချိုးတဲ့သဘော သက်သက်မျှသာ ဖြစ်ပါတယ်။ နို့သာလိမ်းခြင်း၊ နို့သာပျောင်းလူးခြင်း လုံးဝ မဟုတ်ပါဘူး။

မယ်တော်မာယာတို့ မဟာသုဒဿနစကြာမင်းတို့ ဥပုသ်မယူခင် နို့သာရေချိုးတာကို ကိုးကားပြီး ဥပဒေလက်တစ်လုံးခြား သနပ်ခါး ကြိုလိမ်းမယ်၊ မိတ်ကပ်ကြိုလူးမယ်၊ ရေမွှေးကြိုဆွတ်မယ် ဆိုရင်တော့ ဥပုသ်ကျိုးပြီး 'ထော့နဲ့ထော့နဲ့ ဥပုသ်သည်' ပဲ ဖြစ်သွားပါလိမ့်မယ်။

တချို့က 'ဆေးအဖြစ်နဲ့ လိမ်းတာပါ' လို့ အကြောင်းပြကြပါတယ်။ အရင်နေ့တွေက အလှအပအတွက် လိမ်းလာခဲ့ပြီး ဥပုသ်နေ့ကျမှ 'ဆေးအဖြစ်နဲ့' လို့ အကြောင်းပြတာကတော့ ကိုယ့်ကိုယ်ကိုယ်ကိုရော၊ သီလတရားကိုပါ လှည့်စားရာရောက်လွန်းမနေဘူးလား။ ဥပုသ်သည်ရဲ့ မျက်နှာ သနပ်ခါးအဖွေးသားဖြစ်နေတာကတော့ အမြင်လေးရယ်မှ အိုမတော်ပါပဲကွယ်။

တကယ်ဆို ဒီကိစ္စနဲ့ ပတ်သက်ပြီး စာပေအထောက်အထားတွေ၊ ဘာတွေ အထွေအထူး ရှာဖွေနေစရာတောင် မလိုပါဘူး။ ဥပုသ်ရဲ့ အဓိပ္ပာယ်၊ ဥပုသ်ရဲ့ အနှစ်သာရကို နားလည်ရုံနဲ့ ကိစ္စပြီးပါတယ်။

http://www.dhammadownload.com

'ဥပုသ်' ဆိုတဲ့ စကားလုံးက 'စိတ်ကောင်းစိတ်မြတ်၊ ခတ်ကောင်းခတ်မြတ်တွေနဲ့ ပြည့်စုံစွာ နေထိုင်ခြင်း' လို့ အဓိပ္ပာယ်ရပါတယ်။ ဥပုသ်ရဲ့ အနှစ်သာရကတော့ 'ကိလေသာငြိမ်းအေးခြင်း' ပါ။

မွေးရန့်တွေ ထုံသင်းနေတဲ့ ခန္ဓာကိုယ်နဲ့ စိတ်ကောင်းစိတ်မြတ်တွေ ပြည့်စုံမလား၊ စိတ်ဆိုးစိတ်ယုတ်တွေ ပြည့်စုံမလား ဆိုတာ ကိုယ့်ဘာသာကိုယ် ဆင်ခြင်ကြည့်ရင် သိနိုင်ပါတယ်။

ဒီနေရာမှာ 'စိတ်ဆိုးစိတ်ယုတ်' ဆိုတာ ဟိုလိုစိတ်ဆိုးစိတ်ယုတ်ကို ပြောတာမဟုတ်ပါဘူး။ ခြယ်သထားတဲ့ အလှအပတွေ၊ ဆွတ်ဖျန်းထားတဲ့ အမွှေးအထုံတွေအပေါ် ကျေနပ်နှစ်သက်တဲ့စိတ်ကို ပြောတာပါ။ အသေးအမွှားသာယာမှုလေးသည်ပင် ဥပုသ်သည်တစ်ယောက်ရဲ့ ဥပဒေမှာတော့ 'စိတ်ဆိုးစိတ်ယုတ်' ပါပဲ။ (ကိလေသာ = စိတ်ဆိုး စိတ်ယုတ်။)

'စိတ်ကောင်းစိတ်မြတ်' ဆိုတာကတော့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတွေနဲ့ ထုံမွမ်းထားတဲ့ စိတ်ကို ပြောတာပါ။ အလွယ်ပြောရရင်တော့ 'ဘာဝနာစိတ်'ပေါ့။ 'ဥပုသ်သီလ၊ ဥပုသ်သီလ' လို့ ပြောကြပေမယ့် တကယ်တော့ ဥပုသ်ဟာ သီလသက်သက် မဟုတ်ပါဘူး၊ ဘာဝနာလည်း ပါပါတယ်။

'အင်္ဂါရှစ်တန်၊ သီလခံ၍၊ မြိုးခြံအောင့်အည်း၊ တစ်ဖြောင့်တည်းဖြင့်၊ စောင့်စည်းကြိုးကုတ်၊ တရားလုပ်၊ ဥပုသ်စောင့်ဟုခေါ်' ဆိုတဲ့အတိုင်း ကိုယ်နှုတ်လွန်ကျူးမှုနဲ့ ပတ်သက်တဲ့ သိက္ခာပုဒ်ရှစ်ခုကို တစ်ဖက်က စောင့်ထိန်းရင်း စိတ်အလုပ်ဖြစ်တဲ့ ဘာဝနာအလုပ်

http://www.dhammadownload.com

ကို တစ်ဖက်က လုပ်နေတာကိုပဲ ဥပုသ်စောင့်တယ်လို့ ခေါ်ပါတယ်။

စိတ်ကောင်းစိတ်မြတ်၊ ခတ်ကောင်းခတ်မြတ်တွေ တိုးပွားအောင် လုပ်တာကို 'ဘာဝနာ' လို့ ခေါ်တာမို့ ဥပုသ်သည်တစ်ယောက်ဟာ ဥပုသ်ယူပြီးတာနဲ့ ကိုယ့်စိတ်မှာ ဘာကိလေသာမှ ဝင်မလာအောင် တားမြစ်စောင့်ရှောက်ပြီး သတိ၊ သမာဓိ၊ ဉာဏ်စတဲ့ သူတော်ကောင်းတရားတွေ တိုးပွားနေအောင် ပြုလုပ်အားထုတ်ရပါမယ်။ တရားနာ၊ တရားအားထုတ်၊ တရားစာအုပ်ဖတ်စသည်အားဖြင့်ပေ့ါ။

'မျက်နှာပြောင်ကြီးနဲ့ဆို ဘယ်ကောင်းပါ့မလဲ' လို့ တချို့က ပြောကြပါတယ်။ မျက်နှာပြောင်ကြီးဖြစ်နေတာကို မကြိုက်တာက ဒေါသ၊ မျက်နှာပြောင်ကြီး မဖြစ်ဘဲ ဖွေးဥနေတာကို ကြိုက်တာက လောဘ၊ ကဲ . . . . လောဘ၊ ဒေါသ ဖြစ်နေမှတော့ ဥပုသ်ကျိုးပြီပေ့ါ။

ကလိမ်ကကျစ်ဥပုသ်သည်၊ ထော့နဲ့ထော့နဲ့ဥပုသ်သည် မဖြစ်စေရေးအတွက် ကရုဏာမဲ့တဲ့ လူကြီးသံနဲ့ 'နေ့တိုင်း လိမ်းနေ၊ ဆွတ်နေတာပဲကွယ်၊ ဥပုသ်စောင့်တဲ့နေ့လေးတော့ မလိမ်း၊ မဆွတ်ဘဲ နေလိုက်ပါနော်၊ ဒါမှ စင်ကြယ်တဲ့ဥပုသ် ဖြစ်မှာပေ့ါကွဲ့' လို့သာ ဖျောင်းဖျောင်းဖျဖျ နားချလိုက်ချင်ပါတော့တယ်။

သီလနဲ့ ပတ်သက်ပြီး 'ဂရုကလဟုကေသု ဂရုကေ ဌာ-တဗ္ဗံ - အလေး၊ အပေ့ါ အားပြိုင်လာရင် အလေးဘက်က ရပ်တည်ရမယ်' ဆိုတဲ့ ပိဋကတ်အဆိုအမိန့်တစ်ခု ရှိပါတယ်။

http://www.dhammadownload.com

ဥပုသ်မယူခင် လိမ်းကျံခြယ်သတာတွေနဲ့ ပတ်သက်လို့ 'ဥပုသ်ကျိုးတယ်' ဆိုတာက 'အလေး' ဖြစ်ပြီး 'ဥပုသ်မကျိုးဘူး' ဆိုတာက 'အပေါ့' ဖြစ်ပါတယ်။ ဘယ်ဘက်ကရပ်တည်မလဲ ဆိုတာကတော့ ကိုယ့်ရဲ့ သီလမြတ်နိုးစိတ် အနုအရင့်ပေါ်မှာ မူတည်ပြီး ဘာသာဆုံးဖြတ်ရုံပါပဲ။

အမှန်ကတော့ ဒီလိုကိစ္စမျိုးတွေမှာ ကျိုးတယ်၊ မကျိုးဘူး ငြင်းခုံနေမယ့်အစား သိက္ခာပုဒ်ကို အစွန်းအထင်းဖြစ်စေမယ့် သံသယဖြစ်ဖွယ်လုပ်ရပ်မှန်သမျှကို အပြစ်လို့ သတ်မှတ်ပြီး အကင်းရှင်းဆုံး၊ အသန့်စင်ဆုံးဖြစ်အောင် စောင့်ထိန်းတာက သူတော်ကောင်း ပိုပီသပါတယ်။

ဒကာအောင်ဆန်းဌေးရဲ့ ပေးစာထဲမှာ နီးစပ်ရာညီမတွေ၊ အစ်မတွေ၊ ပတ်သက်ရာ ဆွေမျိုးတွေ၊ မိတ်ဆွေတွေကို ဥပုသ်မယူခင် ကြိုလိမ်း၊ ကြိုဆွတ်တာမျိုး မလုပ်ဖို့ ဘယ်လိုမှ ပြောလို့မရဘူးလို့ ညည်းတွားထားတယ်နော်။ တစ်ကြိမ်တစ်ခါ၊ သို့မဟုတ် နှစ်ကြိမ်၊ သုံးကြိမ် ပြောလို့မှ မရရင်တော့ 'သူတို့ထိုက်နဲ့ သူတို့ကံပဲ' လို့နှလုံးသွင်းပြီး ဥပေက္ခာပြု လျစ်လျူရှုထားလိုက်တာ အကောင်းဆုံးပါပဲ။

သူတို့က ဝွတ်ဒ်တယ်ထင်လို့ ဒူးကြတာကို အိုင်တို့က ဘာများတတ်နိုင်မှာတဲ့လဲ။ စာရေးဆရာကြီးတစ်ဦး (ဗန်းမော်တင်အောင်) ရဲ့ လေသံနဲ့ ပြောရရင်တော့ 'ကျွန်တော်ကရော ဘာများတတ်နိုင်ပါဦးမည်နည်း' ပေါ့ ဒကာအောင်ဆန်းဌေးရေ . . . . ။


ဥပုသ်စင်ကြယ်ကြပါစေ။

[အလင်းတန်းဂျာနယ်၊ ဩဂုတ် (၃၀)၊ ၂၀၀၄။]

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com

အရှင်ဘုရား . . . . .

အရှင်ဘုရားရေးတဲ့ 'အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်' ဆောင်းပါးကို ဖတ်ပြီး စိတ်အားထက်သန်မိသလို မမမိုးသက်လှိုင်လို အချစ်ကံခေပြီး သောကပူလောင်ရမှာကိုလည်း စိုးရိမ်ကြောက်ရွံ့နေမိပါတယ်ဘုရား၊ အချစ်ကံကောင်းအောင် ဘယ်လိုပြုမူနေထိုင် ကျင့်သုံးရမယ် ဆိုတာ မိန့်ကြားပေးတော်မူပါဘုရား။

**မယမင်းဇော်၊ ဒုတိယနှစ် - သတ္တဗေဒ။**

မယမင်းဇော် . . .

မယမင်းဇော် က 'အချစ်ကံကောင်းနည်း'ကို သိချင်တယ်ဆိုပါတော့။ လွယ်ပါတယ်၊ ဘာမှမခက်ပါဘူး။ အချစ်ကံကောင်းချင်ရင် 'အချစ်ကံကောင်း' ဆိုတဲ့စကားလုံးကို ရှေ့နောက် ပြောင်းပြန်လှန်လိုက်ရုံပါပဲ။ 'အချစ်ကံကောင်း' ကို ပြောင်းပြန်လှန်လိုက်တော့ 'အကောင်းကံချစ်' ဖြစ်သွားတာပေါ့။ အကောင်းကံချစ်ရင် အချစ်ကံကောင်းပါတယ်။ ဟုတ်တယ်ဟုတ်။

'အကောင်းကံ' ဆိုတာ ကုသိုလ်ကံကို ပြောတာပါ။ 'ကုသိုလ်ကံ' ဆိုတဲ့ နေရာမှာလည်း ကောင်းတဲ့အလုပ်တွေ လုပ်တဲ့ကုသိုလ်ကံရယ်၊ မကောင်းတဲ့အလုပ်တွေရှောင်တဲ့ ကုသိုလ်ကံရယ်လို့ နှစ်မျိုးရှိပြန်ပါတယ်။ ကုသိုလ်အလုပ်လုပ်တဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်အလုပ်ရှောင်တဲ့ ကုသိုလ်ကံ ဆိုပါတော့။

ကောင်းတဲ့ ကုသိုလ်အလုပ်တွေတော့ တစ်ဖက်က အများကြီး လုပ်နေပါရဲ့၊ ဒါပေမဲ့ တစ်ဖက်ကလည်း မကောင်းတဲ့ အကုသိုလ်အလုပ်တွေ နည်းနည်းပါးပါးလုပ်မိနေတယ်ဆိုရင် ကိုယ့်

http://www.dhammadownload.com

ရဲ့ ကုသိုလ်ကံဟာ ပြည့်စုံတဲ့ကုသိုလ်ကံ မဟုတ်တော့ပါဘူး။ ကုသိုလ်ကံ မပြည့်စုံရင် အကျိုးပေးလည်း မပြည့်စုံတော့ပါဘူး။ ဒါကြောင့် အကျိုးပေးဟာကွက်မရှိ ပြည့်စုံချင်ရင် ကောင်းတာလုပ်တဲ့ ကုသိုလ်ကံရော၊ မကောင်းတာ ရှောင်တဲ့ ကုသိုလ်ကံရော၊ ကုသိုလ်ကံ နှစ်မျိုးလုံး ပြည့်စုံအောင် ကြိုးစားဖို့ လိုအပ်ပါတယ်။

'အကောင်းကံ' ဆိုတဲ့ စကားလုံးနဲ့ပဲ ကိုင်ပြီးပြောတာ ပိုကောင်းပါတယ်။ 'ကုသိုလ်ပြုအကောင်းကံ' ရယ်၊ 'အကုသိုလ်ရှောင်အကောင်းကံ' ရယ်၊ အဲဒီအကောင်းကံ နှစ်မျိုးကို ချစ်ရင်၊ အဲဒီအကောင်းကံနှစ်မျိုးနဲ့ ပြည့်စုံအောင်ကြိုးစားရင်၊ အဲဒီ အကောင်းကံနှစ်မျိုး ပြည့်စုံနေရင် အချစ်ကံ သေချာပေါက် ကောင်းပါတယ်။

'အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်' ဆောင်းပါးကို သေချာ ပြန်ဖတ်ကြည့်ရင် ဘယ်လိုအကုသိုလ်ကံကြောင့် အချစ်ကံခေရတယ် ဆိုတာ တွေ့ရပါလိမ့်မယ်။ အချစ်ကံခေစေတဲ့ အကုသိုလ်ကံကို ရှောင်ကြဉ်လိုက်ရင် အချစ်ကံကောင်းသွားပြီပေါ့။ (တစ်ခေါက်လောက်တော့ ဖတ်ဖြစ်အောင် ပြန်ဖတ်ကြည့်စေချင်ပါတယ်။)

လောကမှာ အဆိုးတွေ ကြုံကြုံနေရတယ်ဆိုတာ အကောင်းကံ မရှိလို့ မဟုတ်ပါဘူး၊ အဆိုးကံ ရှိနေလို့ပါ။ အဆိုးကံသာ မရှိရင် အဆိုးတွေ လုံးဝ မကြုံတွေ့ရပါဘူး။ အဆိုးမကြုံတွေ့ချင်သူ တစ်ယောက် အဓိကလုပ်ရမယ့် အလုပ်ကတော့ အဆိုးကံ ရှောင်ကြဉ်တဲ့အလုပ်ပါပဲ။

အချစ်နဲ့ ပတ်သက်ပြီး အဆိုးကြုံတွေ့ရတယ်ဆိုတာ အ

http://www.dhammadownload.com

ချစ်နဲ့ ပတ်သက်တဲ့ အဆိုးကံတွေ အတိတ်က ကျူးလွန်ခဲ့လို့ပါ။ 'အတိတ်က' ဆိုတဲ့နေရာမှာ ရှေးယခင်ဘဝတွေက အတိတ်လည်း ပါဝင်သလို ယခု ဘဝရဲ့ ရှေ့ပိုင်းအတိတ်တွေလည်း ပါဝင်ပါတယ်။

အချစ်ကံခေစေတဲ့ အဓိကအကျဆုံး အဆိုးကံကတော့ အချစ်ရေးမှာ သစ္စာမရှိခြင်း၊ တစ်နည်းအားဖြင့် အချစ်ရေး ဖောက်ပြန်ခြင်းပါပဲ။ ကိုယ့်ချစ်သူ၊ ကိုယ့်အိမ်ထောင်ဖက်အပေါ်မှာ သစ္စာမရှိဘဲ တခြားတစ်ယောက်၊ သို့မဟုတ် တခြားအယောက်များစွာနဲ့ ဖောက်ပြန်နေတာဟာ အချစ်ကံခေစေတဲ့ အဆိုးကံကို ထူထောင်နေတာပါ။ အဲဒီကံ အကျိုးပေးတဲ့ဘဝ သေချာပေါက် အချစ်ကံခေမှာပါပဲ။

အချစ်ကံမခေစေချင်ဘူး၊ အချစ်ကံကောင်းချင်တယ် ဆိုရင် အချစ်ရေးမှာ သစ္စာရှိဖို့ လိုအပ်ပါတယ်။ ကိုယ့်မှာ 'ချစ်တယ်'လို့ ဖွင့်ပြောထားပြီးသား တရားဝင်ချစ်သူရှိပါလျက် တခြားတစ်ယောက်နဲ့ အီစီကလီလုပ်တာမျိုး၊ ဘာလိုလို ညာလိုလိုရောတာမျိုး ရှောင်ကြဉ်ရပါမယ်။

တစ်ဖက်သားအပေါ် ရင်ထဲက တကယ်မချစ်ပါဘဲ ချစ်ဟန်ဆောင်တာမျိုး၊ တစ်ဖက်သား ကိုယ့်အပေါ် ကြွေသွားအောင် စ,တာ နောက်တာမျိုး၊ တစ်ဖက်သားရင်ထဲမှာ ကိုယ့်ကိုခံစားသွားရအောင် ကလိတာ, ရိတာမျိုး၊ အပျော်သဘောနဲ့ လူတကာ အသည်း လှည့်ပတ်ခွဲတာမျိုး၊ အပေါင်းအသင်းတွေကြား တလွဲဂုဏ်ယူချင်စိတ်နဲ့ မြှာပွေတာ၊ ရှုပ်တာမျိုး၊ ရည်းစားတွေထည်လဲတွဲပြီး အပျော်ကြံတာမျိုး၊ 'ပုံလာလာ ပြောတိုင်းယုံ' တတ်တဲ့ အယုံလွယ်

http://www.dhammadownload.com

သူတွေအပေါ် ပုံပြောကောင်းပြီး မျက်နှာများတာမျိုး၊ 'မဆွတ်ခင်က ညွတ်ချင်' နေတဲ့ အညှာလွယ်သူတွေအပေါ် ပလီပလာချွဲနွဲ့ပြီး ကျောရရုံ ကြံတာမျိုး၊ တစ်သက်တာယုံမှတ်လို့ အရှက်ပါပုံအပ်သူတွေအပေါ် 'စားပြီး နားမလည်' မသိချင်ယောင်ဆောင်တာမျိုး၊ လက်မထပ်သေးခင် အချစ်နယ်ကျွံပြီး ကြိုပွဲဝင့်ရိုက်တာမျိုး . . . စတဲ့ . . . စတဲ့ 'အချစ်သူခိုး' အလုပ်တွေအကုန်လုံးကို တည်ကြည်ခိုင်ခံ့တဲ့ စိတ်ဓာတ်နဲ့ မြင့်မြတ်စွာ ရှောင်ကြဉ်နိုင်ရပါမယ်။ ဒါတွေက အိမ်ထောင်မကျသေးသူ လူပျို၊ အပျိုတွေအတွက် ပြောတာပါ။

အိမ်ထောင်ကျပြီးသူတွေအနေနဲ့ကတော့ အခုပြောခဲ့တဲ့ အချစ်ရေးဖောက်ပြန်ခြင်းကိုသာမက အိမ်ထောင်ရေးဖောက်ပြန်ခြင်းကိုပါ ရှောင်ကြဉ်ကြရပါမယ်။ တရားဝင်ထိမ်းမြားလက်ထပ်ထားတဲ့ ကာမပိုင်ပုဂ္ဂိုလ်ကလွဲရင် ဘယ်သူတစ်ဦးတစ်ယောက်နဲ့မှ ကာမဂုဏ်မှားယွင်းမှု၊ အပျော်အပါးလိုက်စားမှု မပြုရပါဘူး။ ကိုယ့်အိမ်ထောင်ဖက် စိတ်အနှောင့်အယှက် ဖြစ်စေမယ့်၊ အချစ်ဥပဒေနဲ့ ငြိစွန်းတဲ့ အပြောအဆို၊ အပြုအမူ မှန်သမျှ လုံးဝကင်းရှင်းအောင် နေထိုင်ကြရပါမယ်။

ကာမေသုမိစ္ဆာစာရကံ (ကာမဂုဏ်မှားယွင်းမှုကံ)နဲ့ ပရဒါရကံ (သူတစ်ပါးသားမယား ပြစ်မှားမှုကံ)ကို ကိုယ်နဲ့၊ နှုတ်နဲ့သာမက စိတ်နဲ့ပါ ရှောင်ကြဉ်နိုင်လေ၊ အချစ်ကံကောင်းလေပါပဲ။

အချစ်ကံခေစေတဲ့ နောက်အဆိုးကံတစ်ခုကတော့ အချစ်သဝန်တိုခြင်း၊ သို့မဟုတ် ချစ်သဝန်ကြောင်ခြင်းပါပဲ။ ကိုယ်ချစ်တဲ့သူက တခြားတစ်ယောက်၊ သို့မဟုတ် တခြားအယောက်ပေါင်း

http://www.dhammadownload.com

များစွာအပေါ် ကျယ်ပြန့်သန့်ရှင်းတဲ့ ချစ်ခြင်းမေတ္တာတွေ မျှဝေပေးနေတာအပေါ် မနာလို မရှုဆိတ်ဖြစ်ပြီး 'ဟိုလူ့ကို မချစ်ရ၊ ဒီလူ့ကို မခင်ရ၊ ဘယ်သူနဲ့ မပေါင်းရ၊ ဘယ်ဝါနဲ့ မပတ်သက်ရ' လို့ မနာလို စကားတွေ ပြောကြားနေတာ၊ သဝန်တိုအမိန့်တွေ ထုတ်ပြန်နေတာဟာ အချစ်ကံခေကြောင်း မကောင်းမှုအကုသိုလ်တွေ ဆည်းပူးစုဆောင်းနေတာပါပဲ။

တစ်ယောက်နဲ့တစ်ယောက် ရိုးသားသန့်စင်စွာ ချစ်ခင်နေကြသူတွေကို ကိုယ့်အထင်နဲ့ကိုယ် မတော်မတရားစွပ်စွဲပြီး၊ သို့မဟုတ် ကိုယ့်စိတ်နဲ့နှိုင်း အရိုင်းသတ်မှတ်ပြီး ချစ်ခင်မှုပျက်ပြားသွားအောင် လုံးဝ မလုပ်သင့်ပါဘူး။

ကိုယ်တစ်ဖက်သတ်ချစ်နေရသူက ကိုယ့်အပေါ် ပြန်မချစ်တာနဲ့ပဲ 'တခြားဘယ်သူ့ကိုမှ မချစ်ရဘူး၊ ချစ်လို့ကတော့ နှစ်ယောက်လုံး စိတ်ဆင်းရဲအောင် လုပ်ပစ်မယ်၊ ဆက်ချစ်မရအောင် နှောင့်ယှက်ပစ်မယ်' ဆိုတဲ့ စိတ်ထားဟာ ကလေးသိပ်ဆန်လွန်းတဲ့ အချစ်ကံခေကြောင်း စိတ်ထားပါ။

'အလှဝန်တို၊ မငြင်ငြိုနှင့်' ဆိုတဲ့ ငယ်ငယ်တုန်းက ကဗျာအလိုက်အတိုင်း ပြောရရင် 'အချစ်ဝန်တို၊ မငြင်ငြိုနှင့်' လို့ပြောရပါလိမ့်မယ်။ သူတို့ဘာသာသူတို့ ရိုးရိုးသားသားပဲ ချစ်ချစ်၊ ဆန်းဆန်းပြားပြားပဲ ချစ်ချစ်၊ ကိုယ့်ရေစက်နဲ့ကိုယ်၊ ကိုယ့်စိတ်နဲ့ကိုယ် ချစ်နေကြတာကို ကိုယ်က ကြားထဲကနေ အလကားနေရင်း မနာလိုဝန်တိုဖြစ်ပြီး ချစ်ခြင်းကို သွားခွဲရင် သူတို့ချစ်ခြင်း ကွဲကွဲ၊ မကွဲကွဲ ကိုယ့်နှလုံးသားထဲမှာတော့ 'အချစ်ကံမွဲဆေး' ဖော်စပ်ပြီးသား ဖြစ်

http://www.dhammadownload.com

သွားပါပြီ။

'ချစ်ခြင်းကိုမခွဲပါနဲ့'ဆိုတဲ့ ဝစီသုစရိုက်သိက္ခာပုဒ် (ပိသုဏာ ဝါစာဝိရတိသိက္ခာပုဒ်)ဟာ ချစ်သူရည်းစားချင်း၊ ဇနီးခင်ပွန်းချင်းရဲ့ ချစ်ခြင်းကိုသာ မခွဲဖို့ပြောတာ မဟုတ်ပါဘူး။ မိဘနဲ့ သားသမီး၊ ဆရာနဲ့ တပည့်၊ ဆရာနဲ့ ဒကာ၊ ညီအစ်ကိုမောင်နှမအချင်းချင်း၊ ဆွေမျိုးသွေးသားအချင်းချင်း၊ မိတ်ဆွေသူငယ်ချင်းအချင်းချင်း၊ ဘယ်လိုချစ်ခင်ကြသူအချင်းချင်းရဲ့ ချစ်ခြင်းကိုမဆို မခွဲဖို့ ပြောတာ ပါ။

သူများချစ်ခြင်းကို ခွဲရင် ကိုယ့်ချစ်ခြင်း ကွဲမှာပါပဲ။ ဒါဟာ သေချာတဲ့ ကမ္မနိယာမပါ။ သူများချစ်ခြင်း ခွဲခဲ့တဲ့သူတွေ၊ ခွဲနေတဲ့ သူတွေဟာ အချစ်ကံခေတတ်ပါတယ်။ ကိုယ်ချစ်တဲ့သူက ကိုယ့်ကို ပြန်မချစ်၊ ကိုယ့်ဘက်က ဘယ်လောက်ကောင်းကောင်း ကိုယ့်ကို အကောင်းမထင်၊ ကိုယ်ချစ်တဲ့သူတွေနဲ့ အတူတူမနေရ၊ မိဘမေ- တ္တာ ဆိုတာကို ခံစားခွင့်မကြုံ၊ ညီအစ်ကို မောင်နှမအချင်းချင်း မတည့်၊ ဆွေမျိုးတွေက တစ်ကိုယ်ကောင်းဆန်၊ သူငယ်ချင်းအ ပေါင်းအသင်းတွေက မိတ်ကောင်းဆွေကောင်း မပီသ၊ ဒါတွေ အားလုံးဟာ အချစ်ကံခေတာတွေချည်းပါပဲ။

'ကိုယ်လိုချင်တာ . . . အချုပ်အနှောင်မဲ့အချစ်များ' ဆို တဲ့အတိုင်း ဘယ်သူမဆို အချုပ်အချယ်ကင်းတဲ့၊ အနှောင်အဖွဲ့ရှင်း တဲ့ ချစ်ခြင်းမေတ္တာ သန့်သန့်လွတ်လွတ်ကလေးကိုပဲ လိုချင်ကြပါ တယ်။ ကိုယ်လိုချင်တဲ့ ချစ်ခြင်းမေတ္တာမျိုး သူတစ်ပါးကို အရင်ပေး နိုင်မှ အချစ်ကံကောင်းသူတစ်ယောက်အဖြစ် ပျော်ရွှင်ကြည်နူးခွင့်

http://www.dhammadownload.com

ရမှာမို့ သူတစ်ပါးအပေါ် အဓိပ္ပာယ်မဲ့ ကန့်သတ်ချုပ်ချယ်ချင်တဲ့ စိတ်ယုတ် စိတ်ပုပ်ကို နှင်ထုတ်ဖယ်ရှားပစ်နိုင်ဖို့ သိပ်အရေးကြီးပါတယ်။

ရှောင်စရာအဆိုးကံတွေ အထိုက်အလျောက် ပြောပြီးသွားတော့ ဆောင်စရာအကောင်းကံတွေ နည်းနည်းပြောကြတာပေါ့။

အချစ်ကံကောင်းစေတဲ့ အဓိကအကျဆုံး အကောင်းကံကတော့ မေတ္တာတရားလက်ကိုင်ထားခြင်းပါပဲ။ သူတစ်ပါးအပေါ် စစ်မှန်သန့်စင်တဲ့ မေတ္တာတရားတွေ များများပေးနိုင်လေ၊ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ပြီး ကံအကျိုးပေး ပိုကောင်းလေပါပဲ။ မေတ္တာကြီးလေ၊ အချစ်ကံကောင်းလေပေါ့။

မေတ္တာက 'ပွားမေတ္တာ' နဲ့ 'ထားမေတ္တာ' လို့ နှစ်မျိုးရှိပါတယ်။ 'ကျန်းမာချမ်းသာပါစေ' လို့ စိတ်ထဲကနေ၊ ဒါမှမဟုတ် အသံထုတ်ပြီး မေတ္တာပို့သနေတာကို 'ပွားမေတ္တာ' လို့ ခေါ်ပါတယ်။ တစ်ဖက်သားရဲ့ ကောင်းကျိုးကို ကာယကံမြောက် ကိုယ်ထိလက်ရောက်၊ ဝစီကံမြောက် နှုတ်ထိပါးစပ်ရောက် ကူညီဆောင်ရွက်ပေးတဲ့ မေတ္တာကို 'ထားမေတ္တာ' လို့ခေါ်ပါတယ်။

ပွားမေတ္တာရော၊ ထားမေတ္တာရော မေတ္တာနှစ်မျိုးလုံး ပြည့်စုံမှ အချစ်ကံကောင်းမှာပါ။ တကယ်ဆို ပွားမေတ္တာထက် ထားမေတ္တာက ပိုလို့တောင် အရေးကြီးပါတယ်။ စိတ်ထဲက၊ သို့မဟုတ် နှုတ်က 'ကျန်းမာချမ်းသာပါစေ' လို့ တဖွဖွ မေတ္တာပို့သနေပေမယ့်၊ တကယ့်လက်တွေ့ဘဝမှာ သူတစ်ပါးစိတ်ဆင်းရဲစေမယ့် အပြော

http://www.dhammadownload.com

အဆို့၊ အပြုအမူတွေ၊ တစ်ဖက်သား ဆိုးကျိုးဖြစ်စေမယ့် အပြော အဆို၊ အပြုအမူတွေ ပြောဆိုပြုမူနေမယ်ဆိုရင် နောင်ဘဝဆိုတာ အသာထား၊ အခု လောလောဆယ်မှာကို အဲဒီလူကို ဘယ်သူကမှ ချစ်ခင်နှစ်သက်ကြမှာ မဟုတ်ပါဘူး။

'ကျွန်တော်/ကျွန်မ အရာရာကို အကောင်းမြင်စိတ် မွေးပါတယ်။ လူတိုင်းအပေါ် မေတ္တာထားနိုင်ပါတယ်' လို့ စကားတွေ၊ စာတွေနဲ့ ကိုယ်ရည်သွေးပြီး ထုတ်ဖော်ကြွေးကြော်နေပေမယ့် တကယ့် လက်တွေ့ဘဝမှာ အဆိုးမြင်စိတ်ထားနဲ့ အဆိုးမြင်စကားတွေပဲ ပြော၊ အဆိုးမြင်လုပ်ရပ်တွေပဲ လုပ်နေတဲ့သူတွေဟာ ပစ္စုပ္ပန်ဘဝမှာရော၊ သံသရာဘဝတွေမှာပါ ချစ်ခင်မြတ်နိုးမယ့်သူ မရှိ၊ နားလည်ခွင့်လွှတ်မယ့်သူ မရှိနဲ့ အချစ်ကံခေပြီး ဝမ်းနည်းအားငယ်နေရမှာပါ။

မေတ္တာတရားကို 'လူချစ်ဆေး၊ နတ်ချစ်ဆေး' လို့ ပြောတာဟာ မေတ္တာပို့သရုံသက်သက် 'တစ်ခြမ်းပဲ့မေတ္တာသမား' တွေအတွက် ပြောတာ မဟုတ်ပါဘူး။ တစ်ဖက်ကလည်း မေတ္တာပို့သ၊ တစ်ဖက်ကလည်း လိုသူ၊ မလိုသူ မခွဲခြားဘဲ အလှာမရွေး၊ အရွယ်မရွေးအပေါ် ကိုယ်ထိလက်ရောက်၊ နှုတ်ထိပါးစပ်ရောက် အကျိုးဆောင်ပေးတတ်တဲ့ 'အပြည့်အဝမေတ္တာသမား' တွေ၊ 'တင်းပြည့်မေတ္တာသမား' တွေအတွက် ပြောတာပါ။

ပွားမေတ္တာ သက်သက်နဲ့တော့ . . . လူအပေါင်း၊ နတ်အပေါင်းရဲ့ ချစ်ခင်မြတ်နိုးမှုကို ရမှာမဟုတ်ဘူး၊ ပွားမေတ္တာရော၊ ထားမေတ္တာရော ပြည့်စုံမှ လူအပေါင်း၊ နတ်အပေါင်းရဲ့ ချစ်ခင်

http://www.dhammadownload.com

မြတ်နိုးမှုကို ရမယ်. . . လို့ ဆိုလိုပါတယ်။

သီးခြားထိုင်ရင်းနဲ့ပဲဖြစ်ဖြစ်၊ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်းနဲ့ပဲဖြစ်ဖြစ် 'သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ' လို့ မကြာခဏ မေတ္တာပို့သပါ။ ရေနဲ့ ခန္ဓာကိုယ်နဲ့ ထိတွေ့တိုင်းလည်း အေးမြတဲ့ရေကို သက်သေထား အာရုံပြုပြီး 'သတ္တဝါအားလုံး ကိုယ်ရောစိတ်ပါ အေးချမ်းကြပါစေ' လို့ အထပ်ထပ်မေတ္တာပို့သပါ။ ကိုယ့်မျက်စိရှေ့ မြင်တွေ့လာသမျှ၊ ကိုယ့်အလုပ်နဲ့ ပတ်သက် ဆက်စပ်လာသမျှ လူတိုင်း လူတိုင်းကို ချက်ချင်းချက်ချင်း မေတ္တာပို့သပါ။ အခြေအနေအမျိုးမျိုးမှာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ အကြိမ်ကြိမ်အခါခါ မေတ္တာပို့သတဲ့ အလေ့အကျင့် အားကောင်းလာပြီဆိုရင် 'ပွားမေတ္တာ' နဲ့ ပြည့်စုံပါပြီ။

မြတ်စွာဘုရားရှင်ရဲ့ မေတ္တာဓာတ်တွေ ကိန်းဝပ်နေတဲ့ 'မေတ္တာသုတ်' တရားတော်ကို နေ့စဉ်ဝတ်ထားပြီး အချိန်ရရင် ရသလို အမြဲမပြတ် ရွတ်ဖတ်ပူဇော်သွားမယ် ဆိုရင်လည်း ဒေါသဓာတ်တွေ ကင်းစင်၊ မေတ္တာဓာတ်တွေ စိမ့်ဝင်ပြီး မြင်သူတိုင်းက ချစ်ခင်မြတ်နိုး အားကိုးလေးစား တန်ဖိုးထားလာကြပါလိမ့်မယ်။

'နတ်များချစ်ဆေး၊ ဘေးရန်ဝေးသော၊ ယဉ်ကျေးမန္တန်၊ ဂါထာပျံ့ကို၊ ရွတ်အံ့သရဏ္ဍာယ်ကြကုန်လော့'. . . တဲ့။ မေတ္တာသုတ်ကို ရွတ်ရင် မမြင်ရတဲ့ နတ်တွေကတောင် ချစ်တယ်ဆိုမှတော့ မြင်ရတဲ့လူတွေက ပိုလို့တောင် ချစ်ပြီပေါ့။ အခေါက်ရေများဖို့ထက် အဓိပ္ပာယ်သိသိ စဉ်းစားဆင်ခြင်ပြီး ရွတ်ဖို့တော့ အရေးကြီးတာပေါ့လေ။

http://www.dhammadownload.com

မေတ္တာသုတ်ရွတ်ရုံ၊ မေတ္တာပွားများရုံနဲ့ ကျေနပ်မနေဘဲ တစ်ဖက်သားကောင်းကျိုး၊ အများကောင်းကျိုးကို ကိုယ်နဲ့၊ နှုတ်နဲ့ လက်တွေ့ဆောင်ရွက်ပေးပါ။ 'ကောင်းကွက်ကိုရှာ. . . မေတ္တာ' ဆိုတဲ့အတိုင်း တစ်ဖက်သားရဲ့ ကောင်းကွက်ကို မြင်အောင်ကြည့်ပြီး လူတိုင်းအပေါ် အကောင်းမြင်စိတ်ထားနဲ့ အကောင်းမြင်စကားတွေပဲ ပြော၊ အကောင်းမြင်အလုပ်တွေပဲ လုပ်သွားမယ်ဆိုရင် 'ထားမေတ္တာ' နဲ့ ပြည့်စုံပါပြီ။

တစ်ဖက်သားကို နွေးနွေးထွေးထွေး ချစ်ခင်တတ်ရင် ကိုယ့်ကို နွေးနွေးထွေးထွေး ချစ်ခင်မယ့်သူ ပေါ်လာမှာပါ။ တစ်ဖက်သားကို မြတ်မြတ်နိုးနိုး ကြင်နာတတ်ရင် ကိုယ့်ကို မြတ်မြတ်နိုးနိုး ကြင်နာမယ့်သူ ရောက်လာမှာပါ။ တစ်ဖက်သားကို ထွေးထွေးပိုက်ပိုက် ယုယတတ်ရင် ကိုယ့်ကို ထွေးထွေးပိုက်ပိုက် ယုယမယ့်သူ ရှိလာမှာပါ။ တူသော အကျိုးပေးတတ်တဲ့ ကံတရားကို ဘယ်သူများ ဟန့်တားနိုင်တာမှတ်လို့ . . .။

သိပ်လိုအပ်လာတဲ့အခါ . . . ကိုယ်ထားရှိခဲ့တဲ့ မေတ္တာတရားကို သစ္စာစကားအဖြစ် ပြောင်းလဲလိုက်မယ်ဆိုရင်လည်း မေ-တ္တာပန်းတွေ ပျံ့သန်းဆိုက်ရောက်လာပါလိမ့်မယ်။

'ကျွန်ုပ်သည် ဘယ်သူ့အပေါ် အမှန်တကယ်ချစ်မြတ်နိုးခဲ့ပါတယ်။ သူ့လိုအပ်ချက်မှန်သမျှကို မေတ္တာအပြည့်နဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဤစကားသည် မှန်ပါတယ်။ ဤမှန်သော သစ္စာစကားကြောင့် . . .'

'ကျွန်ုပ်သည် ကျွန်ုပ်ချစ်မြတ်နိုးရတဲ့သူတွေ အားလုံး

http://www.dhammadownload.com

အပေါ်မှာ အစစအရာရာ လိုလေသေးမရှိ တာဝန်ကျေခဲ့ပါတယ်။ ကြင်ကြင်နာနာ၊ ယုယုယယနဲ့ ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ 'ဤစကားသည် မှန်ပါတယ်။ ဤမှန်သော သစ္စာစကားကြောင့် . . .'

စသည်အားဖြင့် ကိုယ်ဆိုတတ်သလို၊ ကိုယ်ဆိုချင်သလို ဆိုပြီး . . .

'. . . . . . ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်ချစ်ရတဲ့သူက ကျွန်ုပ်ကို ကျွန်ုပ်ထက် အဆပေါင်းများစွာ ပြန်ချစ်ပါစေသတည်း'

'. . . ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်သည် သူတစ်ပါး အားကျရလောက်အောင် အချစ်ကံကောင်းသူဖြစ်ပါစေသတည်း'

စသည်အားဖြင့် ကိုယ်ဆန္ဒရှိသလို ဆုတောင်းနိုင်ပါတယ်။ အတိတ်၊ ပစ္စုပ္ပန် အကြောင်းတရားတွေ ညီညွတ်ရင် ကိုယ့်ဆုတောင်း တစ်နေ့ပြည့်မှာပေါ့။ ဒါပေမဲ့ တစ်ခုသတိပြုရမှာက သစ္စာဆိုတဲ့အခိုက်မှာသာ ကိုယ်လိုချင်တဲ့ အကျိုးကို တောင့်တရမှာပါ။ မေတ္တာပေးနေတဲ့အခိုက်မှာတော့ ကိုယ့်အကျိုး လုံးဝ မတောင့်တရပါဘူး။ သူ့အကျိုးသက်သက်ကိုပဲ ရည်ရွယ်ရပါမယ်။ ကိုယ့်အတွက် မျှော်လင့်ချက်နဲ့ပေးတဲ့ မေတ္တာဟာ မေတ္တာစစ်စစ် မဟုတ်ဘူးလေ။

ပြီးတော့ နောက်တစ်ခုက ကိုယ်ပေးတဲ့ မေတ္တာထဲမှာ မေတ္တာလိုလိုနဲ့ နေရာတကာ အဓိပ္ပာယ်မဲ့ ဆရာလုပ်တာတွေ၊ လက်တွေ့မကျဘဲ အကျိုးမဲ့လွှမ်းမိုးခြယ်လှယ်တာတွေ၊ ကိုယ့်အလိုမပြည့်တိုင်း မကျေမနပ် အပြစ်တင်တာတွေ ကင်းရှင်းနေရပါမယ်။

http://www.dhammadownload.com

ကိုယ့်ဆန္ဒ၊ ကိုယ့်အတ္တအတိုင်း တစ်ဖက်သားကို အရုပ်တစ်ခုလို ပုံသွင်းချင်တာ မေတ္တာမှ မဟုတ်ဘဲ။ အတ္တရှေ့တန်းတင်တဲ့ မေတ္တာမျိုးနဲ့ သစ္စာဆိုလို့ကတော့ အဲဒီသစ္စာ စွမ်းမှာမဟုတ်ပါဘူး။

ကဿပဘုရားရှင်လက်ထက်တုန်းက သူဌေးသမီးတစ်ဦး ခင်ပွန်းလောင်းသူဌေးသားရဲ့ အိမ်ကို အဝင် တံခါးအတွင်းဘက် ခြေစုံရပ်မိတာနဲ့တစ်ပြိုင်နက် ခန္ဓာကိုယ်က အပုပ်နံ့တွေ တထောင်းထောင်း ထွက်လာတဲ့အတွက် သူဌေးသားနဲ့ လက်ဆက်ခွင့်မရဘဲ မိဘအိမ် ပြန်လာခဲ့ရပါတယ်။ တခြားသူဌေးသား ခြောက်ဦးနဲ့လည်း ဒီအတိုင်းချည်းပဲဖြစ်နေလို့ သူဌေးသမီးခမျာ အချစ်ကံခေ သူဘဝနဲ့ စိတ်ဆင်းရဲနေရရှာပါတယ်။

အတိတ်ဘဝတစ်ခုတုန်းက ယောက်မဖြစ်သူနဲ့ ရန်ဖြစ်နေတုန်း ပစ္စေကဗုဒ္ဓါတစ်ပါး ဆွမ်းခံကြွလာတော့ ယောက်မက ဆွမ်းလောင်းပြီး 'ဒီလိုအမိုက်မမျိုးကို ယူဇနာတစ်ရာအဝေးက ရှောင်ကြဉ်နိုင်ပါရစေ' လို့ ဆုတောင်းလိုက်တာကို၊ ယောက်မရဲ့ ဆုတောင်း မပြည့်စေချင်တဲ့စိတ်နဲ့ သပိတ်ထဲက ဆွမ်းတွေ သွန်ပစ်ပြီး နွံ့ညွန်တွေ အပြည့်ထည့်ပေးလိုက်မိတဲ့ အကုသိုလ်ကံကြောင့် ခင်ပွန်းလောင်းတွေရဲ့ အိမ်ရောက်တိုင်း အခုလို အပုပ်နံ့ထွက်ပြီး အချစ်ကံခေနေရရှာတာပါ။

'ယောကျ်ားမရတော့မယ့် အတူတူ မထူးဘူး' ဆိုပြီး လက်ဝတ်ရတနာတွေ အကုန်လုံး ထုခွဲရောင်းချ၊ ရတဲ့ငွေနဲ့ ကဿပဘုရားရှင်ရဲ့ ဓာတ်တော်ဌာပနာရာ စေတီတော်မှာ ရွှေအုတ်တစ်ချပ်နဲ့ ကြာပန်းရှစ်ပွင့် လှူဒါန်းလိုက်ပါတယ်။

http://www.dhammadownload.com

အဲဒီအချိန်မှာပဲ ပထမဆုံးလက်ထပ်ဖို့ ကြံရွယ်ခဲ့တဲ့ သူဌေးသားက သူဌေးသမီးကို အသည်းအသန် သတိရပြီး အိမ်ကို ခေါ်ဆောင်သွားတဲ့အခါ အိမ်အတွင်း ဝင်ဝင်ချင်း သူဌေးသမီးရဲ့ ကိုယ်က စန္ဒကူးနံ့သာနံ့တွေ သင်းပျံ့ကြိုင်လှိုင်စွာ ထွက်ပေါ်လာပါတယ်။ သူဌေးသမီးစကားပြောလိုက်တိုင်းလည်း အာခံတွင်းက ကြာညိုရနံ့မွှေးပျံ့သင်းကြိုင်လို့ နေပါတယ်။

ဘုရားမှာ ရွှေသက်န်းနဲ့ ကြာပန်းလှူဒါန်းရတဲ့ ကုသိုလ်ကံကြောင့် သူဌေးသမီး အချစ်ကံကောင်းလာခဲ့ရတာပါ။ 'နံ့သာခင်' 'ရှင်မွှေးလွန်း' သူဌေးသမီးကို သူဌေးသားက ချစ်လိုက်တာ တုန်နေတာပါပဲ။ (ခန္ဓာကိုယ်က အပုပ်နံ့ထွက်ခြင်းဆိုတဲ့ အားနည်းချက်ကို သင်းပျံ့မွှေးကြိုင်တဲ့ ကြာပန်းလှူခြင်းဆိုတဲ့ ကုသိုလ်ကောင်းမှုက ချေဖျက်ပေးလိုက်တဲ့အတွက် အားနည်းချက် ပျောက်သွားပြီး အချစ်ကံကောင်းသွားတာလို့လည်း ပြောနိုင်ပါတယ်။)

ရွှေကို လူသားတိုင်း ချစ်မြတ်နိုးကြသလို ကြာပန်းလေးတွေ ပွင့်နေပုံကလည်း မြင်သူတိုင်းရဲ့ စိတ်မှာ ချစ်မြတ်နိုးစရာပါ။ ဒီတော့ ရွှေအလှူရှင်နဲ့ ကြာအလှူရှင်မှ အချစ်ကံမကောင်းရင် ဘယ်သူများ အချစ်ကံကောင်းဦးမှာလဲ။

အချစ်ကံမကောင်းလို့ အသစ်ပြန်ပြောင်းနေရတဲ့ နာမည်ကြီး အနုပညာရှင်အမျိုးသမီးတစ်ဦးကို ဒီဝတ္ထုလေး အသေးစိတ်ပြောပြပြီး ဝတ္ထုကြောင်းကို ဆင်ခြင်ရင်း အိမ်ကဘုရားမှာရော၊ ရွှေတိဂုံဘုရားမှာပါ ရွှေသက်န်းနဲ့ ကြာပန်းတွေ အဆက်မပြတ်လှူဒါန်းဖို့ တိုက်တွန်းလိုက်တာ တိုက်တွန်းတဲ့အတိုင်း ယုံယုံကြည်

http://www.dhammadownload.com

ကြည်လုပ်တဲ့အတွက် သိပ်မကြာခင်မှာပဲ သူမကို သိပ်ချစ်၊ သိပ်မြတ်နိုး၊ သိပ်တန်ဖိုးထားတဲ့၊ သူမကလည်း ပြန်ချစ်နိုင်တဲ့ ပါရမီဖြည့်ဖက် အိမ်ဦးနတ်ကောင်းတစ်ဦးကို စိတ်ချမ်းမြေ့စွာ ပိုင်ဆိုင်ခွင့်ရသွားပါတယ်။ (ယတြာချေတာ မဟုတ်ပါဘူး။ အကြောင်းအကျိုးဆက်စပ်တဲ့ ကုသိုလ်ကောင်းမှု ပြုတာပါ။)

ရွှေသက်န်းအလှူနဲ့ ကြာပန်းအလှူက အချစ်ကံကောင်းစေသလို နံ့သာအလှူနဲ့ ဆေးအလှူကလည်း အချစ်ကံကောင်းစေပါတယ်။ နံ့သာအလှူ ဆေးအလှူတွေရဲ့ အကျိုးတရားတွေမှာ 'ကိုယ်ချစ်ရတဲ့သူတွေနဲ့ ဘယ်တော့မှ မခွဲခွာရခြင်း' ဆိုတဲ့ အကျိုးတရားတစ်ခု ပါနေလို့ပါ။

နံ့သာရဲ့သဘောတရား၊ ဆေးဝါးရဲ့ အာနိသင်နဲ့ နှိုင်းယှဉ်စဉ်းစားကြည့်ရင် ဒါဟာ သဘာဝကျပါတယ်။ မွှေးရနံ့သင်းနေသူကို ပတ်ဝန်းကျင်က ချစ်မြတ်နိုးကြသလို ဆေးကြောင့် သေဘေးကလွတ်သွားသူဟာလည်း သူချစ်တဲ့သူတွေနဲ့ မခွဲခွာ မကွေကွင်းရတော့ဘူး မဟုတ်လား။

မွှေးရနံ့ဆိုတာ အချစ်တိုးစေတဲ့အရာ၊ တစ်ဖက်သား စွဲမက်စေတဲ့အရာ. . . ။ ဆေးဆိုတာ ချစ်သူတွေ မကွေကွင်းစေတဲ့အရာ၊ ချစ်စရာ ကျန်းမာခြင်းကို ဆောင်ကြဉ်းပေးတဲ့အရာ. . . . ။ ဒီတော့ မွှေးရနံ့အလှူနဲ့ ဆေးအလှူဟာ အချစ်ကံကောင်းစေတဲ့အကောင်းကံတွေပဲပေါ့။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက အရေပြားရောဂါစွဲကပ်နေတဲ့ 'ရောဟိနီ' မင်းသမီးလေးဟာ အစ်ကိုဖြစ်သူ အရှင်

http://www.dhammadownload.com

အနုရုဒ္ဓါရဲ့ လမ်းညွှန်ချက်အရ လက်ဝတ်တန်ဆာတွေ ရောင်းချလို့ ရတဲ့ငွေနဲ့ နှစ်ထပ်ဆွမ်းစားကျောင်းတစ်ဆောင် ဆောက်လုပ်လှူ ဒါန်းပြီး သောက်ရေ သုံးရေဖြည့်ခြင်း၊ တံမြက်လှည်းခြင်း၊ နေရာ ခင်းခြင်း . . . စတဲ့ ဝေယျာဝစ္စတွေ ပြုလုပ်တဲ့အတွက် အရေပြား ရောဂါလည်း ပျောက်၊ သေလွန်တဲ့အခါ တာဝတိံသာနတ်ပြည် လည်း ရောက်သွားခဲ့ပါတယ်။

နတ်သားလေးဦးရဲ့ နယ်စပ်ဧရိယာမှာ နတ်သမီးလေး သွားဖြစ်တဲ့ ရောဟိနီကို နတ်သားလေးဦးက မြင်မြင်ချင်း အရမ်း ချစ်သွားတဲ့အတွက် သူ ရထိုက်တယ်၊ ငါ ရထိုက်တယ်နဲ့ ငြင်းခုံကြပါ လေရော။ နောက်ဆုံး သိကြားမင်းကြီးဆီ သွားအဆုံးအဖြတ်ခံတဲ့ အခါ သိကြားမင်းကြီးကလည်း ရောဟိနီကို မြင်မြင်ချင်းချစ်သွား ပြီး . . . . . . .

'အသင်နတ်သားတို့ . . . ၊ ရောဟိနီကို မြင်တဲ့အချိန်က စပြီး သင်တို့စိတ်ထဲမှာ ဘယ်လိုခံစားနေရပါသလဲ'

လို့ နတ်သားလေးဦးကို မေးလိုက်ပါတယ်။

'သူ့ကိုမြင်တဲ့အချိန်ကစပြီး ကျွန်တော်မျိုးရဲ့ စိတ်ဟာ စစ် မြေပြင်မှာ စည်ကြီးတီးလိုက်သလို တုန်ခါသွားပြီး ထိုင်ရခက်၊ ထရ ခက်နဲ့ ဆောက်တည်ရာမရ ဖြစ်နေရပါတယ်'

'ကျွန်တော်မျိုးရဲ့ စိတ်ထဲမှာတော့ တောင်ကျရေတံခွန်ကြီး စီးဆင်းနေသလို သူ့အပေါ် သံယောဇဉ်ရေတံခွန်ကြီး စီးဆင်းနေပါ တယ်'

'ကျွန်တော်မျိုးရဲ့ မျက်လုံးဟာ သူ့ကိုမြင်တဲ့အချိန်ကစပြီး

http://www.dhammadownload.com

ပုစွန်မျက်လုံးလို အပြင်ဘက် ပြူးထွက်နေပါပြီ'

'ကျွန်တော်မျိုးရဲ့ နှလုံးသားကတော့ စေတီဘုရားပေါ်က တံခွန်အလံတွေလို တဖျပ်ဖျပ် တုန်လှုပ်နေခဲ့ရပါပြီ'

နတ်သားလေးဦးရဲ့ အချစ်ခံစားချက်တွေကိုလည်း နားထောင်ပြီးရော သိကြားမင်းကြီးက . . . .

'အသင်နတ်သားတို့ရဲ့ အချစ်ခံစားချက်တွေက အဇော့်ကို ပြင်းထန်လှပါတယ်။ ဒါပေမဲ့ ထိန်းချုပ်မယ်ဆို ထိန်းချုပ်လို့ရပါသေးတယ်။ ကျွန်ုပ်ကတော့လေ. . ရောဟိနီကိုမှ မရရင်. . . . သူ့ကိုမှ မရရင်. . . ဘယ်. . . . . ဘယ်လိုမှ. . . အသက်ရှင်သန်နိုင်မှာ မဟုတ်တော့ပါဘူး . . . သူနဲ့သာ . . . အတူမနေရရင် . . . သေ . . . . သေရပါလိမ့်မယ်. . . အသင်နတ်သားတို့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ကျွန်ုပ်သိကြားဟာ . . . ရောဟိနီကိုရမှ . . . ပုံမှန်ရှင်သန်ခွင့် ရှိတော့မယ့်သူပါ . . . '

လို့ ဆွေးဆွေးမြည့်မြည့် ငိုပြောပြောလိုက်ပါတယ်။

'အသင်သိကြားမင်းကြီး ဒီလောက်တောင် ကြွေနေရင်လည်း ရောဟိနီကို အသင်သိကြားမင်းကြီးပဲ ယူလိုက်ပါတော့၊ အသက်တော့ အသေမခံလိုက်ပါနဲ့ သိကြားမင်းကြီးရယ်၊ ကျွန်တော်မျိုးတို့ လေးဦး ရောဟိနီကို စွန့်လွှတ်လိုက်ပါပြီ'

သိကြားမင်းကြီး ဒိုင်စားသွားပုံကတော့ ပိုင်လိုက်တာနော် . . . ။

ရောဟိနီကို သိကြားမင်းကြီး ချစ်လိုက်ပုံများ . . . အရာရာ 'နှိုသဘော'. . . 'နှိုသဘော' နဲ့ပါပဲ။ ဘယ်သွားချင်သလဲ . . .

http://www.dhammadownload.com

နို့သဘော၊ ဘာလုပ်ချင်သလဲ. . . . . နို့သဘော၊ . . . . 'အရာရာ . . . မင်းပါ . . . နို'. . . ။

ရောဟိနီနတ်သမီး အချစ်ကံကောင်းတာ ကျောင်းအလှူကုသိုလ်နဲ့ ဝေယျာဝစ္စကုသိုလ်ကြောင့်ပါ။

တစ်ဖက်သားရဲ့ ကိစ္စကြီးငယ်ကို မေတ္တာအပြည့်နဲ့ ကူညီဆောင်ရွက်ပေးတတ်တဲ့ ဝေယျာဝစ္စကုသိုလ်ရှင်တွေဟာ ချစ်သူခင်သူ၊ ကူညီစောင့်ရှောက်သူတွေ ပေါများပြီး ဘဝမှာ အစစအရာရာ အဆင်ပြေတတ်ပါတယ်။

နောက်ဆုံးတော့ မယမင်းရယ် . . . ၊ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား' ဆိုတဲ့ ဗုဒ္ဓအဆုံးအမအတိုင်း မကောင်းမှုမှန်သမျှ ရှောင်ကြဉ်မယ်၊ ကောင်းမှုမှန်သမျှ ပြုလုပ်မယ်၊ စိတ်နှလုံးကို ဖြူစင်မြင့်မြတ်အောင် အမြဲထားမယ်ဆိုရင် အချစ်ကံသာမက အနှစ်ကံတွေပါ ကောင်းပြီး ချစ်စရာအကောင်းဆုံး နိဗ္ဗာန်အနှစ်ကို ဧကန်မုချ ရရှိကြမှာ မလွဲပါဘူး။

ဩော်. . . . အရေးအကြီးဆုံးလို့ ထင်တဲ့ စကားတစ်ခွန်းတော့ နောက်ဆုံးပြောလိုက်ပါရစေ . . . ။

'အချစ်ကံကောင်းချင်ရင် . . . ချစ်အောင်နေပါ၊ မုန်းအောင် မလုပ်ပါနဲ့' . . . . လို့။

ဒါပါပဲ . . . . ။

အကောင်းကံချစ်၍

အချစ်ကံကောင်းကြပါစေ။

[အလင်းတန်းဂျာနယ်၊ ဖွန် (၆)(၁၃)၊ ၂၀၀၅။]

http://www.dhammadownload.com

# ဖြည့်စွက်စကား

'အကောင်းကံချစ်မှ အချစ်ကံကောင်းမယ်' ဆိုတဲ့ စကားရပ်ကို အပေါ်ယံရှုပ်ပြီး သာမန်ကြည့်လိုက်ရင် ကလက်တယ်၊ ပေါ့ပျက်တယ်လို့ ထင်စရာပါပဲ။ တကယ်တော့ အဓိပ္ပာယ် အင်မတန်လေးနက်တဲ့စကားပါ။ နယ်ပယ်ကလည်း သိပ်ကို ကျယ်ပြန့်ပါတယ်။

'အချစ်ကံ' ဆိုတဲ့ စကားရပ်ထဲမှာ သမီးရည်းစားအချစ်ကံ၊ ဇနီးခင်ပွန်းအချစ်ကံသာမက မိဘသားသမီးအချစ်ကံ၊ ဆရာတပည့်အချစ်ကံ၊ မိတ်ဆွေသူငယ်ချင်းအချစ်ကံ၊ အလုပ်ရှင်အလုပ်သမားအချစ်ကံ . . . စတဲ့ လူမှုနယ်ပယ်အသီးသီးက မေတ္တာတရားနဲ့ ပတ်သက်တဲ့ အချစ်ကံအားလုံး ပါဝင်ပါတယ်။

အချစ်ကံတကာ့ အချစ်ကံတွေထဲမှာ မိဘမေတ္တာနဲ့ ပတ်သက်တဲ့အချစ်ကံ ကောင်းဖို့ကတော့ အရေးအကြီးဆုံးပါပဲ။ မိဘဆီက ကြင်နာနွေးထွေးတဲ့ မေတ္တာကို နည်းစနစ်တကျ အပြည့်အဝရတဲ့သူဟာ အချစ်ကံအကောင်းဆုံးသူပါ။ အပြန်အလှန်အားဖြင့် သားသမီးဆီက ကြင်နာနွေးထွေးတဲ့ မေတ္တာကို အပြည့်အဝရတဲ့သူဟာလည်း အချစ်ကံ အထူးကောင်းတဲ့သူပါပဲ။

သားသမီးအပေါ် မိဘမေတ္တာ အပြည့်ပေးခဲ့တဲ့သူဟာ မိဘမေတ္တာနဲ့ ပတ်သက်ပြီး အချစ်ကံ ကောင်းသလို၊ မိဘအပေါ် သားသမီးမေတ္တာ အပြည့်ပေးခဲ့တဲ့သူဟာလည်း သားသမီးမေတ္တာနဲ့ ပတ်သက်ပြီး အချစ်ကံကောင်းပါတယ်။ ဒါတွင်မက သားသမီးအပေါ် မိဘမေတ္တာ အပြည့်ပေးခဲ့တဲ့သူဟာ သားသမီးမေတ္တာနဲ့

http://www.dhammadownload.com

ပတ်သက်ပြီးလည်း အချစ်ကံကောင်းသလို၊ မိဘအပေါ် သားသမီး မေတ္တာ အပြည့်ပေးခဲ့တဲ့သူဟာ မိဘမေတ္တာနဲ့ ပတ်သက်ပြီးလည်း အချစ်ကံ ကောင်းပါတယ်။

ဆရာတပည့် အချစ်ကံ၊ မိတ်ဆွေသူငယ်ချင်း အချစ်ကံ . . . စတဲ့ အချစ်ကံတွေမှာလည်း နည်းတူပါပဲ။ ကိုယ့်ဘက်က မေ- တ္တာအပြည့်ပေးခဲ့မှ ကိုယ့်အလှည့်ကျ မေတ္တာအပြည့်ပေးကြမှာပါ။

ကိုယ်ကပဲ မေတ္တာအပြည့် လိုချင်ပြီး ကိုယ့်ဘက်ကတော့ မေတ္တာအပြည့် မပေးချင်ဘူးဆိုရင်တော့ အကြောင်းအကျိုး မညီ ညွတ်တဲ့အတွက် ကိုယ်လိုချင်တဲ့ အချစ်ကံကောင်းခြင်းကို ဘယ် တော့မှ ရမှာမဟုတ်ပါဘူး။ ကိုယ်လိုချင်တဲ့အရာကို ကိုယ့်ဘက်က အရင်ပေးရမယ် ဆိုတဲ့ ကမ္မနိယာမကို လုံးဝ မမေ့လိုက်ပါနဲ့။

'သားသမီးကို တကယ်ချစ်ရင် နိုးနေချိန်တွေမှာ မနမ်းပါ နဲ့၊ အိပ်နေချိန်ကျမှ နမ်းပါ' . . .၊ 'သားသမီးကို အရမ်းချစ်တယ် ဆိုတာ သားသမီး မသိပါစေနဲ့၊ သားသမီးသိအောင် မပြပါနဲ့' . . .၊ 'ချစ်တာကို ရင်ထဲမှာပဲ ထားပါ' . . . စတဲ့ အတွေးအခေါ်အမှား၊ အယူအဆအမှားတွေနဲ့ ကိုယ့်အချစ် ကိုယ့်မေတ္တာကို သားသမီးသိ အောင် ကိုယ်နဲ့၊ နှုတ်နဲ့ နွေးနွေးထွေးထွေး ကြင်ကြင်နာနာ ထုတ် ဖော်မပြတဲ့ မိဘတွေဟာ မိဘမေတ္တာနဲ့ ပတ်သက်ပြီး ဘယ်တော့မှ အချစ်ကံ ကောင်းကြမယ့်သူတွေ မဟုတ်ပါဘူး။ သားသမီးမေတ္တာနဲ့ ပတ်သက်ပြီးလည်း အချစ်ကံ မကောင်းနိုင်ပါဘူး။

ကိုယ်ချစ်ခင်မြတ်နိုးသူ ဘယ်သူ့အပေါ်ပဲဖြစ်ဖြစ် ကိုယ့်ရဲ့ အချစ်၊ ကိုယ့်ရဲ့ မေတ္တာကို . . ကိုယ်နဲ့၊ နှုတ်နဲ့ နွေးနွေးထွေးထွေး

http://www.dhammadownload.com

ကြင်ကြင်နာနာ ထုတ်ဖော်ပြသတဲ့သူတွေဟာ 'အချစ်ကံကောင်းဆေး' ဖော်စပ်မှီဝဲနေကြတဲ့သူတွေပါပဲ။ ဘယ်အချစ်မျိုးမှာပဲဖြစ်ဖြစ် အချစ်ကံကောင်းချင်ရင် . . . 'မေတ္တာအပြည့်ပေးခြင်း' ဆိုတဲ့ 'အကောင်းကံ' ကို ချစ်ကို ချစ်ကြရပါမယ်။ ပြုကို ပြုကြရပါမယ်။

ဆောင်းပါးထဲက သူဌေးသမီး အချစ်ကံဆိုးတာဟာ ခန္ဓာကိုယ်က အပုပ်နံ့ထွက်ခြင်းဆိုတဲ့ အားနည်းချက်ကြောင့်ပါ။ ဘယ်အချစ်ကံမှာမဆို အချစ်ကံဆိုးနေပြီဆိုရင် ကိုယ့်မှာ အားနည်းချက်တစ်ခုခုတော့ ရှိနေလို့ပါပဲ။ အားနည်းချက် ဆိုတာကလည်း မကောင်းမှုပြုခြင်းဆိုတဲ့ 'အဆိုးကံ' ကြောင့်သာ ဖြစ်ရတာမို့ အချစ်ကံမဆိုးချင်ရင် 'မကောင်းမှုပြုခြင်း' ဆိုတဲ့ 'အဆိုးကံ' ကို မချစ်ကြဖို့ ရှောင်ကြဉ်ကြဖို့ အထူးအရေးကြီးပါတယ်။

ကောင်းတဲ့ကုသိုလ် အလုပ်တွေ လုပ်နေရုံနဲ့ အချစ်ကံမကောင်းနိုင်သေးပါဘူး။ ဆိုးတဲ့ အကုသိုလ်အလုပ်တွေပါ ရှောင်ကြဉ်မှ အချစ်ကံကောင်းနိုင်ပါတယ်။ အချစ်ကံမဆိုးချင်ရင် အဆိုးကံ မချစ်ပါနဲ့။ ဆိုးတဲ့ အကုသိုလ်အလုပ်တွေကို လုံးဝမလုပ်ပါနဲ့။ အဆိုးကံတစ်ခုခုကြောင့် အားနည်းချက်တစ်ခုခု ရှိသွားရင် အဲဒီအားနည်းချက်ကြောင့်ပဲ အချစ်ကံ ဆိုးတတ်ပါတယ်။

ကံအကြောင်းမသင့်လို့ အားနည်းချက်တစ်ခုခု ရှိခဲ့ရင် အဲဒီအားနည်းချက် ပျောက်ရာပျောက်ကြောင်း လိုက်ဖက်ဆီလျော်တဲ့ ကုသိုလ်ကောင်းမှု အကောင်းကံတစ်ခုခုကို ဉာဏ်နဲ့ ဆင်ခြင်ပြီး ပြုဖြစ်အောင် ပြုလိုက်ပါ။ ဆောင်းပါးထဲက သူဌေးသမီးရဲ့ အားနည်းချက်ပျောက်ကြောင်း အလုပ်ကောင်းဟာ နမူနာပါပဲ။ ။

ကျောင်းလှူသူသည်
ကောင်းကျိုးချမ်းသာအားလုံးကို
လှူရာရောက်သည်



http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

အရှင်ဘုရား . . . .

အရှင်ဘုရားတို့ ပြင်သစ်ကျောင်းဖြစ်မြောက်ရေးအဖွဲ့ရဲ့ လက်ကမ်းစေမွှဒါန စာစောင်တွေမှာ 'ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်သည်' ဆိုတဲ့ ဗုဒ္ဓစကားတော် အမြဲပါတာ တွေ့ရပါတယ်။ အဓိပ္ပာယ်ရှင်းပြပေးတော်မူပါဘုရား။ အရှင်ဘုရား ပြင်သစ်ကျောင်းဖြစ်မြောက်ရေးအဖွဲ့ရဲ့ နာယက ဆရာတော်တစ်ပါး ဖြစ်သွားပုံကိုလည်း သိချင်ပါတယ်ဘုရား။

**မောင်မင်းသူ၊ ပုဇွန်တောင်မြို့နယ်။**

ဒကာမင်းသူ . . .

'ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်သည်' ဆိုတဲ့ ဗုဒ္ဓစကားတော်ရဲ့ မူလအဓိပ္ပာယ်က နတ်သားတစ်ပါးရဲ့ မေးလျှောက်ချက်နဲ့ ဆက်စပ်နေပါတယ်။

နတ်သားတစ်ပါးက မြတ်စွာဘုရားရှင်ကို 'ဘာလှူသူသည် ခွန်အားကို လှူရာရောက်ပါသလဲ၊ ဘာလှူသူသည် အဆင်းကို လှူရာရောက်ပါသလဲ၊ ဘာလှူသူသည် ချမ်းသာခြင်းကို လှူရာရောက်ပါသလဲ၊ ဘာလှူသူသည် မျက်စိအမြင်ဓာတ်ကို လှူရာရောက်ပါသလဲ၊ ဘာလှူသူသည် ကောင်းကျိုးချမ်းသာအားလုံး (ရှေ့လေးမျိုးလုံး)ကို လှူရာရောက်ပါသလဲ' လို့ အလှူနဲ့ ပတ်သက်တဲ့ မေးခွန်း(၅)ခု မေးပါတယ်။

မြတ်စွာဘုရားရှင်က 'အစားအသောက်လှူသူသည် ခွန်အားကို လှူရာရောက်သည်၊ အဝတ်အထည်လှူသူသည် အဆင်းကို လှူရာရောက်သည်၊ ယာဉ်လှူသူသည် ချမ်းသာခြင်းကို လှူရာ

http://www.dhammadownload.com

ရောက်သည်၊ ဆီမီးလှူသူသည် မျက်စိအမြင်ဓာတ်ကို လှူရာရောက်သည်၊ ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံး (ရှေ့လေးမျိုးလုံး) ကို လှူရာရောက်သည်' လို့ ဖြေကြားတော်မူလိုက်ပါတယ်။

လူတစ်ယောက်ရဲ့ ခွန်အားပြည့်တင်းမှုကို အစားအသောက်က အဓိက ပြဋ္ဌာန်းပါတယ်။ အစားအသောက် မစားရရင် ခွန်အားချည့်နဲ့ပြီး အစားအသောက် စားရရင် ခွန်အားပြည့်ဝပါတယ်။ ဒါ့ကြောင့် သူတစ်ပါးကို အစားအသောက် ပေးလှူလိုက်တာဟာ သူတစ်ပါးကို ခွန်အားဗလ ပေးလှူလိုက်တာပါပဲ။

လူတစ်ယောက်ရဲ့ ရုပ်ဆင်းဥပဓိလှပမှုကို အဝတ်အထည်က ထင်ထင်ရှားရှား အထောက်အကူပြုပါတယ်။ 'လူမှာ အဝတ်၊ တောင်းမှာ အကွပ်' ဆိုတဲ့အတိုင်း ဝတ်ကောင်းစားလှ ဝတ်ဆင်ထားရင် နဂိုမလှသူလည်း အထိုက်အလျောက်လှ၊ နဂိုလှပြီးသူလည်း အတိုင်းထက်အလွန် လှသွားပါတယ်။ ဒါ့ကြောင့် သူတစ်ပါးကို အဝတ်အထည် ပေးလှူလိုက်တာဟာ သူတစ်ပါးကို ရုပ်အဆင်းလှပခြင်း ပေးလှူလိုက်တာပါပဲ။

ခရီးလမ်းသွားနေသူတစ်ယောက်ရဲ့ ချမ်းသာခြင်းဟာ သူစီးတဲ့ ယာဉ်အပေါ်မှာ အများကြီး မှီတည်နေပါတယ်။ ထီး၊ ဖိနပ်ယာဉ်ကအစ ကား၊ ရထား၊ လေယာဉ်ပျံ ယာဉ်အဆုံး ကိုယ်စီးရတဲ့၊ ကိုယ်အသုံးပြုရတဲ့ယာဉ် အဆင့်အတန်းမြင့်လေလေ၊ ခရီးလမ်းသွားလာရတာ ချမ်းချမ်းသာသာရှိလေလေပါ။ ဒါ့ကြောင့် သူတစ်ပါးကို စီးစရာယာဉ် (ယာဉ်စီးခ၊ ယာဉ်ပေါ်ထိုင်စရာနေရာ

http://www.dhammadownload.com

စသည်) ပေးလှူလိုက်တာဟာ သူတစ်ပါးကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ပေးလှူလိုက်တာပါပဲ။

လူတစ်ယောက်ရဲ့ အမြင်အာရုံ ကြည်လင်ပြတ်သားမှုကို အလင်းရောင်က ပဓာန ကျေးဇူးပြုပါတယ်။ ပင်ကိုမျက်စိအား ဘယ်လောက်ကောင်းကောင်း မှောင်နေရင် ဘာမှ မမြင်ရတော့ပါဘူး။ ဆီမီး၊ လျှပ်စစ်မီးစတဲ့ အလင်းရောင်တစ်ခုခု အကူအညီရမှ မြင်ရပါတယ်။ ဒါ့ကြောင့် သူတစ်ပါးကို ဆီမီး၊ လျှပ်စစ်မီး၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင် စတဲ့ အလင်းပစ္စည်းပေးလှူလိုက်တာဟာ သူတစ်ပါးကို မျက်စိအမြင်ဓာတ် ပေးလှူလိုက်တာပါပဲ။

လူတစ်ယောက်ဟာ အဆောက်အအုံ၊ အရိပ်အာဝါသ မရှိတဲ့ ဟင်းလင်းပြင်လွင်တီးခေါင်မှာ နေရရင် နေပူ၊ လေပူ၊ မှက်၊ ခြင် စတဲ့ ဘေးရန်တွေရဲ့ နှိပ်စက်မှုကြောင့် ခွန်အားလည်း ဆုတ်ယုတ်၊ ရုပ်အဆင်းလည်း ပျက်စီး၊ ကိုယ်စိတ်နှစ်ပါးလည်း ပင်ပန်းဆင်းရဲ၊ မျက်စိအမြင်ဓာတ်လည်း ဝေဝါးအားနည်း၊ အတော့်ကို ဒုက္ခရောက်ရပါတယ်။ အဆောက်အအုံတစ်ခုခု၊ အရိပ်အာဝါသ တစ်ခုခုအောက် ဝင်ရောက် နားခိုလိုက်ရရင်တော့ ခွန်အားလည်း ပြည့်ဝ၊ ရုပ်အဆင်းလည်း ကြည်လင်၊ ကိုယ်စိတ်နှစ်ပါးလည်း ချမ်းသာ၊ မျက်စိအမြင်ဓာတ်လည်း အားကောင်း၊ အတော့်ကို ကောင်းကျိုးဖြစ်ထွန်းသွားပါတယ်။

ဒါ့ကြောင့် သူတစ်ပါးကို ဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်း၊ သစ်ပင် စတဲ့ အဆောက်အအုံပေးလှူလိုက်တာဟာ သူတစ်ပါးကို ခွန်အား၊ အဆင်း၊ ချမ်းသာခြင်းနဲ့ မျက်စိအမြင်ဓာတ်

http://www.dhammadownload.com

ဆိုတဲ့ ကောင်းကျိုးလေးမျိုးလုံး ပေးလှူလိုက်တာပါပဲ။

နတ်သားက ကောင်းကျိုးလေးမျိုးကိုပဲ ရှေ့က ခံမေးလို့ 'အဆောက်အအုံလှူသူသည် ကောင်းကျိုးအားလုံးကို လှူရာရောက်သည်' ဆိုတဲ့ စကားရပ်ထဲက 'ကောင်းကျိုးအားလုံး' ဆိုတာ နတ်သားမေးတဲ့ ကောင်းကျိုးလေးမျိုးကိုပဲ ဆိုလိုရာရောက်နေပေမယ့် တကယ်တမ်းကတော့ အဆောက်အအုံလှူရင် ရှိရှိသမျှ ကောင်းကျိုးအားလုံး လှူရာရောက်ပါတယ်။

ဘာသာရေးနဲ့ ပတ်သက်တဲ့ အဆောက်အအုံအလှူတွေ အကြောင်းပြောတဲ့အခါ 'အဆောက်အအုံ' ဆိုတာကို 'ကျောင်း' လို့ အတိအကျ အမှီပြုဟယ်ဖော်ပြီး 'ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်သည်' လို့ သတ်သတ်မှတ်မှတ် ပြောကြပါတယ်။

အစားအသောက်ကြောင့် ရမယ့်ကောင်းကျိုး၊ အဝတ်အထည်ကြောင့် ရမယ့်ကောင်းကျိုး၊ ယာဉ်ရထားကြောင့် ရမယ့်ကောင်းကျိုး၊ မီးအလင်းရောင်ကြောင့် ရမယ့်ကောင်းကျိုး . . . စသည်ဖြင့် တခြား အရာဝတ္ထုတွေကြောင့် ရမယ့်ကောင်းကျိုးတွေ ကျောင်းတစ်ခုတည်းနဲ့ ရနိုင်တာကို ရည်ရွယ်ပြီး 'ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာ အားလုံးကို လှူရာရောက်သည်' လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တာပါ။

ဉာဏ်ချဲ့ထွင်ပြီး တစ်ဆင့်တက်ကြည့်လိုက်ရင် 'ကျောင်းလှူသူသည် လှူဖွယ်ဝတ္ထုအားလုံးကို လှူရာရောက်သည်' လို့လည်း ပြောနိုင်ပါတယ်။ ကျောင်းနေသံဃာတော်တွေ အလှူခံရရှိသမျှ

http://www.dhammadownload.com

ဆွမ်း၊ သင်္ကန်း စတဲ့ ပစ္စည်းဝတ္ထုအားလုံးဟာ ကျောင်းမှာ နေတဲ့အတွက် ရတာဖြစ်လို့ ကျောင်းအလှူရှင်ဟာ ကျောင်းနေသံဃာတော်တွေကို တခြား ဒကာ ဒကာမတွေ လှူဒါန်းသမျှ ပစ္စည်းဝတ္ထုအားလုံးလည်း လှူဒါန်းရာ ရောက်ပါတယ်။

တစ်ဆင့်ထပ်တက်ရင် 'ကျောင်းလှူသူသည် လှူဖွယ်ဝတ္ထုအားလုံးကို လှူဖြစ်သည်' . . .။ ကျောင်းအလှူရှင်ရဲ့တာဝန်ဟာ ကျောင်းလှူပြီး-ပြီးရော၊ ပြီးသွားတာမျိုး မဟုတ်ဘဲ၊ ကျောင်းနေသံဃာတော်တွေကို ဆွမ်း၊ သင်္ကန်း စတဲ့ လိုအပ်ရာရာပစ္စည်းဝတ္ထုတွေ အမြဲမပြတ် အရိပ်ကြည့် လှူဒါန်းနေရမှာဖြစ်လို့ ကျောင်းအလှူရှင်ဟာ ကျောင်းကို အကြောင်းပြုပြီး လှူဖွယ်ဝတ္ထုမျိုးစုံ လှူဖြစ်သွားပါတယ်။ (ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ)

ဒီ့ထက် တစ်ဆင့်ထပ်တက်ရင် 'ကျောင်းလှူသူသည် ကုသိုလ်အားလုံးကို ပြုဖြစ်သည်' . . .။ ကိုယ်လှူထားတဲ့ကျောင်းကို မကြာမကြာ သွားပြီး တံမြက်စည်း လှည်းလိုက်၊ သောက်ရေသုံးရေဖြည့်လိုက်၊ သန့်ရှင်းရေးလုပ်လိုက်ဆိုတော့ ဝေယျာဝစ္စကုသိုလ်၊ တရားသွားနာတော့ ဓမ္မဿဝနကုသိုလ်၊ တရားသွားအားထုတ်တော့ သမထကုသိုလ်၊ ဝိပဿနာကုသိုလ်၊ ဝိပဿနာဉာဏ် ရင့်သန်ပြီး နိဗ္ဗာန်ကို လှမ်းမြင်တော့ မဂ်ကုသိုလ်၊ . . . ကျောင်းအလှူကို အကြောင်းပြုပြီး ဒါနကုသိုလ်မျိုးစုံအပြင် တခြား ကုသိုလ်မျိုးစုံလည်း ပြုဖြစ်သွားပါတယ်။ အရဟတ္တမဂ် ကုသိုလ်အထိ ရသွားရင်တော့ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းသွားပါပြီ။ (ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။)

http://www.dhammadownload.com

ကျောင်းအလှူနဲ့ ပတ်သက်တဲ့ မြတ်စွာဘုရားရှင်ရဲ့ 'သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ' ဆိုတဲ့ ပါဠိတော်ကို အခုလို အဓိပ္ပာယ်အဆင့်ဆင့် ကြည်ညိုကျင့်သုံးနိုင်ပါတယ်။

(၁) ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာ အားလုံးကို လှူရာရောက်သည်။

(၂) ကျောင်းလှူသူသည် လှူဖွယ်ဝတ္ထုအားလုံးကို လှူရာရောက်သည်။

(၃) ကျောင်းလှူသူသည် လှူဖွယ်ဝတ္ထုအားလုံးကို လှူဖြစ်သည်။

(၄) ကျောင်းလှူသူသည် ကုသိုလ်အားလုံးကို ပြုဖြစ်သည်။

'ကျောင်း' နဲ့ 'အားလုံး'၊ 'အားလုံး' နဲ့ 'ကျောင်း'၊ ကျောင်းအလှူဟာ အားလုံးအလှူ၊ ကျောင်းကုသိုလ်ဟာ အားလုံးကုသိုလ်၊ ကျောင်းအကျိုးဟာ အားလုံးအကျိုး၊ . . . ကျောင်းဆိုတာ အကြောင်းတရားအားလုံး၊ အကျိုးတရားအားလုံးရဲ့ ပင်မအခြေခံ ရေသောက်မြစ်ကြီးပါပဲ။ (ကျောင်းဆိုတာ 'နေရာ' ဖြစ်လို့ နေရာကောင်းတစ်ခုဆိုတာ အကြောင်းအားလုံး၊ အကျိုးအားလုံးရဲ့ မြစ်ဖျားခံရာ ပဓာနဗဟိုချက်မကြီးပါပဲ။)

မြတ်စွာဘုရားရှင်လက်ထက်တုန်းက ဗာရာဏသီမြို့ရဲ့ မြို့တံခါးတစ်ခုအနီးက ရွာတစ်ရွာမှာ 'မကြွယ်စင်' ဆိုတဲ့ မိန်းကလေးတစ်ဦး ရှိခဲ့ဖူးပါတယ်။ အဲဒီမြို့တံခါးကနေ မြို့ထဲဝင်ပြီး ဆွမ်းခံကြွကြတဲ့ ရဟန်းတော်တွေကို မကြွယ်စင်က နေ့စဉ် ဝတ်မပျက် တစ်ပါးတစ်ဇွန်းကျ ဆွမ်းလောင်းလှူပါတယ်။

http://www.dhammadownload.com

နေ့စဉ်ရက်ဆက် ဝတ်မပျက် လှူဒါန်းလာတဲ့အခါ ဒါနကောင်းမှုရဲ့ စိတ်အကျိုးပေးနဲ့ ဘဝအကျိုးပေး၊ အကျိုးပေးနှစ်မျိုး မကြွယ်စင် လက်တွေ့ ခံစားလာရပါတယ်။ 'စိတ်အကျိုးပေး'အနေနဲ့ ပစ္စည်းဝတ္ထုတွေအပေါ် မှာ တွယ်တာတပ်မက်တဲ့စိတ် ကင်းပြတ်ပြီး စိတ်နှလုံး ဖြူစင်သန့်ရှင်းလာပါတယ်။ တစ်ဖက်သားရဲ့ ကောင်းကျိုးကို လိုလားတဲ့ မေတ္တာဓာတ်တွေ အားကောင်းပြီး စိတ်နှလုံး အေးချမ်းမြင့်မြတ်လာပါတယ်။ မြင့်မြတ်တဲ့လုပ်ရပ်အပေါ် ကျေနပ်တဲ့စိတ်နဲ့ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ပြီး စိတ်နှလုံး ကြည်ငြိမ်မွေ့ပျော်လာပါတယ်။

'ဘဝအကျိုးပေး' အနေနဲ့ လူချစ်လူခင် ပေါများခြင်း၊ ကောင်းသတင်း ကျော်စောခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ လိုအင်ဆန္ဒ ပြည့်ဝခြင်း စတဲ့ ကောင်းကျိုးချမ်းသာ အဖြာဖြာနဲ့ ပြည့်စုံပြီး ဘဝတောက်ပလာပါတယ်။

အဲဒီလို ဒါနကောင်းမှုရဲ့ စိတ်အကျိုးပေးနဲ့ ဘဝအကျိုးပေးကို လက်တွေ့ခံစားလာရတဲ့အခါ မကြွယ်စင်ရဲ့ သန္တာန်မှာ သဒ္ဓါတရားတွေ တစ်နေ့တခြား တိုးပွားလာပါတယ်။ 'ပစ္စည်းအလှူအားလုံးထဲမှာ ကျောင်းအလှူဟာ အမြတ်ဆုံး' လို့ သိထားတဲ့အတွက် မကြွယ်စင် ကျောင်းဆောက်လှူဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒါနနဲ့ ပတ်သက်တဲ့ သဒ္ဓါတရားဟာ ကျောင်းအလှူကျမှ အထွတ်အထိပ် ရောက်ပါတယ်။ ဒါနရေးရာ သဒ္ဓါတရား အားကောင်းသူတိုင်း ကျောင်းဆောက်လှူဖူးကြသူချည်းပါပဲ။ ဟုတ်ပါတယ်၊ ဒါနသဒ္ဓါရဲ့ အဆင့်အမြင့်ဆုံးစံချိန်ကို ကျောင်းအလှူပေတံ

http://www.dhammadownload.com

နဲ့ပဲ တိုင်းတာရတာပါ။ တစ်ဦးတည်း တတ်နိုင်ရင် တစ်ဦးတည်း ကောင်းမှု ကျောင်းလှူတာ၊ တစ်ဦးတည်း မတတ်နိုင်ရင် စုပေါင်း ကောင်းမှု ကျောင်းမှာ တတ်နိုင်သလောက် ထည့်ဝင်လှူဒါန်းတာ ဟာ ဒါနရေးရာ သဒ္ဓါတရား အထွတ်အထိပ်ရောက်သူတွေရဲ့ အ ထင်ရှားဆုံး ပြယုဂ်လက္ခဏာပါပဲ။

ဒါနသဒ္ဓါ အထွတ်အထိပ်ရောက်နေတဲ့ မကြွယ်စင်လည်း ရှိသမျှအားနဲ့ ရွာထိပ်မှာ ဆွမ်းစားကျောင်း (ဆွမ်းစားဇရပ်) တစ် ဆောင် ဆောက်လုပ်လှူဒါန်းပါတယ်။ အဲဒီခေတ်က ရဟန်းတော် အများစုဟာ ဆွမ်းကို ကျောင်းထိ သယ်မလာတော့ဘဲ ဆွမ်းခံ အပြန်လမ်းက ရွာဦးရွာထိပ်တွေမှာရှိတဲ့ ဆွမ်းစားဇရပ်တွေမှာပဲ ဆွမ်းဘုဉ်းပေးတော်မူလေ့ရှိပါတယ်။

မကြွယ်စင်ဟာ ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်း ပြီးတဲ့ အချိန်ကစလို့ နေ့စဉ် ကျောင်းသန့်ရှင်းရေး ဝေယျာဝစ္စတွေပါ တိုးလုပ်လာရပါတယ်။ ကိုယ့်ဆွမ်းစားကျောင်းမှာ ဆွမ်းဝင်ဘုဉ်းကြ မယ့် ရဟန်းတော်တွေအတွက် နေရာခင်းခြင်း၊ သောက်ရေသုံးရေ ဖြည့်ခြင်း၊ တံမြက်စည်းလှည်းခြင်း စတဲ့ ဝေယျာဝစ္စတွေ ပြုလုပ်တဲ့ အပြင် ခါတိုင်းလို ဆွမ်းချည်းသက်သက် လှူတာ မဟုတ်တော့ဘဲ အိမ်မှာ ချက်ပြုတ်ထားတဲ့ အသီးအရွက်ဟင်း၊ သားငါးဟင်း၊ အ ရည်သောက်ဟင်းနဲ့ မုန့်၊ သစ်သီးတွေပါ ရှိရင်ရှိသလို လှူဒါန်းဖြစ် သွားပါတယ်။

ရဟန်းတော်တွေက ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အနုမော ဒနာတရား ဟောကြားချီးမြှင့်ကြတဲ့အတွက် နေ့စဉ်နေ့တိုင်း တရား

http://www.dhammadownload.com

တွေလည်း နာဖြစ်၊ သရဏဂုံသုံးပါးနဲ့ ငါးပါးသီလလည်း ဆောက်တည်ဖြစ်၊ သမထ, ဝိပဿနာဘာဝနာတွေလည်း ပွားများဖြစ်နဲ့ ကုသိုလ်အသစ်အသစ်တွေ နေ့တိုင်း တိုးနေပါတော့တယ်။

သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို သီးခြား အချိန်ပေးပြီးလည်း အားထုတ်၊ ဆွမ်းချက်ပြုတ်ရင်း၊ ကျောင်းသန့်ရှင်းရင်း၊ အိမ်မှုလူမှုကိစ္စ လုပ်ရင်းလည်း အားထုတ်တဲ့အတွက် သိပ်မကြာခင်မှာပဲ မကြွယ်စင် သောတာပတ္တိမဂ်ကုသိုလ်ကြီး ရပြီး သောတာပန်အရိယာ ဖြစ်သွားပါတယ်။

ဒါ့ကြောင့် 'ကျောင်းလှူရင် အားလုံးလှူဖြစ်တယ်၊ ကျောင်းလှူရင် ကုသိုလ်အားလုံး ပြုဖြစ်တယ်' လို့ ပြောတာပေါ့။ မကြွယ်စင် ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်တွေအထိ ကုသိုလ်အရှိန် မြင့်သွားတာ ကျောင်းအလှူကြောင့်ပါ။

မကြွယ်စင် သေလွန်တော့ တာဝတိံသာနတ်ပြည်က ကြီးကျယ်ခမ်းနားတဲ့ နတ်ဗိမာန်မှာ နတ်သမီးတစ်ထောင် အခြံအရံနဲ့ နတ်စည်းစိမ် ခံစားရပါတယ်။ သောက်ရှူးကြွယ်ဟာ တခြားကြွယ်တွေကို လွှမ်းမိုးပြီး တောက်ပသလို နတ်သမီးလေး မကြွယ်စင်ရဲ့ ကိုယ်ရောင်ကိုယ်ဝါဟာလည်း တခြားနတ်သမီးတွေကို လွှမ်းမိုးပြီး အရပ်ဆယ်မျက်နှာလုံးမှာ တောက်ပထွန်းလင်းနေပါတော့တယ်။

တခြား နတ်ဗိမာန်တွေထက် ပိုခမ်းနား၊ ပိုတောက်ပတဲ့ မကြွယ်စင်ရဲ့ ဗိမာန်ဆီ လာရောက်ပြီး မကြွယ်စင်ရဲ့ ရှေးကောင်းမှုကို အင်တာဗျူးလာလုပ်တဲ့ အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ တရားဓမ္မကို ထပ်မံ နာကြားရတဲ့အခါ မကြွယ်စင် သကဒါဂါမိမဂ်ကုသိုလ်ပါ

http://www.dhammadownload.com

ထပ်ရပြီး သကဒါဂါမ်ိအရိယာ ဖြစ်သွားပါတယ်။

'ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံးကို လှူရာ ရောက်သည်' ဆိုတဲ့နေရာမှာ . . . ကိုယ့်ကျောင်းမှာ သီတင်းသုံးရင်း တရားအားထုတ်လိုက်လို့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ကောင်းကျိုးချမ်းသာ ရသွားတာဟာ အဓိက ကျေနပ်စရာပါပဲ။ ကိုယ့်ကျောင်းကို အသုံးပြုရင်း ရသွားတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဟာ ကိုယ်လှူလိုက်ရာ ရောက်တာမို့ ကိုယ့်အလှည့်ကျတော့လည်း မဂ်ဖိုလ်နိဗ္ဗာန်ကို အလွယ်တကူ ရမှာ မလွဲပါဘူး။

ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံးကို လှူရာ ရောက်သည်။ စိတ်နှလုံးအေးချမ်းမှု၊ ဘဝပြည့်စုံမှုနှင့်တကွ ဘဝလွတ်မြောက်မှု - မဂ်ဖိုလ်နိဗ္ဗာန်ကိုပါ လှူရာရောက်သည်။

ကဲ . . . ဒီလောက်ဆိုရင် ကျောင်းအလှူရဲ့ ကြီးကျယ်မြင့်မြတ်ပုံကို ဒကာမင်းသူ သဘောပေါက်လောက်ပါပြီ။ ပြင်သစ်ကျောင်းအကြောင်းလေး နည်းနည်း ပြောကြဦးစို့။

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလက ဦးဇင်း အင်္ဂလန်ကို တရားဟောကြွရင်း ပြင်သစ်ကို ရက်အနည်းငယ် ခေတ္တခဏ လေ့လာရေးခရီး ရောက်ခဲ့ပါတယ်။ တစ်ရက် နံနက်အရုဏ်ဆွမ်း ဘုဉ်းပေးနေတုန်း တည်းတဲ့ ဟိုတယ်က စားပွဲထိုး သီရိလင်္ကာဒကာလေး တစ်ဦးက စကားစမြည် လာပြောရင်း . . .

'နောက်တစ်ခေါက် အရှင်ဘုရား ပြင်သစ်ကြွရင် တပည့်တော်တို့ရဲ့ သီရိလင်္ကာဘုန်းကြီးကျောင်းမှာ တည်းခိုနိုင်ပါတယ်'

လို့ ဖိတ်ခေါ်ပါတယ်။

http://www.dhammadownload.com

'ကောင်းပါပြီ၊ ကျေးဇူးအများကြီးတင်ပါတယ်၊ နောက်တစ်ခေါက်လာရင် တည်းဖို့ စဉ်းစားပါ့မယ်'

လို့ လူမှုရေးအရ နှုတ်ကအလိုက်အထိုက် ပြောလိုက်ရပေမယ့် စိတ်ထဲကတော့ . . .

'တစ်သက်လုံး မတည်းဘူး၊ ဘယ်တော့မှ မတည်းဘူး၊ မြန်မာဘုန်းကြီးတစ်ပါးဖြစ်ပါလျက် သီရိလင်္ကာဘုန်းကြီးကျောင်းမှာ သွားတည်းရတယ်ဆိုတာ သိပ်အောက်ကျတယ်၊ အခုလောလောဆယ် ပြင်သစ်မှာ မြန်မာဘုန်းကြီးကျောင်းတစ်ကျောင်းမှ မရှိသေးပေမယ့် နောင်တစ်ချိန် ရှိကို ရှိလာစေရမယ်၊ အဲဒီအခါကျမှ မြန်မာဘုန်းကြီးကျောင်းမှာ မြန်မာဘုန်းကြီးတစ်ပါးအနေနဲ့ သိက္ခာရှိရှိ အားရပါးရ တည်းထည့်လိုက်မယ်'

လို့ နှလုံးသားတစ်ခုလုံး ပုံ့တင်ထပ်မျှ ကြုံးဝါးပစ်လိုက်ပါတယ်။

ပြင်သစ်နိုင်ငံ၊ ပါရီမြို့တော်ဟာ ကမ္ဘာ့အလှဆုံး မြို့တော်ကြီးပါ။ ဒုတိယကမ္ဘာစစ်တုန်းက ဟစ်တလာဟာ သူသိမ်းပိုက်တဲ့မြို့တွေကို မီးရှို့ဖျက်ဆီးပစ်ပေမယ့် ပါရီမြို့ကိုတော့ 'လှလွန်းလို့' ဆိုပြီး မီးမရှို့ဘဲ ချန်ထားခဲ့ပါတယ်။ အီဖဲယ်လ်မျှော်စင်ကြီးပေါ်ကနေ တစ်မြို့လုံးကို ပတ်ပတ်လည် ဆီးကြည့်လိုက်ရင် အောက်ကို ပြန်မဆင်းချင်တော့လောက်အောင်ကို ညို့ငင်ဖမ်းစားနိုင်စွမ်းရှိတဲ့ မြို့တော်ကြီးပါ။

'ကမ္ဘာ့အလှဆုံးမြို့တော်ကြီးမှာ မြန်မာ့အလှဆုံး ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားနေရင် ဘယ်လောက်များ ကျက်

http://www.dhammadownload.com

သရေရှိလိုက်မလဲ၊ မြန်မာမှု အနုလက်ရာတွေနဲ့ မွမ်းမံထားတဲ့ ဗုဒ္ဓဘာသာ မြန်မာကျောင်းတော်ကြီး ငွားငွားစွင့်စွင့်၊ ကြွားကြွားလွင့်လွင့် ပေါ်ထွက်လာရင် ပါရီမြို့ကြီး အခုထက် ပိုလှသွားမှာ'

လို့ အီဖဲယ်လ်မျှော်စင်ထိပ်မှာ တစ်ကိုယ်တည်း စိတ်ကူးယဉ်ခဲ့ဖူးပါတယ်။

'လွတ်လပ်စွာ တွေးခေါ်သူ' လို့ နာမည်တပ်ထားတဲ့ ဘာသာမဲ့ဝါဒီတွေ အများဆုံးရှင်သန်ရာ ပါရီမြို့တော်မှာ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး အမြန်ဆုံး ပေါ်ပေါက်စေချင်တဲ့စိတ် ထက်သန်နေတုန်းမှာပဲ . . . ၂၀၀၄ ခုနှစ်၊ သင်္ကြန်အပြီးလောက်မှာ ပြင်သစ်ဆရာတော် ဣန္ဒနီးနံ့သာအရှင်နန္ဒသိရီက ပြင်သစ်မှာ မြန်မာကျောင်းတည်ဆောက်ဖို့ ကြိုးပမ်းအားထုတ်နေကြောင်း သတင်းတွေ၊ အလှူရှင်အသီးသီးက ပြင်သစ်ကျောင်းအတွက် စိတ်အားထက်သန်စွာ လှူဒါန်းနေကြကြောင်း သတင်းတွေ အလင်းတန်းဂျာနယ်မှာ အပတ်စဉ် ဖတ်ရှုလာရပါတယ်။

အလင်းတန်းဂျာနယ်ထဲက အလှူရှင်တွေရဲ့ ပြည်ပ သာသနာပြု ရွှေပါရီသတင်းတွေကို ရွှေပါရမီကနေ ဖတ်ရှုဝမ်းမြောက်သာဓုခေါ်ရင်း ၂၀၀၄ ခုနှစ်၊ ဇွန်လ (၂၄)ရက်နေ့၊ ဦးဇင်းရဲ့သက်န်းသက် (သို့မဟုတ်) သာသနာသက် အနှစ်(၂၀)ပြည့်တဲ့နေ့မှာ ပြင်သစ်ကျောင်းအတွက် ဦးဇင်း ကျပ်(၁၀)သိန်း လှူဒါန်းနိုင်ခဲ့ပါတယ်။ သိပ်မကြာခင်ရက်ပိုင်းမှာ နောက်ထပ် ကျပ်(၁၀)သိန်း လှူဒါန်းနိုင်ခဲ့တဲ့အတွက် ဦးဇင်းရဲ့ သာသနာသက် အနှစ်(၂၀)ဟာ ပြင်သစ်ကျောင်းအတွက် အလှူတော်ငွေ ကျပ်သိန်း(၂၀)နဲ့ အထူးပဲ ပန်ရ

http://www.dhammadownload.com

တင့်တယ်သွားခဲ့ပါတယ်။

ပြင်သစ်ကျောင်းအတွက် အလှူတော်ငွေ စတင် လှူဒါန်းတဲ့နေ့မှာပဲ ပြင်သစ်ဆရာတော်က ဦးဇင်းကိုလည်း ပြင်သစ်ကျောင်း ဖြစ်မြောက်ရေးရဲ့ နာယကဆရာတော်တစ်ပါးအဖြစ် ရပ်တည်ပေးဖို့၊ ဦးဇင်းရဲ့ ရွှေပါရမီ ဒကာ ဒကာမတွေကိုလည်း ပြင်သစ်ကျောင်း ဖြစ်မြောက်ရေးရဲ့ ဦးဆောင်ဒကာတွေအဖြစ် ပါဝင်လှုပ်ရှားပေးဖို့ မေတ္တာရပ်ခံတဲ့အတွက် ဦးဇင်းလည်း ပြင်သစ်ကျောင်း ဖြစ်မြောက်ရေးရဲ့ နာယကဆရာတော်တစ်ပါး ဖြစ်လာ၊ ဦးဇင်းရဲ့ ရွှေပါရမီ ဒကာ ဒကာမတွေလည်း ပြင်သစ်ကျောင်းဖြစ်မြောက်ရေးအဖွဲ့ရဲ့ ဦးဆောင်ဒကာတွေ ဖြစ်လာခဲ့ပါတယ်။

ဦးဇင်းအနေနဲ့ အထွေအထူး မလှုပ်ရှားရပေမယ့် ပြင်သစ်ဆရာတော်ရဲ့ တပည့် ဒကာ ဒကာမတွေနဲ့ ရွှေပါရမီ ဒကာ ဒကာမတွေ စုပေါင်းဖွဲ့စည်းထားတဲ့ ပြင်သစ်ကျောင်းဖြစ်မြောက်ရေးကော်မတီဝင်တွေကတော့ အတော့်ကို ပင်ပင်ပန်းပန်း လှုပ်ရှားကြရပါတယ်။ ငွေလည်းစိုက်၊ လူလည်းစိုက်၊ အချိန်လည်းစိုက် ဆိုပါတော့။

ဗဟန်းလမ်းမကြီးပေါ်က အဘိဓမ္မာအသင်းဓမ္မာရုံမှာဖွင့်ထားတဲ့ ပြင်သစ်ကျောင်းဖြစ်မြောက်ရေးရုံးခန်းမှာ ကော်မတီဝင်တွေ နေ့စဉ် အလှည့်ကျ ရုံးထိုင်ပြီး လာရောက်လှူဒါန်းသူတွေရဲ့ အလှူငွေတွေကို စနစ်တကျ လက်ခံပေးနေကြပါတယ်။ ကိုယ်တိုင်မလာရောက်နိုင်တဲ့ အိမ်၊ မလာရောက်နိုင်တဲ့ မြို့တွေကိုလည်း ကိုယ့်စရိတ်နဲ့ကိုယ် အပင်ပန်းခံ သွားရောက်ပြီး အလှူငွေလက်ခံ

http://www.dhammadownload.com

ပေးနေကြပါတယ်။ စီးပွားရေး၊ လူမှုရေးကိစ္စတွေကို အတိုင်းအတာ တစ်ခုအထိ ပစ်ထားပြီး စိတ်ရောကိုယ်ပါ နှစ်မြှုပ်လုပ်ကိုင်နေကြတာပါ။

ဟိုတစ်လောက သီရိလင်္ကာမှာ သာသနာပြုနေတဲ့ မိတ်ဆွေ ဆရာတော်တစ်ပါးဆီက သတင်းတစ်ခုရပါတယ်။ သူ့ဆီမှာ တရားအားထုတ်သွားတဲ့ ပြင်သစ်အမျိုးသားတစ်ဦးက 'ပြင်သစ်မှာ မြန်မာဘုန်းကြီးကျောင်း မရှိဘူးလား။ ရှိရင် မကြာမကြာသွားပြီး တရားအားထုတ်ချင်ပါတယ်' လို့ လျှောက်ထားပါသတဲ့။

ပြင်သစ်မှာသာ မြန်မာဘုန်းကြီးကျောင်းရှိသွားရင် ပြင်သစ်ကို ဗဟိုပြုပြီး ဥရောပတစ်ခွင် ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားသွားနိုင်ပါတယ်။ ကိလေသာမီးလျှံကြားက စိတ်နှလုံးပူလောင်နေသူတွေ ဓမ္မရေစင်ကြောင့် စိတ်နှလုံး အေးချမ်းကြရပါလိမ့်မယ်။ ကံ၊ ကံရဲ့ အကျိုးနဲ့ ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားနားလည်ပြီး အကုသိုလ် ရှောင်ရှား၊ ကုသိုလ်ဆောင်ပွားနိုင်ကြပါလိမ့်မယ်။ အဆင့်မြင့်တဲ့ စိတ်ကောင်း စိတ်မြတ်၊ ဓာတ်ကောင်းဓာတ်မြတ်တွေနဲ့ ရခဲတဲ့လူ့ဘဝကို တန်ဖိုးအရှိဆုံး အသုံးချနိုင်ကြပါလိမ့်မယ်။ သတိ-ပဋ္ဌာန် ဝိပဿနာအလုပ်ကို စနစ်တကျ အားထုတ်ရင်း ပါရမီဓာတ်ခံ ရင့်သန်ပြီးသူတွေ မဂ်ဖိုလ်နိဗ္ဗာန် တရားထူး တရားမြတ်အထိ ရရှိနိုင်ကြပါလိမ့်မယ်။

တကယ်တော့ ပြင်သစ်မှာ ကျောင်းဆောက်တာဟာ ပြင်သစ်သူ၊ ပြင်သစ်သားများအတွက် ကုသိုလ်တရားတွေ၊ ပါရမီတရားတွေ၊ သူတော်ကောင်းတရားတွေ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားတွေ

http://www.dhammadownload.com

လက်ဆောင်ပေးတာပါ။ တစ်နည်းအားဖြင့် ပြင်သစ်သူ၊ ပြင်သစ်သားများကို အသိဉာဏ်အလင်း ဝေငှတာပါ။ ထေရဝါဒ ဓမ္မအသိဉာဏ်အလင်း ဝေငှတာပါ။ အလင်းစေတမန်အလုပ် လုပ်တာပါ။

မြန်မာပြည်မှာ ဗုဒ္ဓသာသနာ စတင် ထွန်းကားလာတာ ပြည်ပသာသနာပြု ရဟန်းတော်တွေရဲ့ ကျေးဇူးကြောင့်ပါ။ အသောကမင်းကြီးရဲ့ အစီအစဉ်နဲ့ ကြွရောက်တော်မူလာကြတဲ့ ပြည်ပသာသနာပြု ရဟန်းတော်တွေရဲ့ ကျေးဇူးကြောင့် အိန္ဒိယကနေ မြန်မာပြည်ကို ဗုဒ္ဓသာသနာ ရောက်ရှိလာတာပါ။ အသောကမင်းကြီးနဲ့ အိန္ဒိယရဟန်းတော်တွေကသာ ပြည်ပသာသနာပြုလုပ်ငန်းကို လျစ်လျူရှုခဲ့ရင် မြန်မာပြည်ကို ဗုဒ္ဓသာသနာ ရောက်လာစရာ အကြောင်း လုံးဝ မရှိပါဘူး။

ဒါ့ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများနဲ့ မြန်မာရဟန်းတော်များအနေနဲ့ ပြည်ပသာသနာပြုလုပ်ငန်းကို ကိုယ်ကိုယ်တိုင် စွမ်းနိုင်ရင် ကိုယ်ကိုယ်တိုင်လုပ်၊ ကိုယ်ကိုယ်တိုင် မစွမ်းနိုင်ရင် စွမ်းနိုင်လို့ လုပ်နေသူတွေကို အတတ်နိုင်ဆုံး အကူအညီပေးကြရပါမယ်။

ပြင်သစ်ဆရာတော်ကြီးက . . .

'ဘုန်းကြီးအတွက် ကျောင်းဆောက်တာ မဟုတ်ပါဘူး၊ သာသနာအတွက် ကျောင်းဆောက်တာပါ၊ ပြင်သစ်မှာ သာသနာပြုစွမ်းနိုင်တဲ့ ရဟန်းတော်တစ်ပါး ပေါ်လာရင် အဲဒီရဟန်းတော်ကို ကျောင်းကြီးလွှဲအပ်ပြီး ဘုန်းကြီးက မြန်မာပြည်မှာ ပြန်နေမှာပါ၊ အဲဒီလိုရဟန်းတော် ပေါ်လာအောင်လည်း ဘုန်းကြီးက ပြုစုပျိုး

http://www.dhammadownload.com

ထောင်ပေးမှာပါ၊ ဒီကျောင်းကြီးမှာ ဘုန်းကြီး တစ်သက်လုံးနေမှာ မဟုတ်ပါဘူး၊ ပွင့်ပွင့်လင်းလင်း အရှိအတိုင်း ပြောရရင် အခု တောင် မြန်မာပြည်ကို အပြီးပြန်လာချင်နေတာပါ၊ ပြင်သစ်မှာလုံးဝ မနေချင်ပါဘူး၊ သာသနာအတွက် မဖြစ်လွန်းလို့သာ'

လို့ မိန့်ကြားတော်မူတဲ့အတွက် သဒ္ဓါတရား ပိုထက်သန်ရ သလို ကိုယ်ချင်းစာစိတ်နဲ့လည်း သနားကရုဏာ ဖြစ်ရပါတယ်။ (ကိုယ်ကျိုးစွန့်၍ သာသနာပြုတော်မူကြသော အရှင်ကောင်း အရှင် မြတ်များကို ဦးထိပ်တင်ကာ ရှိခိုးပါ၏ဘုရား . . .။ )

သြော် . . . ဒါနဲ့ . . . ဒကာမင်းသူ ဝမ်းမြောက်ဝမ်းသာ သာခုခေါ်နိုင်အောင်ပြောရရင် . . . ပြီးခဲ့တဲ့ ဇန်နဝါရီ(၉)ရက်၊ ဦးဇင်းရဲ့ (၃၇)နှစ်ပြည့် မွေးနေ့မှာ ပြင်သစ်ကျောင်းအတွက် တတိ ယအကြိမ် ကျပ်သိန်း(၁၀၀) ဦးဇင်းလှူဒါန်းလိုက်နိုင်တဲ့အတွက် ရွှေပါရမီကိုယ်တော်ရဲ့ ရွှေပါရမီအလှူငွေဟာ ကျပ်သိန်း(၁၂၀) ဖြစ် သွားပါပြီ . . . လို့ . . . ။

အလင်းတန်းရဲ့ သတင်းကမ်းမှုကြောင့် လှူဒါန်းဖြစ်တာမို့ ပြင်သစ်ကျောင်းအကြောင်း ကျယ်ကျယ်ပြန့်ပြန့် စတင်ရေးသားခဲ့ တဲ့ 'အလင်းတန်းဂျာနယ်' ကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိလျက် ပါ . . .။ ။

**သာသနာပြန့်နိုင်ကြပါစေ။**

[အလင်းတန်းဂျာနယ်၊ ဖေဖော်ဝါရီ (၂၈)၊ ၂၀၀၅။]



# လူပျိုဘုရား တစ်ဆူမှမရှိ

အရှင်ဘုရား . . .

အရှင်ဘုရားရေးတဲ့ 'လူပျိုဘုရား လုံးဝမရှိ' ဆောင်းပါးကို ဖတ်ပြီး တချို့က လူပျိုဘုရားတစ်ဆူရှိတယ်၊ တချို့က လူပျိုဘုရား သုံးဆူ ရှိတယ်လို့ ပြောကြပါတယ်။ ဘယ်ဟာအမှန်လဲဆိုတာဝေခွဲ မရလို့ ဖြေရှင်းပေးတော်မူပါဦးဘုရား။

မောင်ဇော်ဇင်စိုး၊ ရွှေတောင်ကြား။

ဒကာဇော်ဇင်စိုး . . .

လူပျိုဘုရား လုံးဝမရှိဘူးဆိုတဲ့အကြောင်းကို လုံးဝ ထပ် မရေးချင်တော့ပါဘူး။ ဘာလို့လဲဆိုတော့ လူပျိုဘုရားလုံးဝမရှိတာ ကိုပဲ အရမ်းသဘောကျနေသလိုလို၊ အိမ်ထောင်သားမွေးအလုပ်ကို

http://www.dhammadownload.com

ပဲ အားပေးထောက်ခံနေသလိုလို . . . ထင်စရာဖြစ်သွားမှာစိုးလို့ပါ။ ပြီးတော့ . . . . မြတ်စွာဘုရားကိုလည်း အရမ်းအားနာလို့ပါ။

ဒါပေမဲ့ . . . ဒီအကြောင်းကိုပဲ ဟိုလူက လာမေးလို့ ဖြေပေးရ၊ ဒီလူက လာမေးလို့ ဖြေပေးရနဲ့ . . . . ခဏခဏ ဖြေပေးနေရတဲ့အတွက် နောင်ကို နှုတ်နဲ့ တိုက်ရိုက် မဖြေချင်တော့လို့ ဒီအဖြေလွှာကို မအားတဲ့ကြားထဲက အပြေးအလွှား ရေးပေးလိုက်ပါတယ်။ နောင် . . . လာလာပြီး မမေးကြနဲ့တော့နော်။

မရေမတွက်နိုင်အောင် အသင်္ချေအနန္တ ပွင့်တော်မူပြီးခဲ့ကြတဲ့ ဘုရားရှင်တွေထဲမှာ လူပျိုဘုရား တစ်ဆူမျှ မရှိပါဘူး။ နောက်တစ်ခေါက် ထပ်ပြောပါမယ်။ ဒီကမ္ဘာလောကကြီးမှာ လူပျိုဘုရား တစ်ဆူမျှ မရှိပါဘူး။ အရင်ကလည်း မရှိခဲ့၊ အခုလည်းမရှိ၊ နောင်လည်း ဘယ်တော့မှ ရှိမှာ မဟုတ်ပါဘူး။

'ဒီကမ္ဘာလောကကြီးမှာ' လို့ ဆိုလိုက်လို့ တခြား ကမ္ဘာလောကတွေမှာတော့ လူပျိုဘုရား ရှိချင်ရှိမှာလို့ အဓိပ္ပာယ် မကောက်လိုက်ပါနဲ့။ သမ္မာသမ္ဗုဒ္ဓဘုရားဆိုတာ ဒီကမ္ဘာလောကကလွဲလို့ ဘယ်ကမ္ဘာလောကမှာမှ ပွင့်ရိုးထုံးစံ မရှိပါဘူး။ ဘုရားရှင်တိုင်း ဒီကမ္ဘာမှာပဲ ပွင့်တော်မူကြပါတယ်။

လူပျိုဘုရား မရှိရခြင်းရဲ့ အကြောင်းကို 'လူပျိုဘုရားလုံးဝမရှိ' ဆောင်းပါးမှာ အကြောင်းပြချက်လေးခုနဲ့ ရေးခဲ့ပြီးသားမို့ ထပ်မပြောတော့ပါဘူး။ တစ်ဆူရှိတယ်၊ သုံးဆူရှိတယ် . . . . ဆိုတာတွေနဲ့ ပတ်သက်ပြီးတော့ပဲ နည်းနည်းပြောပါမယ်။

'နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်' ဆိုပြီးတော့ တချို့က ဇယားကွက်

http://www.dhammadownload.com

တွေနဲ့ စာရွက်စာတမ်း ရိုက်နှိပ်ပြီး ဓမ္မဒါနပြုကြပါတယ်။ ဖွားတော်မူရာ မြို့တော်၊ ခမည်းတော်၊ မယ်တော်၊ လက်ယာရံ၊ လက်ဝဲရံ၊ အလုပ်အကျွေး၊ ပွင့်တော်မူရာ ဗောဓိပင် . . . စတဲ့ ကိုယ်ရေးအချက်အလက်တွေကို ဇယားကွက်ချပြီး မှတ်တမ်းပြုစုထားတာပါ။ စာရွက်ကြီးတစ်ရွက် စာတစ်မျက်နှာပဲ ရှိပါတယ်။

ဘယ်ကျမ်းဂန်၊ ဘယ်စာအုပ်ကို ကိုးကားပြီး စာရင်းပြုစုကြတယ် မပြောတတ်ပါဘူး . . . ။ မှတ်တမ်း တစ်ခုနဲ့တစ်ခု မတူကြတာ သတိထားမိပါတယ်။ တချို့ မှတ်တမ်းတွေမှာ ကွက်လပ်တွေ ကျန်ကျန်နေတာ တွေ့ရပါတယ်။ ဥပမာ - လက်ယာရံ၊ လက်ဝဲရံ နာမည်ပါမလာတာမျိုး၊ ဗောဓိပင်နာမည် ပါမလာတာမျိုးပေါ့။

အဲဒီလို ကွက်လပ်ဖြစ်နေတဲ့ မှတ်တမ်းစာရွက်မျိုးတွေကို ကြည့်ပြီး 'လူပျိုဘုရား တစ်ဆူရှိတယ်၊ သုံးဆူရှိတယ်' လို့ ပြောကြတာ ဖြစ်ပါလိမ့်မယ်။

တချို့မှတ်တမ်းစာရွက်မှာ မိဖုရားအမည်၊ သားတော်အမည်မပါတဲ့ ဘုရားရှင်တွေ ရှိပါတယ်။ ဒါကိုကြည့်ပြီး 'ဒီဘုရား လူပျိုဘုရား ဖြစ်ရမယ်၊ လူပျိုဘုရားမို့လို့ မိဖုရား မရှိ၊ သားတော် မရှိတာပေါ့' လို့ ကောက်ချက်ချလိုက်ကြဟန်တူပါတယ်။

ဇယားကွက်ထဲမှာ ကွက်လပ်ဖြစ်နေတိုင်းသာ မရှိစတမ်းဆိုရင် ဗောဓိပင်အကွက်မှာ ကွက်လပ်ဖြစ်နေတဲ့ ဘုရားရှင်ကို 'ဒီဘုရားမှာ ဗောဓိပင် မရှိဘူး၊ ဒီဘုရား ဗောဓိပင်အောက်မှာ ပွင့်တာ မဟုတ်ဘူး၊ ဟင်းလင်းပြင် လွင်တီးခေါင်မှာ ပွင့်တာ' လို့

http://www.dhammadownload.com

သတ်မှတ်ရတော့မှာပေါ့။ တကယ်တော့ အဲဒီလို မဟုတ်ဘူးလေ . . .၊ ဘုရားရှင်တိုင်း ဗောဓိပင် တစ်ပင်ပင်အောက်မှာ ပွင့်ကြတာ ချည်းပါပဲ။ 'ဘုရားတောင်မှ ဗောဓိပင်အမှီရှိမှ ပွင့်တယ်' လို့ ဆိုရိုးစကား ရှိထားတယ် မဟုတ်လား။

တချို့ဇယားကွက်တွေမှာ လက်ယာရံ လက်ဝဲရံ နေရာ ကွက်လပ်ဖြစ်နေတာ ရှိပါတယ်။ ဒါကိုကြည့်ပြီး အဲဒီဘုရားရှင်မှာ လက်ယာရံ လက်ဝဲရံ အဂ္ဂသာဝက ရဟန်း မရှိဘူးလို့ ပြောလို့မရပါဘူး။ ဘုရားရှင်တိုင်းမှာ လက်ယာရံ လက်ဝဲရံ အဂ္ဂသာဝက ရဟန်းနှစ်ပါး ရှိစမြဲပါပဲ။

တကယ်လို့ တချို့ဘုရားရှင်တွေရဲ့ ကိုယ်ရေးအချက်အလက်တချို့ ပျောက်နေရင် . . . မရှိလို့ ပျောက်တာ မဟုတ်ဘဲ မှတ်တမ်းမကျန်လို့ ပျောက်တာ၊ အဆင့်ဆင့် အာဂုံနှုတ်တက်ဆောင်ခဲ့သူတွေ မေ့သွားလို့ ပျောက်တာလို့ပဲ ပြောရပါလိမ့်မယ်။ မှတ်တမ်းအထင်အရှားရှိနေ၊ ကျန်နေပါလျက် ပျောက်နေရင်တော့ ဇယားကွက်ရေးသားသူတွေရဲ့ မေ့လျော့ပေါ့ဆမှု၊ ပြီးစလွယ်လုပ်မှု ဆိုတဲ့ အားနည်းချက်ကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး ဦးစီးရေးသားတဲ့ 'မဟာဗုဒ္ဓဝင်' ကျမ်းရဲ့ 'နှစ်ကျိပ်လေးဆူ ဗုဒ္ဓဝင်' အခန်းမှာ ဘုရားနှစ်ဆယ့်လေးဆူလုံးရဲ့ မိဖုရားအမည်၊ သားတော်အမည် အပြည့်အစုံပါပါတယ်။ လူပျို ဘုရားတစ်ဆူမျှ မပါပါဘူး။ ဘုရားရှင်တိုင်းရဲ့ ဗောဓိပင်တွေလည်း အပြည့်အစုံ ပါပါတယ်။ ဗောဓိပင်မရှိတဲ့ဘုရား တစ်ဆူမျှ မပါပါဘူး။ လက်ယာရံ လက်ဝဲရံ . . .

http://www.dhammadownload.com

စသည်လည်း နည်းတူပါပဲ၊ မှတ်တမ်းအပြည့်အစုံ ရှိပါတယ်။ (ပိဋကတ်ကျမ်းဂန်တွေထဲကအတိုင်း ရေးထားတာပါ။)

လူတွေရေးတဲ့ ဇယားကွက်စာရွက်တွေကို အားမကိုးဘဲ ပရိယတ် တကယ်တတ်ကျွမ်းတဲ့ ဆရာတော်ကြီးတွေ ရေးတဲ့ ကျမ်းကိုးအခိုင်အမာစာအုပ်တွေကို အားကိုးပါလို့ ပြောချင်ပါတယ်။

'နှစ်ကျိပ်ရှစ်ဆူ' ဆိုတာ နှစ်ကျိပ်လေးဆူနဲ့ လေးဆူကို ပေါင်းပြီး ပြောကြတာပါ။ 'နှစ်ကျိပ်လေးဆူ' က ဦးဇင်းတို့ရဲ့ ဘုရား (ဂေါတမ မြတ်စွာဘုရား) အလောင်းတော်ဘဝ ပါရမီဖြည့်စဉ် ဖူးတွေ့ခဲ့ရတဲ့ ဘုရားတွေဖြစ်ပြီး၊ 'လေးဆူ' ကတော့ ဦးဇင်းတို့ရဲ့ ဘုရားရယ်၊ ဗျာဒိတ်စပေးတဲ့ ဒီပင်္ကရာဘုရားပွင့်တဲ့ကမ္ဘာက ဒီပင်္ကရာဘုရားရဲ့ အရင်ပွင့်ခဲ့တဲ့ ဘုရားသုံးဆူရယ် ဖြစ်ပါတယ်။

ဦးဇင်းတို့နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ဘုရားက နှစ်ကျိပ်ငါးဆူ ဖြစ်ပြီး ဦးဇင်းတို့ရဲ့ ဘုရားနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ဘုရားက နှစ်ကျိပ်လေးဆူ ဖြစ်ပါတယ်။ 'ဧကန်မုချ ဘုရားဖြစ်လိမ့်မယ်' လို့ တရားဝင် ဗျာဒိတ်ရပြီးနောက်ပိုင်း သက်ဆိုင်တာကို ပြောတာပါ။

ဗျာဒိတ်ခံခဲ့တဲ့ ဘုရားရှင်တွေရဲ့ အကြောင်းအရာတွေကိုသာ မြတ်စွာဘုရား ပြန်လည်ဟောကြားခဲ့တာမို့ ဗျာဒိတ်မခံခဲ့တဲ့ ရှေ့ဘုရားသုံးဆူရဲ့ ကိုယ်ရေးအချက်အလက်တွေ အမည်နာမမှအပ မှတ်တမ်းမရှိပါဘူး။ ဒါ့ကြောင့် မဟာဗုဒ္ဓဝင်မှာလည်း ရေးပြမထားတော့ပါဘူး။ ဒါပေမဲ့ လူတွေ ရေးထုတ်တဲ့ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်စာရွက်တွေမှာတော့ အဲဒီဘုရား သုံးဆူရဲ့ အမည်နာမတွေ ပါနေပါတယ်။

http://www.dhammadownload.com

တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဆိုတဲ့ ဘုရားသုံးဆူရဲ့ အမည်နာမနောက်က ဇယားကွက်တွေမှာ ကွက်လပ်ဖြစ်နေတဲ့အတွက် မိဖုရားအမည်၊ သားတော်အမည် လုံးဝ မပါတော့ပါဘူး။ ဒါကိုထောက်ပြီး အဲဒီဘုရားသုံးဆူကတော့ လူပျိုဘုရားဖြစ်ရမယ်လို့ ကိုယ်လိုရာဆွဲတွေးလိုက်တဲ့အတွက် 'လူပျိုဘုရားသုံးဆူရှိတယ်' ဆိုတဲ့စကား ဖြစ်ပေါ်လာဟန်တူပါတယ်။

ဗောဓိပင် . . . စတဲ့ တခြားအကွက်တွေအားလုံးလည်း ကွက်လပ်ဖြစ်နေတာကို မမေ့သင့်ပါဘူး။ ကွက်လပ်ဖြစ်နေတိုင်းသာ မရှိဘူးဆိုရင် ခက်ရချည်ရဲ့။ အဖေအမေ မရှိတဲ့သား၊ အဖေအမေ မပေါ်တဲ့သားတွေလို့တောင် အဲဒီဘုရားရှင်တွေကို စွပ်စွဲရာရောက်သွားပါလိမ့်မယ်။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်းရဲ့ တူညီတဲ့ ဖြစ်မြဲဓမ္မတာတော်တွေထဲမှာ 'တစ်ဦးတည်းသော သားတော် ဖွားမြင်တဲ့နေ့မှာ နိမိတ်ကြီးလေးပါး အစုံမြင်ပြီး တောထွက်ခြင်း' ဆိုတဲ့အချက်လည်း ပါဝင်ပါတယ်။ 'တစ်ဦးတည်းသော သားတော်' ဆိုတာကို ကြည့်ခြင်းအားဖြင့် မိဖုရားရှိတယ်၊ အိမ်ထောင်ရှိတယ်၊ လူပျိုမဟုတ်ဘူး ဆိုတာ ထင်ရှားပြီးသားပါ။

လူပျိုဘုရား တစ်ဆူမျှ မရှိသလို သားတော်မမွေးဘဲ သမီးတော်မွေးတဲ့ ဘုရားလည်း တစ်ဆူမျှ မရှိပါဘူး။ သားတော်တွေချည်း အများကြီးမွေးတဲ့ ဘုရားလည်း တစ်ဆူမျှ မရှိသလို၊ သားတော်တွေရော၊ သမီးတော်တွေရော တစ်ပြုံကြီးမွေးတဲ့ ဘုရားလည်း တစ်ဆူမျှ မရှိပါဘူး။

http://www.dhammadownload.com

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်းမှာ သားတော်တစ်ပါးပဲ ရှိပါတယ်။ အဲဒီသားတော်နဲ့လည်း ဘယ်ဘုရား (အလောင်းတော်)မှ ကြာကြာနေခွင့်၊ ကြာကြာကြင်နာယုယခွင့်၊ ကြာကြာကြည်နူးပျော်ရွှင်ခွင့် မရှိပါဘူး။ သားတော် ဖွားမြင်တဲ့နေ့မှာပဲ ဘုရား(အလောင်းတော်) တိုင်း တောထွက်ရပါတယ်၊ သို့မဟုတ် တောထွက်ကြပါတယ်။ ဒါဟာ ဘုရားရှင်တိုင်းရဲ့ ရှောင်လွှဲမရတဲ့ မူသေဓမ္မတာပါ။

ပြီးတော့ . . . 'ဝေမတ္တတရား(၈)ပါး' ဆိုတာလည်း ရှိပါသေးတယ်။ ဘုရားတစ်ဆူနဲ့ တစ်ဆူရဲ့ မတူ ထူးခြား ကွဲပြားတဲ့ 'ခြားနားချက် (၈)မျိုး' ပါ။

ပထမခြားနားချက်က သက်တမ်းခြားနားချက် (အာယုဝေမတ္တ)ပါ။ ဘုရားတစ်ဆူနဲ့တစ်ဆူ ပွင့်ရာအသက်တမ်းချင်း မတူကြပါဘူး။ ဥပမာ - တချို့ဘုရားက အသက်တစ်သိန်းတမ်းမှာ ပွင့်ပြီး တချို့ဘုရားက အသက်တစ်ရာတမ်းမှာ ပွင့်ပါတယ်။

ဒုတိယခြားနားချက်က အရပ်တော်ခြားနားချက် (ပမာဏဝေမတ္တ)ပါ။ ဘုရားတစ်ဆူနဲ့တစ်ဆူ အရပ်တော် အနိမ့်အမြင့်ချင်း မတူကြပါဘူး။ ဥပမာ - တချို့ဘုရားက အရပ်တော် အတောင်(၈၀)မြင့်ပြီး တချို့ဘုရားက အရပ်တော် (၁၈)တောင် မြင့်ပါတယ်။

တတိယခြားနားချက်က အမျိုးအနွယ် ခြားနားချက် (ကုလဝေမတ္တ) ပါ။ ဘုရားတစ်ဆူနဲ့တစ်ဆူ အမျိုးအနွယ်ချင်း မတူကြပါဘူး။ မင်းမျိုးကို အထွတ်အမြတ်ထားတဲ့ခေတ်မှာ ပွင့်တဲ့ဘုရားက မင်းမျိုးဖြစ်ပြီး၊ ပုဏ္ဏားမျိုး (ပညာတတ်မျိုး)ကို အထွတ်အမြတ်ထား

http://www.dhammadownload.com

တဲ့ခေတ်မှာ ပွင့်တဲ့ဘုရားက ပုဏ္ဏားမျိုး(ပညာတတ်မျိုး) ဖြစ်ပါတယ်။ ဒီအမျိုးနှစ်မျိုးမှာပဲ ဖြစ်ရိုးထုံးစံရှိပါတယ်။

စတုတ္ထခြားနားချက်က ဒုက္ကရစရိယာ ခြားနားချက် (ပဓာနဝေမတ္တ)ပါ။ ဘုရားတစ်ဆူနဲ့တစ်ဆူ ဒုက္ကရစရိယာ (ခက်ခက်ခဲခဲ အပင်ပန်းခံ ကျင့်ရတဲ့အကျင့်) ကျင့်ရတဲ့ ကာလချင်း မတူကြပါဘူး။ ဥပမာ - တချို့ဘုရားက ဆယ်လကျင့်ရပြီး တချို့ဘုရားက ခုနစ်ရက်ပဲ ကျင့်ရပါတယ်။ အနည်းဆုံးတော့ ခုနစ်ရက်ကျင့်ရတာချည်းပါပဲ။ ဦးဇင်းတို့ရဲ့ (ဂေါတမ)ဘုရား (၆)နှစ်ကျင့်လိုက်ရတာကတော့ အတိတ်က ဝစီကံဝဋ်ကြွေးကြောင့်ပါ။

ပဉ္စမခြားနားချက်က ရောင်ခြည်တော် ခြားနားချက် (ရသ္မိဝေမတ္တ)ပါ။ ဘုရားတစ်ဆူနဲ့တစ်ဆူ ရောင်ခြည်တော် (ပကတိထွက်တဲ့ ကိုယ်တော်ရောင်) ပျံ့နှံ့မှု ပမာဏချင်း မတူကြပါဘူး။ ဥပမာ - တချို့ဘုရားက စကြဝဠာတိုက်တစ်သောင်းထိ ရောင်ခြည်တော် ပျံ့နှံ့ပြီး တချို့ဘုရားက ကိုယ်တော်တစ်လံ(လေးတောင်ခန့်)ပဲ ရောင်ခြည်တော် ပျံ့နှံ့ပါတယ်။

ဆဋ္ဌမခြားနားချက်က တောထွက်ယာဉ် ခြားနားချက် (ယာနဝေမတ္တ)ပါ။ ဘုရားတစ်ဆူနဲ့တစ်ဆူ တောထွက်တဲ့အခါ စီးနင်းတဲ့ ယာဉ်ချင်း မတူကြပါဘူး။ ဥပမာ - တချို့ဘုရားက ဆင်ယာဉ်၊ တချို့ဘုရားက မြင်းယာဉ်၊ တချို့ဘုရားက ပြာသာဒ်ယာဉ်၊ တချို့ဘုရားက ရွှေထမ်းစင်ယာဉ် စီးပြီး တောထွက်ကြပါတယ်။ တချို့ဘုရားက ခြေကျင်ကြွပြီး တောထွက်ကြပါတယ်။

သတ္တမခြားနားချက်က ဗောဓိပင် ခြားနားချက် (ဗောဓိ

http://www.dhammadownload.com

ဝေမတ္တ) ပါ။ ဘုရားတစ်ဆူနဲ့တစ်ဆူ ပွင့်တော်မူရာ မဟာဗောဓိပင် ချင်း မတူကြပါဘူး။ ဥပမာ - တချို့ဘုရားက ကံ့ကော်ပင်၊ တချို့ ဘုရားက ပိတောက်ပင်၊ တချို့ ဘုရားက အင်ကြင်းပင်၊ တချို့ ဘုရားက ကုက္ကိုပင်အောက်မှာ ပွင့်တော်မူကြပြီး တချို့ဘုရားက ညောင်ပင်အောက်မှာ ပွင့်တော်မူကြပါတယ်။

အဋ္ဌမခြားနားချက်က ပလ္လင်တော်ခြားနားချက် (ပလ္လင်္က ဝေမတ္တ)ပါ။ ဘုရားတစ်ဆူနဲ့တစ်ဆူ ပွင့်တော်မူရာ အပရာဇိတ ပလ္လင်တော် ပမာဏချင်း မတူကြပါဘူး။ ဥပမာ - တချို့ဘုရားရဲ့ ပလ္လင်တော်က အတောင်(၆၀)ရှိပြီး၊ တချို့ဘုရားရဲ့ ပလ္လင်တော်က (၁၄)တောင်ရှိပါတယ်။

အဲဒီလိုအားဖြင့် . . . ပိဋကတ်တော်မှာ ဘုရား တစ်ဆူနဲ့ တစ်ဆူရဲ့ မတူကွဲပြားတဲ့ ခြားနားချက်ကို (၈)မျိုး ဖော်ပြထားပါ တယ်။

တကယ်လို့သာ လူပျိုဘုရားရှိမယ်ဆိုရင် ယောကျ်ားဘဝ ခြားနားချက် (ပုရိသဝေမတ္တ)၊ သို့မဟုတ် . . . ရဟန်းဘဝ ခြား နားချက် (ပဗ္ဗဇိတဝေမတ္တ) လို့ ခြားနားချက်တစ်မျိုး (ဝေမတ္တ တစ်မျိုး) ထပ်တိုးပြီး ဝေမတ္တတရား (၉)ပါးလို့ ဖော်ပြကြမှာပါ။ ပုရိသဝေမတ္တ - တချို့ဘုရားက လူပျိုယောကျ်ား၊ တချို့ဘုရားက အိမ်ထောင်သည်ယောကျ်ား၊ ဒါမှမဟုတ် . . . ပဗ္ဗဇိတဝေမတ္တ - တချို့ဘုရားက ငယ်ဖြူရဟန်း၊ တချို့ဘုရားက တောထွက်ရဟန်း ဆိုပြီးတော့ပေါ့။

အခုတော့ လူပျိုယောကျ်ားနဲ့ အိမ်ထောင်သည် ယော-

http://www.dhammadownload.com

ကျံးရယ်လို့ ကွဲပြားမှုမရှိ ငယ်ဖြူရဟန်းနဲ့ တောထွက်ရဟန်းရယ်လို့ ခြားနားမှု မရှိတဲ့အတွက် ဝေမတ္တတရားတွေထဲမှာ ဒီကိစ္စ လုံးဝ ပါမလာတော့ပါဘူး။ ဘုရားအားလုံး လူပျိုမဟုတ်တဲ့အတွက် ဒီကိစ္စ ဘာမှမခြားနားတော့တာပါ ဒကာ ဇော်ဇင်စိုးရေ . . . ။

လူပျိုရဟန်းတော်တချို့က ကိုယ်လူပျိုဖြစ်နေတဲ့အတွက် လူပျိုဘုရား လုံးဝ မရှိဘူးဆိုတာကို သိပ်သဘောမကျကြဘူးလို့ သိရပါတယ်။ လူပျိုဘုရားသာ မရှိတာပါ၊ လူပျိုရဟန္တာ အများကြီး ရှိပါတယ်။ လူပျိုပစ္စေကဗုဒ္ဓါလည်း အများကြီးရှိပါတယ်။ ဒီဘဝက ဘုရားဖြစ်ခွင့်၊ ပစ္စေကဗုဒ္ဓါ ဖြစ်ခွင့်မရှိတဲ့ဘဝမို့ လူပျိုရဟန္တာဖြစ်အောင် စိတ်ရှင်းရှင်းနဲ့သာ အားထုတ်တော်မူကြပါဘုရား။ ဘုရားဖြစ်ချင်သပဆိုရင်လည်း လူပျိုဘဝကို စွန့်လွှတ်စရာမလိုဘဲ ပါရမီတော်တွေ ဖြည့်ကျင့်တော်မူနိုင်ကြပါတယ်ဘုရား။ (တပည့်တော်လည်း လူပျိုစစ်စစ်ပါ။ ရည်းစားတောင် လုံးဝမထားဖူးတဲ့ ပထမတန်းစား ထူးရှယ်လူပျိုပါဘုရား။)

ဘုရားဖြစ်မယ့်ဘဝသာ လူပျို မဟုတ်တာပါ။ ဘုရားအလောင်းတော်ဘဝမှာတော့ လူပျိုအဖြစ်နဲ့လည်း ဘဝတွေအများကြီး ပါရမီတော်တွေ ဖြည့်ကျင့်တော်မူခဲ့ပါတယ်။ အိမ်ထောင်ကျပြီးမှ တောထွက်၊ ရဟန်းပြုတဲ့ဘဝတွေထက် လူပျိုဘဝနဲ့ တောထွက်၊ ရဟန်းပြုတဲ့ဘဝတွေက ပိုများလိမ့်မယ်လို့တောင် ထင်ပါတယ်။

ဘုရားအဖြစ်နဲ့ တစ်လောကလုံးကို အကျိုးပြုမယ့် နောက်ဆုံးဘဝမှာတော့ လူပျိုမဟုတ်တာ ပိုပြီးတော့ သဘာဝကျပါတယ်။ ဘာလို့လဲဆိုတော့ 'စွန့်လွှတ်မှုဂုဏ်' ပိုပြီး ထင်ရှားစေလို့ပါ။

http://www.dhammadownload.com

လောကရေးရာမှာပဲဖြစ်ဖြစ်၊ ဓမ္မရေးရာမှာပဲဖြစ်ဖြစ် လူအများ အားထားယုံကြည်ထိုက်တဲ့ပုဂ္ဂိုလ်ဆိုတာ စွန့်လွှတ်နိုင်စွမ်းရှိတဲ့သူ၊ စွန့်လွှတ်ရဲတဲ့သတ္တိ အားကောင်းတဲ့သူ၊ စွန့်လွှတ်မှုကြီးမားတဲ့သူ ဖြစ်ရပါမယ်။ လူအများသာမက နတ်အများ၊ ဗြဟ္မာအများ၊ သတ္တဝါအများရဲ့ အားထားယုံကြည်မှုကို ခံယူရမယ့် မြတ်စွာဘုရားဆိုတော့ စွန့်လွှတ်မှုဂုဏ် ပိုပြီး ကြီးမားဖို့ လိုအပ်တာပေါ့။

စွန့်လွှတ်မှုဂုဏ် ကြီးမားဖို့ဆိုတာကလည်း 'ပြည့်စုံမှုဂုဏ်' ကြီးမားမှ ဖြစ်နိုင်တာပါ။ ပြည့်စုံမှုမှ ကြီးကြီးကျယ်ကျယ် မရှိရင် 'စွန့်လွှတ်နိုင်လိုက်တာ' လို့ ဘယ်လိုမှ ပြောလို့မရပါဘူး။ မိဖုရားမရှိ သားတော်မရှိတဲ့ ရှင်ဘုရင်ဘဝကို လူ့စည်းစိမ် အဘက်ဘက်က ပြည့်စုံတယ်လို့ မဆိုနိုင်တဲ့အတွက် ဘုရားဖြစ်မယ့်ဘဝမှာ ဘုရားအလောင်းတော်တိုင်း လူ့ပျိုမဟုတ်တာဟာ စွန့်လွှတ်မှုဂုဏ်အတွက် မရှိမဖြစ် လိုအပ်တဲ့ ပြည့်စုံမှုတစ်ခုပါပဲ။

'ဇနီးမယား သမီးသားတွေနဲ့ ကြီးပွားနေတယ်' ဆိုတဲ့ စကားအတိုင်း လောကီနယ်ပယ်မှာတော့ သားမယားဆိုတာ လူ့စည်းစိမ်ရဲ့ ပြည့်စုံမှုပြယုဂ်တစ်ခု ဖြစ်ပါတယ်။ သားမယားလောက် စွန့်လွှတ်ဖို့ ခက်ခဲတဲ့အရာလည်း မရှိဘူး မဟုတ်လား။ စွန့်လွှတ်မှုရဲ့ အထွတ်အထိပ် စံချိန်ကို ပြသဖို့အတွက် ဘုရားဖြစ်မယ့်ဘဝ ဘုရားအလောင်းတော်တွေမှာ သားမယားရှိနေတာဟာ သိပ်ကို သဘာဝကျပါတယ်။

တချို့ကလည်း ဘုရားအလောင်းတော်ရဲ့ စွန့်လွှတ်မှုကို လက်ညှိုးထိုး အားကိုးပြုပြီး အိမ်ထောင်ကျ၊ သားသမီးတစ်ယောက်၊

http://www.dhammadownload.com

သို့မဟုတ် နှစ်ယောက်သုံးယောက် ရပြီးကာမှ သာသနာ့ဘောင်ဝင်၊ ရဟန်းပြုဖို့ ဆုံးဖြတ်ကြတာ ရှိပါတယ်။ သားသမီး အရွယ်ရောက်၊ လူလားမြောက်သွားပြီဆိုရင်တော့ အထူးစဉ်းစားစရာ မလိုပေမယ့် သားသမီး အရွယ်မရောက်သေး၊ လူလားမမြောက်သေးဘူးဆိုရင် တော့ အသေအချာ အပြန်ပြန် အလှန်လှန် စဉ်းစားရပါမယ်။

ကိုယ်က ဒီဘဝ ဘုရားဖြစ်မယ့်သူ မဟုတ်တဲ့အတွက် 'ဘုရားလောင်းတောင် ဒီလိုလုပ်သေးတာပဲ'လို့ ကိုယ့်ကိုယ်ကို ဘုရား အလောင်းတော်နဲ့ သွားပြီး တန်းမညှိသင့်ပါဘူး။

ဘုရားလက်ထက်ကလည်း သားသမီးတစ်ယောက်ရပြီးမှ သံဝေဂဖြစ်ပြီး ရဟန်းပြု၊ တရားအားထုတ်၊ ရဟန္တာဖြစ်သွားကြတဲ့ အရှင်ကောင်း အရှင်မြတ်တွေ အများကြီး ရှိပါတယ်။ သဒ္ဓါတရား နဲ့ သံဝေဂဉာဏ် တကယ်ခိုင်မာသလို လောကီအာရုံ ကာမဂုဏ် ချမ်းသာတွေကိုလည်း ပြတ်ပြတ်သားသား တကယ်စွန့်လွှတ်နိုင်စွမ်း ရှိကြတဲ့သူတွေပါ။ ပါရမီပြည့်ပြီးသားပုဂ္ဂိုလ်တွေ ဆိုပါတော့။

သူတို့ကို အားကျပြီး ကိုယ်က လိုက်လုပ်မယ်ဆိုရင် ကိုယ့် သဒ္ဓါတရားနဲ့ ကိုယ့်သံဝေဂဉာဏ် တကယ်ခိုင်မာလေးနက်မှု ရှိမရှိ ဆန်းစစ်ကြည့်ဖို့ လိုသလို လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေကို ပြတ်ပြတ်သားသား တကယ်စွန့်လွှတ်နိုင်စွမ်း ရှိမရှိလည်း စမ်းသပ် ကြည့်ဖို့ လိုပါတယ်။ ကုသိုလ်ပါရမီတွေ ဖြည့်ကျင့်ချင်တဲ့စိတ်လည်း ထက်ထက်သန်သန် ရှိရမယ်ပေါ့။

အဲဒီလိုမှ မဟုတ်ဘဲ ကောက်ရိုးမီးလို ဝုန်းကနဲ ခေတ္တခဏ ထတောက်လာတဲ့ သဒ္ဓါတရား၊ သံဝေဂနဲ့ မဆင်မခြင် ကိုယ်လုပ်

http://www.dhammadownload.com

ချင်ရာ ရမ်းသမ်းလုပ်မယ်ဆိုရင်တော့ ကိုယ်လည်း သိက္ခာကျ၊ ကိုယ့်မိသားစုလည်း အရှက်ရပြီး ကိုယ်ရော၊ ကိုယ့်မိသားစုပါ ဆင်းရဲဒုက္ခတွေ တွေ့ကြုံခံစားရနိုင်ပါတယ်။

သဒ္ဓါတရားနဲ့ သံဝေဂဉာဏ် တကယ်ခိုင်မာပြီး စွန့်လွှတ်နိုင်စွမ်း တကယ်ကြီးမားတဲ့ ပါရမီရှင်တချို့တလေလောက်သာ အဲဒီလို စွန့်လွှတ်မှုမျိုးနဲ့ သာသနာ့ဘောင်မှာ တည်မြဲပြီး သာသနာ့အကျိုး၊ အများအကျိုး သယ်ပိုးနေကြပေမယ့် အများစုကတော့ စိတ်ထက်သန်တုန်းခဏ ဟုတ်သလိုလိုနဲ့ နောက်ဆုံးတော့ အဖျားရှုးပြီး ကာမနယ်တွင်း ပြန်သက်ဆင်းသွားကြတာချည်းပါပဲ။

ဒီလို အဖြစ်အပျက်မျိုးတွေ ကိုယ်တွေ့ကြုံဖူးပါများလို့ အရွယ်မရောက်သေးတဲ့ သားငယ်၊ သမီးငယ်လေးတွေကို စွန့်လွှတ်ပြီး သာသနာ့ဘောင်ဝင်ဖို့ လာရောက်လျှောက်ထားသူတိုင်းကို သားသမီးအရွယ်ရောက်မှ ဝင်သင့်ကြောင်း စဉ်းစားခိုင်းတာကို တရားနဲ့မညီဘူးလို့ အပြစ်ပြောချင်တဲ့သူတွေကလည်း ရှိပါသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် . . . အိမ်ထောင်ကျ၊ သားသမီးရပြီးမှ ရဟန်းဘဝ ရောက်လာရလို့ 'လူပျိုဘုရား တစ်ဆူမျှ မရှိပါဘူးလေ' လို့ ဖြေသိမ့်တာနဲ့ . . . အိမ်ထောင်မပြုရ မနေနိုင်လို့ 'လူပျိုဘုရားလုံးဝမရှိဘူးဟေ့' လို့ ကြွေးကြော်တာ . . . အနှစ်သာရချင်း လုံးဝမတူဘူးဆိုတာကိုတော့ အားလုံး နားလည်သဘောပေါက်ကြမှာပါ။

အမြင်ရှင်းကြပါစေ။

[အလင်းတန်းဂျာနယ်၊ နိုဝင်ဘာ(၁၄)(၂၁)၊ ၂၀၀၅။]

http://www.dhammadownload.com



http://www.dhammadownload.com

လူတစ်ယောက်ရဲ့ ဘဝတစ်ခုဟာ ပုဂ္ဂိုလ်တစ်ဦးရဲ့ စကားတစ်ခွန်းကြောင့် လက်ရှိအနေအထားကနေ ပြောင်းလဲတိုးတက်သွားခဲ့ရတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ကို အဲဒီလူရဲ့ 'ဘဝသခင်' လို့ သတ်မှတ်နိုင်ပါတယ်။ အဆင့်နိမ့်ဘဝကနေ အဆင့်မြင့်ဘဝကို မြှင့်တင်ပေးလိုက်တာမို့ 'ကျေးဇူးရှင်' လို့လည်း ကမ္ပည်းတင်နိုင်ပါတယ်။

သူ့ကြောင့် ပြောင်းလဲလာခဲ့ရတဲ့ ကိုယ့်ဘဝအဆင့်အတန်းဟာ နိမ့်ကျရွေ့လျောသွားခြင်း လုံးဝမရှိဘဲ တစ်ဆင့်ထက် တစ်ဆင့် မြင့်ပြီးရင်း မြင့်နေရတယ်ဆိုရင်တော့ ကိုယ့်ရဲ့ အဲဒီ 'ဘဝသခင်ကျေးဇူးရှင်' ကို ဘယ်တော့မှ မေ့ပျောက်လို့ ရမှာ မဟုတ်တော့ပါဘူး။ တစ်သက်တာ ထာဝရ သတိရနေတော့မှာပါပဲ။

စာရေးသူ အမြဲတမ်း သတိရနေတဲ့ စာရေးသူရဲ့ 'ဘဝသခင်ကျေးဇူးရှင်' ကတော့ ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး (အရှင်ဇနကာဘိဝံသ) ပါပဲ။

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ စကားတစ်ခွန်းကြောင့် စာရေးသူရဲ့ ဘဝဟာ လူဝတ်ကြောင်အဆင့်ကနေ ရှင်ရဟန်းအဆင့်ကို တိုးတက်ပြောင်းလဲလာခဲ့ရပါတယ်။

စာရေးသူ ကိုးတန်းကျောင်းသားဘဝမှာ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ မေ့မွစကြာတရားတော်စာအုပ်ကို ဖတ်ရှုခဲ့ရပါတယ်။

အဲဒီ စာအုပ်ထဲက စာရေးသူရဲ့ နှလုံးသားကို အရှိန်ပြင်းပြင်း ထိုးဖောက်ဝင်ရောက်ခဲ့တဲ့ စကားစုကတော့ 'ကိလေသာတွေဟာ နူနာရောဂါနဲ့ တူတယ်၊ ကာမဂုဏ်ချမ်းသာတွေဟာ မီးပုံကြီးနဲ့

http://www.dhammadownload.com

- ❑ ဆရာတော်ဘုရားကြီးရဲ့
- ❑ စကားတစ်ခွန်း၊ စာတစ်ကြောင်းကြောင့်
- ❑ ရှုပ်ထွေးနေတဲ့အသိဉာဏ်ရှင်းလင်းသွားသူတွေ၊
- ❑ စိတ်ဓာတ်အဆင့်နိမ့်ရာက
- ❑ စိတ်ဓာတ်အဆင့်မြင့်သွားသူတွေ၊
- ❑ သဘောထား ဆိုးယုတ်ရာက
- ❑ သဘောထား ကောင်းမြတ်သွားသူတွေ၊
- ❑ တရားမသိရာက တရားသိသွားသူတွေ၊
- ❑ တရားမရှိရာက တရားရှိသွားသူတွေ
- ❑ မရေမတွက်နိုင်အောင်များပြားလှမယ်ဆိုတာ . . .

တူတယ်၊ ကာမဂုဏ်ချမ်းသာ ခံစားနေတာဟာ နူနာရောဂါ ထလာလို့ ယားလွန်းတဲ့အတွက် မီးကင်ပြီး အယားဖျောက်နေတာနဲ့ တူတယ်' ဆိုတဲ့ စကားစုပါပဲ။

'ပုထုဇဉ် လူသားအားလုံးဟာ ကိုလေသာနူနာရောဂါသည်တွေချည်းပဲ' ဆိုတဲ့ စကားတစ်ခွန်းဟာ စာရေးသူရဲ့ ရင်ထဲမှာ အချိန်ရှိသမျှ ပွဲတင်ထပ်နေခဲ့ပါတယ်။

စာဖတ်တော့လည်း 'ဩော် . . . ငါမီးကင်နေတာ'၊ ထမင်းစားတော့လည်း 'ဩော် . . . ငါမီးကင်နေတာ'၊ အဝတ်ဝတ်တော့လည်း 'ဩော် . . . ငါ မီးကင်နေတာ'။

ကိုယ်ဘာပဲလုပ်လုပ် 'မီးကင်နေတာ , အယားဖျောက်နေ

http://www.dhammadownload.com

တာ' လို့ ဆင်ခြင်မိလျက်သား ဖြစ်နေသလို သူတစ်ပါးတွေ လုပ်နေ, ကိုင်နေ၊ ပျော်နေ,ပါးနေတာကို မြင်တိုင်းလည်း 'မီးကင်နေတာ, အယားဖျောက်နေတာ' လို့ပဲ အလိုလို တွေးမိလျက်သား ဖြစ်နေခဲ့ပါတယ်။

ဆင်ခြင်ဖန် , တွေးဖန် များလာတော့ မီးကင်နေရတဲ့ ဘဝ၊ အယားဖျောက်နေရတဲ့ ဘဝကို အရမ်း ငြီးငွေ့စက်ဆုပ်လာခဲ့ပါတယ်။ ကိုယ့်ကိုယ်ကို ရှက်လည်း ရှက် , ရွံလည်း ရွံခဲ့ပါတယ်။

နူနာသည်ဘဝက လွတ်မြောက်ချင်တဲ့ စိတ်တွေလည်း တစ်နေ့တခြား တားမနိုင် ဆီးမရ ပြင်းပြနေခဲ့ပါတယ်။

ဆေးကောင်းဝါးကောင်း မှီဝဲလိုက်လို့ နူနာရောဂါ ပျောက်ကင်းသွားတဲ့သူဟာ အရင်က မြိန်ရည်ရှက်ရည် မီးကင်ပြီး အယားဖျောက် အရသာခံခဲ့တဲ့ မီးပုံကြီးအနားကို လုံးဝ မသွားတော့သလို ကိလေသာ လုံးဝ ကင်းစင်သွားတဲ့ အရိယာပုဂ္ဂိုလ်မြတ်များ ကာမဂုဏ်ချမ်းသာကို ခံစားဖို့ လုံးဝ စိတ်မဝင်စားတော့တာ , ကာမဂုဏ်ချမ်းသာတွေကို သာယာဖွယ်လို့ လုံးဝ မထင်မှတ်တော့တာ, ကာမဂုဏ်ချမ်းသာတွေရဲ့ သာယာဖွယ် လုံးဝ မရှိတဲ့ ပင်ကို သဘာဝကို သိသွားတာကိုလည်း အထူး စိတ်ဝင်စားနေမိခဲ့ပါတယ်။

သမထ, ဝိပဿနာဆိုတဲ့ ဘာဝနာဆေးနဲ့ ကုသမှ ကိလေသာ နူနာရောဂါ ပျောက်ကင်းမှာမို့ ဘာဝနာဆေး အချိန်ပြည့် သောက်သုံးခွင့်ရတဲ့ ရှင်ရဟန်းဘဝကို အမြန်ဆုံး ကူးပြောင်းဖို့ အခိုင်အမာ ဆုံးဖြတ်ခဲ့ပါတယ်။

'ဆန္ဒကြီးရင် ကြံသမျှ ပြီးတယ်' ဆိုတဲ့ စကားအတိုင်း

http://www.dhammadownload.com

ဆယ်တန်းအောင်စာရင်းထွက်ပြီး တစ်ပတ်အတွင်းမှာပဲ စာရေးသူ မြတ်နိုးတောင့်တတဲ့ ရှင်ရဟန်းဘဝကို ကူးပြောင်းနိုင်ခဲ့ပါတယ်။

ပို့ပြီး ဝမ်းမြောက်စရာကောင်းတဲ့ အချက်ကတော့ စာရေးသူရဲ့ ဘဝအသစ်ကို ဆရာတော်ဘုရားကြီးရဲ့ မေတ္တာဓာတ်တို့ ဖြန့်ကြက်လွှမ်းခြုံရာ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးမှာပဲ စတင်တည်ဆောက်ခွင့်ရခြင်းပါပဲ။ လူဝတ်ကြောင်ဘဝကနေ ရှင်သာမဏေဘဝကိုလည်း မဟာဂန္ဓာရုံကျောင်းတိုက်မှာ ကူးပြောင်းခွင့် ရခဲ့သလို ရှင်သာမဏေဘဝကနေ ရဟန်းဘဝကိုလည်း မဟာဂန္ဓာရုံကျောင်းတိုက်မှာပဲ တက်လှမ်းခွင့် ရခဲ့ပါတယ်။

ပရိယတ္တိစာပေကိုလည်း ဆရာတော်ဘုရားကြီးရဲ့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ ဆရာတော်ဘုရားကြီး ရေးသားပြုစုတဲ့ ကျမ်းစာအုပ်တွေနဲ့ပဲ လေ့လာဆည်းပူးခွင့် ရခဲ့ပြန်ပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာအုပ်တွေက ပေးတဲ့ ပရိယတ္တိ အသိဉာဏ်နဲ့ပဲ ပဋိပတ္တိအလုပ်ကို အားထုတ်ခွင့် ရခဲ့ပြန်တာမို့ ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးတရားတွေကတော့ စာရေးသူရဲ့ အပေါ်မှာ တိုးပြီးရင်း တိုးရင်း , နက်ရှိုင်းပြီးရင်း နက်ရှိုင်းရင်းပါပဲ။

စာရေးသူရဲ့ ရှင်ရဟန်းဘဝဟာ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ဖန်တီးတည်ဆောက်ပေးလိုက်တဲ့ ဘဝဖြစ်လို့ ဆရာတော်ဘုရားကြီးကို စာရေးသူရဲ့ 'ဘဝသခင်' လို့ ပြောရင် မမှားပါဘူး။

ရှင်ရဟန်းဘဝမှာ ခံစားရတဲ့ တရားချမ်းသာ၊ တရားအရ

http://www.dhammadownload.com

သာတွေဟာလည်း ဆရာတော်ဘုရားကြီး ပေးကမ်းဝေမျှတာတွေ ချည်းမို့ ဆရာတော်ဘုရားကြီးဟာ စာရေးသူရဲ့ 'ကျေးဇူးရှင်' အစစ်လည်း ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ စကားတစ်ခွန်းကြောင့် စာရေးသူရဲ့ဘဝ ပြောင်းလဲတိုးတက်လာခဲ့ရသလို ဆရာတော်ဘုရားကြီးဟောတဲ့ တရား , ဆရာတော်ဘုရားကြီး ရေးတဲ့စာတွေထဲက ကိုယ်နဲ့ ဓာတ်ခိုက်ရာ စကားတစ်ခွန်း , စာတစ်ကြောင်းကြောင့် ဘဝတိုးတက်ပြောင်းလဲလာခဲ့သူတွေ ဒုနဲ့ဒေး ရှိလိမ့်မယ်လို့ စာရေးသူ ယုံကြည်ပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ စကားတစ်ခွန်း၊ စာတစ်ကြောင်းကြောင့် ရှုပ်ထွေးနေတဲ့ အသိဉာဏ် ရှင်းလင်းသွားသူတွေ၊ စိတ်ဓာတ်အဆင့်နိမ့်ရာက စိတ်ဓာတ်အဆင့်မြင့်သွားသူတွေ၊ သဘောထား ဆိုးယုတ်ရာက သဘောထား ကောင်းမြတ်သွားသူတွေ၊ တရားမသိရာက တရားသိသွားသူတွေ၊ တရားမရှိရာက တရားရှိသွားသူတွေ မရေမတွက်နိုင်အောင် များပြားလှမယ်ဆိုတာ ယုံမှားဖွယ်မရှိပါဘူး။

အထူးသဖြင့် သာသနာကို မကြည်ညိုသေးသူတွေကို သာသနာ ကြည်ညိုလာအောင် , သာသနာ မပြုတတ်သေးသူတွေကို သာသနာပြုတတ်လာအောင် သွန်သင်ညွှန်ကြားနိုင်ခဲ့တာကတော့ ဆရာတော်ဘုရားကြီးရဲ့ အထူးခြား အပြောင်မြောက်ဆုံး စွမ်းဆောင်ချက်ပါပဲ။

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေ

http://www.dhammadownload.com

အများကြီးရှိတဲ့အထဲက စာရေးသူ ဖော်ထုတ်ချင်တဲ့ ဂုဏ်ကျေးဇူးကတော့ 'မိမိ ဟောသောတရား , မိမိရေးသောစာဖြင့် သူတစ်ပါးတို့၏ ဘဝကို ပြောင်းလဲ တိုးတက်အောင် စွမ်းဆောင်နိုင်ခြင်း' ဆိုတဲ့ ဂုဏ်ပါပဲ။ အဲဒီဂုဏ် ပေါ်လွင်အောင် ကိုယ်တွေ့ဘဝနဲ့ ယှဉ်ပြီး ရေးလိုက်ရတာမို့ ကိုယ့်ဂုဏ်ကိုယ်ဖော်ရာများ ရောက်ခဲ့ရင် ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါရစေ။

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးဟာ စာရေးသူရဲ့ 'ဘဝသခင် ကျေးဇူးရှင်' ဖြစ်သလို လူပေါင်းများစွာရဲ့ 'ဘဝသခင် ကျေးဇူးရှင်' လည်း ဖြစ်နေမှာ သေချာပါတယ်။

ဆရာတော်ဘုရားကြီးသာ သက်တော်ထင်ရှား ရှိနေဦးမယ်ဆိုရင် ရာပြည့်မွေးနေ့ရှင် ဆရာတော်ဘုရားကြီးရဲ့ ခြေဖဝါးတော်အစုံမှာ ကပ်ငြိနေတဲ့ ဖုန်မှုန့်တွေကို စာရေးသူရဲ့ ပါးပြင်နှစ်ဖက်နဲ့ ပွတ်သုတ်သန့်စင်ပေးရင်း ပူဇော်ချင်လှပါတယ်။

ဒါပေမဲ့ ဆရာတော်ဘုရားကြီး လိုလားတောင့်တတဲ့ ဗုဒ္ဓအလိုတော်ကျ သာသနာပြုနည်းနဲ့ သာသနာပြုနိုင်တဲ့ ရဟန်းကောင်း ရဟန်းမြတ်တစ်ပါးဖြစ်အောင် ကျင့်ကြံအားထုတ်ခြင်းဖြင့်သာ ဆရာတော်ဘုရားကြီးကို အစစ်အမှန် ကျေးဇူးဆပ်ရာ, အမွန်အမြတ် ပူဇော်ရာရောက်မှာမို့ ဆရာတော်ဘုရားကြီး သွတ်သွင်းပေးခဲ့တဲ့ စာရေးသူရဲ့ ဘာသာသွေးကို နွေးသည်ထက် နွေးအောင် အမြဲနွေးနေဖို့ပဲ ဆုံးဖြတ်ချက်ချလိုက်မိပါတယ်။ ။

[ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏
မွေးနေ့ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်]



| ၁ |

အဲဒီနေ့က ဘုဉ်းပေးခဲ့ရတဲ့ အရုဏ်ဆွမ်းကို ဒီတစ်သက် ဘယ်တော့မှ မေ့မှာ မဟုတ်တော့ပါဘူး။

စာရေးသူတို့ရဲ့ မဟာဂန္ဓာရုံကျောင်းတိုက် (အမရပူရ)မှာ အလှူရှင် သီးခြားမရှိတဲ့နေ့တွေဆိုရင် အရုဏ်ဆွမ်းကို



http://www.dhammadownload.com

ဆွမ်းအဖြူပဲ စွန်တာနီပဲပြုတ်၊ ငံပြာရည်ချက်တို့နဲ့ ဘုဉ်းပေးကြရပါတယ်။

အလှူရှင် သီးခြားရှိရင်တော့ အများအားဖြင့် မုန့်ဟင်းခါး ဆွမ်း၊ မုန့်တီလက်သုပ်ဆွမ်း၊ ပဲထပ်တစ်ရာဆွမ်း၊ စမူဆာဆွမ်း အစရှိတဲ့ ပေါ့ပေါ့ပါးပါး ဆွမ်းဘောဇဉ်တွေ ဘုဉ်းပေးကြရပါတယ်။ အရုဏ်ဆွမ်းအလှူရှင်တွေက ဆွမ်းအဖြူ ကပ်လေ့ကပ်ထ သိပ်မရှိပါဘူး။

အဲဒီနေ့ကတော့ အရုဏ်ဆွမ်းကို နေ့ဆွမ်းပုံစံအတိုင်း ဟင်းလျာသုံးမျိုးနဲ့ ဆွမ်းအဖြူ ဘုဉ်းပေးရပါတယ်။ မှတ်မှတ်ရရ အဓိကဟင်းလျာက ဆိတ်သားနဲ့ အာလူး ရောချက်ထားတဲ့ဟင်း၊ မဆလာနံ့လေး သင်းလို့ . . .။

ကျောင်းတိုက်ရဲ့ ထုံးစံအတိုင်း အရုဏ်ဆွမ်း စားပြီးတာနဲ့ နံနက်ခင်း ဩဝါဒခံယူဖို့ ဩဝါဒခန်းမဆီကို ခပ်သုတ်သုတ် သွားရပါတယ်။ ခန်းမနားရောက်ခါနီးမှ ကိုရင်တစ်ပါးက ဆီးပြောပါတယ်။

‘ဒီနေ့အရုဏ်ဆွမ်းကပ်တာ ဒီနှစ် တိပိဋကရတဲ့ ယောဆရာတော်’ တဲ့ . . .။

‘ဘုရားရေ . . .၊ ဒီလိုမှန်းသိ ခုနတုန်းက ဆိတ်သား တစ်တုံး ပိုစားလိုက်ပါရဲ့၊ တိပိဋကဓာတ်တွေ ကူးသွားအောင်’

တိုက်တိုက်ဆိုင်ဆိုင် . . .

စာရေးသူ သာသနာ့ဘောင်ကို အပြီးတိုင် ဝင်ရောက်တဲ့ နှစ်မှာပဲ ယောဆရာတော်ဘုရားကလည်း တိပိဋက စာမေးပွဲကို

http://www.dhammadownload.com

အာဂုံရော၊ ရေးဖြေပါ အပြီးတိုင် အောင်မြင်ပြီး ပဋ္ဌမမြောက် တိပိဋကဓရ ဖြစ်လာခဲ့ပါတယ်။

တစ်နှစ်တည်း ရေစက်ဆုံသူမို့ တခြား တိပိဋကဆရာတော်တွေထက် ပိုပြီး အမှတ်ထင်ထင် ဖြစ်ခဲ့ရာက အခုလို လူကိုယ်တိုင် အနီးကပ် ဖူးတွေ့ရတော့မယ်ဆိုတော့ စာရေးသူမှာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ ဘယ်လိုကနေဘယ်လို ဩဝါဒခန်းမထဲရောက်သွားမှန်းတောင် မသိတော့ပါဘူး။

အဲဒီနေ့က အရှုဏ်ဆွမ်းအလှူရှင်၊ နေ့ဆွမ်းအလှူရှင်အားလုံးအတွက် အနုမောဒနာတရားကို ခါတိုင်းဟောနေကျ နာယကဆရာတော် (အရှင်ကုဏ္ဍလာဘိဝံသ)က မဟောဘဲ တိပိဋကဓရ ဆရာတော်ဘုရားကပဲ ဟောကြားပေးခဲ့ပါတယ်။

စာရေးသူ မှတ်မိနေတာက မိုးသီးဥပမာ။

'မိုးသီးတွေ ကြွေနေတဲ့အချိန် မိုးသီးတစ်လုံးပြီး တစ်လုံး လိုက်ကောက်ပြီး ခွက်ထဲထည့်ထား၊ လက်ခုပ်ထဲ ထည့်ထား၊ ရှေ့က ကောက်, နောက်က အရည်ပျော်၊ ရှေ့က ကောက်, နောက်က အရည်ပျော်နဲ့ နောက်ဆုံးတော့ ကောက်ထားသမျှ မိုးသီးတွေ တစ်လုံးမှ ခွက်ထဲ, လက်ထဲမှာ အစိုင်အခဲအဖြစ်နဲ့ မကျန်တော့ဘူး။ အားလုံး အရည်ပျော်ကုန်တယ်'

'လောကီစည်းစိမ်တွေ၊ ကာမဂုဏ်ချမ်းသာတွေဆိုတာလည်း မိုးသီးလိုပါပဲ၊ ရှေ့ကရှာ, နောက်ကကုန်၊ ရှေ့ကရ, နောက်က ကုန်၊ ရှာလိုက်, ရလိုက်, ကုန်သွားလိုက်၊ ရှာလိုက်, ရလိုက်, ကုန်သွားလိုက်နဲ့ နောက်ဆုံးကျတော့ ကိုယ့်လက်ထဲမှာ ကိုယ်ပိုင်

http://www.dhammadownload.com

အဖြစ်နဲ့ ဘာမှမကျန်တော့ဘူး'

'ဒါ့ကြောင့် ကုန်တတ်တဲ့ ပစ္စည်းဥစ္စာတွေထဲက မကုန်တတ်တဲ့ ကုသိုလ်တရားတွေကို အနှစ်ထုတ်ယူ စုဆောင်းတတ်ရမယ်'

ဩဝါဒပွဲပြီးသွားလို့ သံဃာအားလုံး ခန်းမဆောင်ကနေ ပြန်ကြွသွားတဲ့အခါမှာတော့ ဩဝါဒကုလားထိုင်ပေါ်မှာ သီတင်းသုံးနေဆဲဖြစ်တဲ့ ယောဆရာတော်ဘုရားဆီကို စာရေးသူတစ်ပါးတည်း သီးသန့် သွားကန်တော့လိုက်ပါတယ်။ မဟာဂန္ဓာရုံ နာယကဆရာတော်ဘုရားများကလည်း ယောဆရာတော်ဘုရားကို စာရေးသူနဲ့ မိတ်ဆက်ပေးကြပါတယ်။

'တွေ့တုန်းဆုံခိုက် ဘုရားတပည့်တော်အတွက် သီးခြား ဩဝါဒပေးတော်မူပါဘုရား'

'ကိုရင်ဆန္ဒာဓိကဆိုတော့ ဆန္ဒာဓိပတိပေါ့၊ ဆန္ဒကို အဓိပတိတပ်ပြီး အကြီးအမှူးတင်ထားမှတော့ အရာရာ အောင်မြင်ပြီပေါ့ဗျာ၊ ဘာများ ဩဝါဒပေးနေစရာ လိုသေးလဲဗျာ့'

'အဲဒီလိုလည်း မဟုတ်ပါဘုရား၊ ဘုရားတပည့်တော်ရဲ့ ဘဝနဲ့သက်ဆိုင်တဲ့ သီးခြား အဆုံးအမလေး တစ်ခွန်းလောက်ဖြစ်ဖြစ် နာယူချင်လို့ပါဘုရား။ ဘုရားတပည့်တော်ကို သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် မိန့်ကြားတော်မူပါဘုရား'

'နောက်က ဆွဲအားတွေကို ကြံ့ကြံ့ခံနိုင်ဖို့ အရေးကြီးပါတယ်၊ ဆွဲအားတွေရဲ့ နောက်ကို ပါမသွားအောင် အထူး သတိထားပေါ့၊ နောက်က ဆွဲအားတွေဆိုတာ ဘာတွေလဲ ကိုရင်သိပါ

http://www.dhammadownload.com

တယ်'

'မှန်ပါအရှင်ဘုရား၊ ဆရာတော်ဘုရားရဲ့ ဆုံးမဩဝါဒကို တစ်သက်လုံး လိုက်နာသွားပါ့မယ်ဘုရား၊ ကာမဂုဏ်ဆွဲအား, ကိလေသာဆွဲအားတွေရဲ့နောက်ကို ကောက်ကောက်ပါမသွားအောင် ဘုရားတပည့်တော် အထူးသတိထားပြီး ကြိုးစားသွားပါ့မယ်ဘုရား'

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်၊ ၁၃၄၆ ခုနှစ်ရဲ့ ရက်မြတ် မင်္ဂလာ နေ့သစ်တစ်ခုမှာ ဘုဉ်းပေးခဲ့ရတဲ့ ဆိတ်သားနဲ့ အာလူး ရောချက်ထားတဲ့ ဟင်းတစ်ခွက်ရယ်၊ မိုးသီးနဲ့ ဆွဲအား ရောစပ်ထားတဲ့ ဩဝါဒ တစ်စုံရယ်ကို ဒီတစ်သက် ဘယ်တော့မှ မေ့မှာ မဟုတ်တော့ပါဘူး၊ အမြဲတမ်းထာဝရ သတိရနေတော့မှာပါ။

[ ၂ ]

'ကာမဂုဏ်ဆွဲအားနောက် ကောက်ကောက်ပါသွားတဲ့ ရဟန်းဟာ တိုက်ပွဲကျ ရဟန်းပေါ့ . . . ၊ ကိလေသာဆွဲအားကို မတွန်းလှန်နိုင်တဲ့ ရဟန်းဟာ စစ်ရှုံးရဟန်းပေါ့ . . . ၊ ဟင့်အင်း . . . ဟင့်အင်း၊ တိုက်ပွဲကျရဟန်းတော့ ငါ လုံးဝ မဖြစ်စေရဘူး . . . ၊ စစ်ရှုံးရဟန်းလည်း ငါ လုံးဝ အဖြစ်မခံနိုင်ဘူး . . . '

ယောဆရာတော်ဘုရားရဲ့ 'ဆွဲအား' အဆုံးအမကို ဦးထိပ်ပန်ဆင်ရင်း ပရိယတ်၊ ပဋိပတ်အလုပ်တွေနဲ့ ကိလေသာတိုက်ပွဲဆင်နွှဲနေရာက သာမဏေသကျသီဟ (ကိုရင်စာမေးပွဲ) ဒုတိယဆင့်ရဲ့ အင်္ဂုတ္တိုရ်ပါဠိတော် စာဝါတစ်နေရာအရောက်မှာတော့ 'သာသနဒူသူရဲကောင်း'၊ 'သာသနဒူအာဇာနည်' အကြောင်း ဟော

http://www.dhammadownload.com

ကြားထားတဲ့ သုတ္တန်နှစ်ခုကို ဘွားခနဲ သွားတွေ့လိုက်ရပါတယ်။ ပထမ ယောဓာဇီဝသုတ္တန်နဲ့ ဒုတိယ ယောဓာဇီဝသုတ္တန်။

ပထမသုတ္တန်မှာ မြတ်စွာဘုရားရှင်က ရဟန်းငါးမျိုးကို စစ်သည်ငါးမျိုးနဲ့ ဥပမာပေးပြီး ဟောကြားတော်မူထားပါတယ်။

ပထမစစ်သည်က . . . တစ်ဖက်စစ်တပ်ရဲ့ စစ်ချီစစ်တက်ရာက ထွက်ပေါ်လာတဲ့ မြူမှုန်တွေ၊ ဖုန်မှုန့်တွေကို မြင်ရရုံနဲ့ ထိတ်လန့် တုန်လှုပ်ပြီး နောက်ဆုတ်ထွက်ပြေးတဲ့စစ်သည် ဖြစ်ပါတယ်။

အဲဒီစစ်သည်လိုပဲ . . . တချို့ရဟန်းတော်တွေဟာ ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသမှာ ဘယ်မိန်းကလေးကတော့ သိပ်ချော သိပ်လှတာပဲ၊ သိပ်ဖြောင့် သိပ်တောင့်တာပဲလို့ သတင်းကြားရရုံနဲ့ သာသနာ့ဘောင်မှာ မပျော်မွေ့တော့ဘဲ သိက္ခာချ လူထွက်သွားတတ်ကြပါတယ်။

ဒုတိယစစ်သည်က . . . တစ်ဖက်စစ်တပ်ရဲ့ တံခွန်တွေ၊ အလံတွေကို မြင်ရရုံနဲ့ ထိတ်လန့်တုန်လှုပ်ပြီး နောက်ဆုတ် ထွက်ပြေးတဲ့စစ်သည် ဖြစ်ပါတယ်။

အဲဒီစစ်သည်လိုပဲ . . . တချို့ရဟန်းတော်တွေဟာ သိပ်ချောသိပ်လှ၊ သိပ်ဖြောင့်သိပ်တောင့်တဲ့ အမျိုးသမီးတွေကို မြင်တွေ့ရတဲ့အခါ သာသနာ့ဘောင်မှာ မပျော်မွေ့တော့ဘဲ သိက္ခာချ လူထွက်သွားတတ်ကြပါတယ်။

တတိယစစ်သည်က . . . တစ်ဖက်စစ်တပ်ရဲ့ ဆင်သံ၊ မြင်းသံ၊ စစ်ချီသံတွေ၊ စည်သံ၊ မောင်းသံ၊ ကြွေးကြော်သံတွေ ကြား

http://www.dhammadownload.com

ရရုံနဲ့ ထိတ်လန့်တုန်လှုပ်ပြီး နောက်ဆုတ်ထွက်ပြေးတဲ့ စစ်သည်ဖြစ်ပါတယ်။

အဲဒီစစ်သည်လိုပဲ . . . တချို့ရဟန်းတော်တွေဟာ အမျိုးသမီးတွေရဲ့ စကားပြောဆိုမှု၊ ပြုံးရွှင်ရယ်မောမှု၊ ကျီစယ်နောက်ပြောင်မှုတွေနဲ့ ကြုံဆုံလာရတဲ့အခါ သာသနာ့ဘောင်မှာ မပျော်မွေ့တော့ဘဲ သိက္ခာချ လူထွက်သွားတတ်ကြပါတယ်။

စတုတ္ထစစ်သည်က . . . တစ်ဖက်စစ်တပ်ရဲ့ အနည်းငယ်မျှ ရိုက်နှက်သတ်ပုတ်ထိုးခုတ်ခံရရုံ၊ လက်နက် အနည်းငယ်ထိရုံနဲ့ ထိတ်လန့်တုန်လှုပ်ပြီး နောက်ဆုတ်ထွက်ပြေးတဲ့ စစ်သည်ဖြစ်ပါတယ်။

အဲဒီစစ်သည်လိုပဲ . . . တချို့ရဟန်းတော်တွေဟာ အမျိုးသမီးတွေရဲ့ အနီးကပ်ထိုင်ခြင်း၊ အနီးကပ်အိပ်ခြင်း၊ ခန္ဓာကိုယ်အသားချင်း ထိတွေ့ပွတ်သပ် ကပ်ဖိခြင်းတွေနဲ့ ကြုံတွေ့လာရတဲ့အခါ သိက္ခာတောင် ချချိန်မရတော့ဘဲ သက်နုံးဝတ်ကြီးနဲ့ ဖိုမအာရုံကာမဂုဏ်ခံစား (မေထုန်မှီဝဲ) တတ်ကြပါတယ်။

ပဉ္စမစစ်သည်က . . . တစ်ဖက်စစ်တပ်ရဲ့ ရိုက်နှက်သတ်ပုတ် ထိုးခုတ်မှုကို ဘယ်လိုပဲ ခံရခံရ၊ လက်နက်ကြီးငယ် ဘယ်လောက်ပဲ ထိထိ၊ အသက်မသေသေးသမျှ လုံးဝ အရှုံးမပေးဘဲ စစ်ပွဲကို နိုင်အောင် တိုက်ပြီး အောင်ပန်းယူ၊ အောင်လံထူနိုင်တဲ့ စစ်သည်ဖြစ်ပါတယ်။

အဲဒီစစ်သည်လိုပဲ . . . တချို့ ရဟန်းတော်တွေဟာ အမျိုးသမီးတွေရဲ့ အနီးကပ်ထိုင်ခြင်း၊ အနီးကပ်အိပ်ခြင်း၊ ခန္ဓာကိုယ်

http://www.dhammadownload.com

အသားချင်း ထိတွေ့ပွတ်သပ်ကပ်ဖိခြင်းတွေနဲ့ ဘယ်လိုပဲ ကြုံတွေ့ရ ကြုံတွေ့ရ၊ လုံးဝ စိတ်ဖောက်ပြန်ခြင်း မရှိဘဲ လွတ်ရာကျွတ်ရာကို အတင်းရုန်းကန်ထွက်ပြေးပြီး ဈာန်မဂ်ဖိုလ်တရားတွေကို ရအောင် ယူနိုင်ကြ၊ ရဟန္တာဖြစ်တဲ့အထိ တရားဘာဝနာအလုပ်ကို အားထုတ်နိုင်ကြပါတယ်။

အဲဒီစစ်သည်ငါးမျိုးထဲမှာ ရှေ့စစ်သည်လေးမျိုးလုံး တိုက်ပွဲကျစစ်သည်၊ စစ်ရှုံးစစ်သည်တွေဖြစ်ပြီး နောက်ဆုံးစစ်သည်သာ သူရဲကောင်းစစ်သည်၊ အာဇာနည်စစ်သည် ဖြစ်သလို အဲဒီရဟန်းငါးမျိုးထဲမှာလည်း ရှေ့ရဟန်းလေးမျိုးလုံး တိုက်ပွဲကျရဟန်း၊ စစ်ရှုံးရဟန်းဖြစ်ပြီး၊ နောက်ဆုံးရဟန်းသာ သူရဲကောင်းရဟန်း၊ အာဇာနည်ရဟန်း ဖြစ်ပါတယ်။

ဒုတိယယောဓာဇီဝသုတ္တန်မှာလည်း . . . ရှေ့တန်းစစ်မြေပြင်မှာတွင် သေတဲ့စစ်သည်၊ ဒဏ်ရာရပြီး နောက်တန်းဆွေမျိုးတွေဆီ မရောက်ခင် သေတဲ့စစ်သည်၊ ဒဏ်ရာရပြီး နောက်တန်းဆွေမျိုးတွေဆီရောက်မှ သေတဲ့စစ်သည်၊ ဒဏ်ရာရပြီး နောက်တန်းဆွေမျိုးတွေဆီ ရောက်ပေမယ့် မသေတဲ့စစ်သည်၊ စစ်ပွဲကို အနိုင်ရအောင် တိုက်နိုင်တဲ့စစ်သည်လို့ စစ်သည်ငါးမျိုးရှိသလို . . .

ကိုယ်နှုတ်စိတ်ကို မစောင့်စည်းဘဲ သတိလက်လွတ် ဣန္ဒြေသိက္ခာမဲ့ သွားလာနေထိုင်တဲ့အတွက်ကြောင့် မလုံ့တလုံ၊ မပေါ် တပေါ် ဝတ်စားထားတဲ့ အမျိုးသမီးတွေကို မြင်ရတွေ့ရတဲ့အခါ ရာဂ ကိလေသာ ထကြွပြီး သိက္ခာတောင်မချတော့ဘဲ မေထုန်မှီဝဲတဲ့ ရဟန်း၊ ကျောင်းပြန်မရောက်မီ လမ်းခရီးမှာပဲ လူထွက်တဲ့

http://www.dhammadownload.com

ရဟာန်း၊ ကျောင်းပြန်ရောက်လို့ သီတင်းသုံးဖော်တွေက ကာမဂုဏ် အပြစ် ပြောပြီး နားချပါလျက် လူထွက်တဲ့ရဟန်း၊ ကျောင်းပြန် ရောက်လို့ သီတင်းသုံးဖော်တွေက ကာမဂုဏ်အပြစ်ပြောပြီး နားချ တဲ့အခါ သတိသံဝေဂရပြီး လူမထွက်တော့တဲ့ရဟန်းနဲ့ . . .

ကိုယ်နှုတ်စိတ်ကို စောင့်စည်းပြီး သတိကြီးစွာ ဣန္ဒြေ သိက္ခာနဲ့ သွားလာနေထိုင်တဲ့အတွက်ကြောင့် ဘယ်လိုအမျိုးသမီး အာရုံ ဘယ်လို အကောင်းအဆိုးအာရုံကြောင့်မှ ရာဂ၊ ဒေါသစတဲ့ ကိလေသာတွေ မဖြစ်တော့ဘဲ၊ ဈာန်မဂ်ဖိုလ်တရားထူးများရအောင် အားထုတ်နိုင်တဲ့ ရဟန်းလို့ ရဟန်းငါးမျိုးရှိကြောင်း မြတ်စွာဘုရား ဟောကြားတော်မူထားပါတယ်။

ဒီရဟန်းငါးမျိုးမှာလည်း ရှေ့ရဟန်းသုံးမျိုးက တိုက်ပွဲကျ ရဟန်း၊ စစ်ရှုံးရဟန်းဖြစ်ပြီးနောက်ရဟန်းနှစ်မျိုးသာ သူရဲကောင်း ရဟန်း၊ အာဇာနည်ရဟန်း ဖြစ်ပါတယ်။

## [ ၃ ]

ယောဓာဇီဝသုတ္တန်နှစ်ခုလုံးမှာ . . . အမျိုးသားကို အဆွဲ ဆောင်နိုင်ဆုံးအာရုံဟာ အမျိုးသမီးအာရုံဖြစ်လို့ အမျိုးသမီးအာရုံ ကိုပဲ 'ဆွဲအား' အဖြစ် အထွတ်အထိပ်အနေနဲ့ မြတ်စွာဘုရား ဟော ကြားတော်မူထားပါတယ်။

တကယ်တမ်းကတော့ သက်ရှိ သက်မဲ့ ဘယ်ကာမဂုဏ် အာရုံမဆို ရဟန်းသာမဏေတွေရဲ့ စိတ်ကို လူ့ဘဝအထိ ဆွဲချပစ် နိုင်တဲ့ 'ဆွဲအား' တွေချည်းပါပဲ။ လူထွက်တဲ့အဆင့်အထိ နိမ့်ကျမ

http://www.dhammadownload.com

ဗုဒ္ဓါနုဿတိပွားများရင်
ဘုရားကို ကြည်ညို ဘုရားကို အားကျပြီး
ဘုရားလို ပါရမီဖြည့်ချင်တဲ့စိတ်တွေ
ထက်သန်လာနိုင်ပါတယ်။
ကိုယ်ရထားတဲ့ ရဟန်းသာမဏေဘဝဟာ
ပါရမီဖြည့်ဖို့ အကောင်းဆုံးဘဝပဲလို့
သဘောပေါက်ပြီး ကိုယ့်ဘဝကိုယ်
တန်ဖိုးထားတဲ့စိတ် ခိုင်မြဲလာနိုင်ပါတယ်။
မေတ္တာဘာဝနာပွားများရင်
သူတစ်ပါးလှူဒါန်းတဲ့ ပစ္စည်းလေးပါးကို
ကြွေးကင်းစွာ သုံးစွဲခွင့်ရတဲ့အပြင်
အများအကျိုးသယ်ပိုးရွက်ဆောင်ချင်တဲ့
စိတ်တွေလည်း နိုးကြားလာနိုင်ပါတယ်။

သွားတောင် လောဘ၊ ဒေါသ စတဲ့ ကိလေသာတွေ တိုးပွားပြီး စိတ်စွမ်းရည် နိမ့်ကျညံ့ဖျင်းသွားအောင်တော့ ဆွဲဆောင်နိုင်ပါတယ်။

မြင့်မြတ်တဲ့ ရဟန်းသာမဏေဘဝကနေ နိမ့်ယုတ်တဲ့ လူဝတ်ကြောင်ဘဝကို ခုန်ဆင်းသွားတာဟာ ကာမဂုဏ်ဆွဲအား၊ ကိလေသာဆွဲအားတွေရဲ့ ဒဏ်ကို ကြံ့ကြံ့မခံနိုင်လို့ပါ။ လူမထွက်ပေ

http://www.dhammadownload.com

မယ့် ရဟန်းသာမဏေဘဝမှာ လောဘစိတ်ဖြစ်လိုက်၊ ဒေါသစိတ်ဖြစ်လိုက်၊ မာနစိတ်ဖြစ်လိုက်၊ ဣဿာ၊ မစ္ဆရိယစိတ်ဖြစ်လိုက်နဲ့ ကိလေသာစိတ်တွေ တစ်ခုမဟုတ်တစ်ခု ဖြစ်နေတာဟာလည်း ကာမဂုဏ်ဆွဲအား၊ ကိလေသာဆွဲအားတွေရဲ့ ဒဏ်ကို ကြံ့ကြံ့မခံနိုင်လို့ပါပဲ။

'ကာမဂုဏ်ဆွဲအား' တွေကို ခံနိုင်ရည်ရှိဖို့အတွက် ကိုယ့်နှလုံးသားထဲမှာ 'တရားစွဲအား' ကြီးမားခိုင်ခံ့နေဖို့ အထူးလိုအပ်ပါတယ်။ 'တရားစွဲအား' ဆိုတဲ့နေရာမှာ 'ဆင်ခြင်မှုစွဲအား' နဲ့ 'ရှုမှတ်မှုစွဲအား' ရယ်လို့ စွဲအားနှစ်မျိုး ရှိပါတယ်။

'ဆင်ခြင်မှုစွဲအား' ဆိုတာကတော့ ကိုယ်ကြုံတွေ့နေရတဲ့ အဖြစ်အပျက်၊ ကိုယ်ဆုံစည်းနေရတဲ့ အာရုံနဲ့ ပတ်သက်ပြီး ကိလေသာ မဖြစ်အောင်၊ အကုသိုလ်မပွားအောင် အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျောညီထွေစွာ စနစ်တကျ နှလုံးသွင်းဆင်ခြင်နိုင်မှုပါပဲ။ ဘယ်အာရုံနဲ့ပဲကြုံကြုံ စိတ်ကောင်းဝင်အောင် စဉ်းစားတတ်တဲ့ သဘော၊ ကုသိုလ်ဖြစ်အောင် တွေးတောတတ်တဲ့သဘောကို 'ဆင်ခြင်မှုစွဲအား' လို့ ခေါ်ပါတယ်။

ကာမဂုဏ်အာရုံတွေအပေါ် စိတ်ညွတ်ကိုင်းမှု ဖြစ်မယ်ကြံရင် ကာမဂုဏ်ရဲ့ အပြစ်၊ ကာမရာဂရဲ့အပြစ်ကို စာတွေ့နဲ့လက်တွေ့ ဆက်စပ်ပြီး နှလုံးသွင်း ဆင်ခြင်တတ်တာဟာလည်း 'ဆင်ခြင်မှုစွဲအား' ပါပဲ။ ကာမဂုဏ်အားလုံးကို ကိုယ်မခံစားဖူးပေမယ့် ခံစားဖူးတဲ့ ကာမဂုဏ်တွေရဲ့ 'သာယာမှုနည်းပါးတဲ့သဘော၊ ဆင်းရဲပင်ပန်းမှု များပြားတဲ့သဘော' ကို သေချာမြင်အောင် ကြည့်တတ်

http://www.dhammadownload.com

မယ်ဆိုရင် ကိုယ်မခံစားဖူးသေးတဲ့ ကာမဂုဏ်တွေရဲ့ အပြစ်ကို လည်း ရှင်းရှင်းလင်းလင်း သိမြင်လာနိုင်ပါတယ်။

ကိုယ့်ပတ်ဝန်းကျင်က လူဝတ်ကြောင်တွေရဲ့ သားကျွန်၊ မယားကျွန်အဖြစ် ကာမဂုဏ်ဒုက္ခ ကုန်းရုန်းခံနေရပုံကို ကြည့်ပြီး တော့လည်း သတိသံဝေဂ ပွားများနိုင်ပါတယ်။ သူများဒုက္ခကို ကြည့်ပြီး ကိုယ်ဒုက္ခမဖြစ်အောင် ရှောင်လွှားတတ်တာဟာလည်း 'ဆင်ခြင်မှုစွဲအား' ပါပဲ။

'ရှုမှတ်မှုစွဲအား' ဆိုတာကတော့ မိမိအားသန်ရာ မူလ ပင်တိုင်ကမ္မဋ္ဌာန်းနဲ့ အခြံအရံကမ္မဋ္ဌာန်းတွေကို အချိန်မရွေး၊ နေရာ မရွေး၊ အလုပ်မရွေး၊ ကြိယာပုတ်မရွေး ရှုမှတ်ပွားများခြင်းပါပဲ။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ၊ ဘာဝနာနှစ်မျိုး ပွားကြိုးအား ထုတ်တာကို 'ရှုမှတ်မှုစွဲအား' လို့ ခေါ်ပါတယ်။

စာသင်သား ရဟန်းသာမဏေတွေအနေနဲ့ အနည်းဆုံး ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အာနာပါန၊ ကမ္မဋ္ဌာန်းသုံးမျိုးလောက်တော့ စွဲစွဲမြဲမြဲ လက်ကိုင်ထား ပွားများသင့်ပါတယ်။

ဗုဒ္ဓါနုဿတိပွားများရင် ဘုရားကို ကြည်ညို၊ ဘုရားကို အားကျပြီး ဘုရားလို ပါရမီဖြည့်ချင်တဲ့စိတ်တွေ ထက်သန်လာနိုင် ပါတယ်။ ကိုယ်ရထားတဲ့ ရဟန်းသာမဏေဘဝဟာ ပါရမီဖြည့်ဖို့ အကောင်းဆုံးဘဝပဲလို့ သဘောပေါက်ပြီး ကိုယ့်ဘဝကိုယ် တန်ဖိုး ထားတဲ့စိတ် ခိုင်မြဲလာနိုင်ပါတယ်။

မေတ္တာဘာဝနာပွားများရင် သူတစ်ပါးလှူဒါန်းတဲ့ ပစ္စည်း လေးပါးကို ကြွေးကင်းစွာ သုံးစွဲခွင့်ရတဲ့အပြင် အများအကျိုးသယ်

http://www.dhammadownload.com

ပိုးရှက်ဆောင်ချင်တဲ့စိတ်တွေလည်း နိုးကြားလာနိုင်ပါတယ်။ အများအကျိုးကို အဖြူစင်ဆုံးနဲ့ အကျယ်ပြန့်ဆုံး ဆောင်ရွက်နိုင်တဲ့ ဘဝဟာ ရဟန်းဘဝပဲလို့ နားလည်ပြီး ကိုယ့်ဘဝကိုယ် မြတ်နိုးတဲ့ စိတ် တည်တံ့လာနိုင်ပါတယ်။

အာနာပါနသတိပွားများရင် မကောင်းတဲ့အတွေး၊မသင့်တဲ့ အကြံတွေ မတွေးမကြံဖြစ်တော့ဘဲ စိတ်တည်ငြိမ်အေးချမ်းမှု ရင့်ကျက်လာနိုင်ပါတယ်။ အကြောင်းမသင့်လို့ ကိလေသာစိတ် တစ်ခုခု ဖြစ်ပေါ်လာရင်လည်း တစ်ခဏချင်း ပယ်ဖျောက်နိုင်ပြီး ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာနိုင်ပါတယ်။

တရားစာပေ ဖတ်ရှုခြင်း၊ တရားဒေသနာ နာကြားခြင်း ဆိုတဲ့ ပရိယတ္တိအလုပ်ကို ပီပီပြင်ပြင် ကြိုးစားရင် 'ဆင်ခြင်မှုစွဲအား' ကြီးမားလာနိုင်သလို တရားနဲ့အညီ စိတ်ထားခြင်း၊ တရားဘာဝနာ အားထုတ်ခြင်းဆိုတဲ့ ပဋိပတ္တိအလုပ်ကို ပြတ်ပြတ်သားသား အားထုတ်ရင် 'ရှုမှတ်မှုစွဲအား' ခိုင်ခံ့လာနိုင်ပါတယ်။

ပရိယတ္တိအလုပ်၊ ပဋိပတ္တိအလုပ်ကို ပီပီပြင်ပြင် ပြတ်ပြတ်သားသား ကြိုးစားအားထုတ်ခြင်းကြောင့် ဆင်ခြင်မှုစွဲအားရော၊ ရှုမှတ်မှုစွဲအားပါ ကြီးမားခိုင်ခံ့လာပြီဆိုရင် ကာမဂုဏ်ဆွဲအားမှန်သမျှ ကိလေသာဆွဲအားမှန်သမျှကို အမြစ်မကျန် တွန်းလှန်ဖြိုဖျက်နိုင်ပြီပေါ့ . . . .။ ။

စွဲအားဆောင်၍ ဆွဲအား အောင်နိုင်ကြပါစေ။

၁၈-၅-၂၀၀၃

[ဗဟန်းမဟာဝိသုဒ္ဓါရုံ (၄၅)နှစ်ပြည့်မဂ္ဂဇင်း၊ ၂၀၀၅။]





# နှလုံးလှဆရာ

၈။

ခမ္ဘဝိလာသ’ဟူသောအမည် များဖြင့် စိတ်ပါလက်ပါ တံ
နာမကို မြင်ရ၊ ကြားရတိုင်း မြက်လှည်းနေသော .. ဆရာ
သစ်ရွက်ကြွေတို့အလယ် ... သခင်ကျေးဇူးရှင်ကို ပူဇော်မဆုံး
လက်ချောင်းသွယ်သွယ်လေး ပုံရိပ်အဖြစ် ဦးခွာ အဆီရှိ

http://www.dhammadownload.com

လေ့ရှိသည်။

ဂုဏ်တော်ပွားရင်း၊ မေတ္တာပို့ရင်း တံမြက်လှည်းနေသော ဆရာသခင်၏ မျက်နှာတော်သည် ပီတိအပြုံးပန်းတို့ဖြင့် ရွှင်လန်းအေးမြနေမြဲ။

ပညာရှိ သူတော်ကောင်းတို့သည် လုပ်သင့်လုပ်ထိုက်သော အလုပ်ကောင်းများကို ကိုယ်တိုင်လည်း ပြုလုပ်သကဲ့သို့ သူတစ်ပါးတို့ကိုလည်း ပြုလုပ်ရန် တိုက်တွန်းမြဲမမှတာရှိခဲ့ရာ ဆရာသခင်၏ တံမြက်လှည်းတရားသည် တပည့်တို့အတွက် အစွမ်းထက်မြက်သော အားဆေးကောင်းသဖွယ်။

'ကိုရင်တို့ - ဦးဇင်းတို့ တံမြက်စည်းလှည်းရမှာ မပျင်းကြနဲ့နော်၊ နေ့တိုင်း တံမြက်စည်းလှည်းရတဲ့ ကုသိုလ်ကြောင့် ဘုန်းကြီးပထမကြီးတန်းတုန်းက ပထမကျော်အောက် ပထမ၊ တစ်နိုင်ငံလုံးဒုတိယ ရခဲ့တယ်၊ တံမြက်စည်းလှည်းရင် ဉာဏ်ကောင်းတယ်၊ စာတော်တယ်၊ စာမေးပွဲမှာ ထူးထူးချွန်ချွန်အောင်တယ်၊ အရှင်နာဂသိန်တို့ မိလိန္ဒမင်းကြီးတို့ ဉာဏ်ထက်မြက်တာ အတိတ်ဘဝတုန်းက တံမြက်စည်း လှည်းခဲ့လို့၊ အမှိုက်ကျုံးခဲ့လို့ပဲ'

ဉာဏ်ကောင်းချင်သူ၊ စာတော်ချင်သူဆိုတော့ ဆရာ့စကားကို ဦးထိပ်ပန်ဆင်ရင်း စိတ်ပါလက်ပါ တံမြက်စည်းလှည်းခဲ့သည်။ မလှည်းချင်လို့လည်း မရ၊ မဟာဂန္ဓာရုံကျောင်းတိုက်မှာက နံနက်အရုဏ်ဆွမ်း ဘုဉ်းပေးပြီးတိုင်း ကျောင်းဝင်းအတွင်း တံမြက်စည်း လှည်းရသည်။ ခွေးချေးကျုံးရသည်။ သောက်ရေသုံးရေ ဖြည့်ရသည်။ နံနက်ခင်းဩဝါဒကလည်း ရှိသေးတော့ ထိုတာဝန်များကို

http://www.dhammadownload.com

အလှည့်ကျ ကျောင်းစောင့်များက ဆောင်ရွက်ရသည်။

ဩဝါဒပြီး၍ ကျောင်းအသီးသီးသို့ ရဟန်းသာမဏေများ ပြန်ရောက်ကြချိန်၌ ကျောင်းဆောင်တွင်းသန့်ရှင်းရေးကို အားလုံး စုပေါင်းလုပ်ကြရပြန်သည်။ ကြမ်းပြင်ပေါ် ကြက်မွေးနဲ့ တံမြက်စည်းလှည်းသူကလှည်း၊ ဖုန်ခါသူကခါ၊ ကြမ်းတိုက်သူကတိုက်။

တံမြက်စည်းလှည်းခြင်းသည် ရဟန်းသာမဏေများ၏ သေနာသနကျင့်ဝတ်တစ်ခုဖြစ်သောကြောင့် ကျင့်ဝတ်လည်း ကျေပွန်စေ၊ ဉာဏ်လည်း ကောင်းစေ ဟူသော ရည်ရွယ်ချက်ဖြင့် အကြိမ်ပေါင်းများစွာ တံမြက်စည်းလှည်းခဲ့သော်လည်း ဆရာသခင်လိုတော့ ဝတ်မမြဲခဲ့။ စာကြည့်စရာရှိတာ အကြောင်းပြလိုက်၊ မျက်စိထဲ ဖုန်ဝင်တာ အကြောင်းပြလိုက်နှင့် မလှည်းတစ်ချက်၊ လှည်းတစ်ချက်။

ဆရာသခင်ကတော့ အပြုံးစတစ်ခုကို ဆင်မြန်းရင်း ရေလေး ဖျန်းလိုက်၊ သက်နှင်းလေး ရမ်းလိုက်၊ မေတ္တာလေး ပို့လိုက်၊ ပဋ္ဌာန်းလေး ရွတ်လိုက်နှင့် တံမြက်လှည်းဝတ် နေ့စဉ်မြဲခဲ့သည်မှာ နှစ်ပေါင်းများစွာ။

[၂]

ဒုတိယပုံရိပ်အဖြစ် စာရေးသူကို အခြေခံ သဒ္ဒါ၊ သင်္ဂြိုဟ် စာဝါများ အားပါးတရ ပို့ချပေးနေပုံကို မြင်ယောင်မိသည်။

ထိုစဉ်က ဆရာသခင်သည် ကျောင်းတိုက်၏ တာဝန်ကျ စာဝါအဖြစ် ပဋ္ဌာန်းစာဝါ ပို့ချနေသည့်အချိန်။ စာသင်သားအများ

http://www.dhammadownload.com

ကို ပို့ချရသည့် စာဝါများဖြင့် မအားမလပ်သည့်ကြားမှ သီးခြား အချိန်ပေး၍ စာရေးသူကို သဒ္ဒါ၊ သင်္ဂြိုဟ်စာဝါများ တစ်ပါးတည်း သီးသန့် ပို့ချပေးခဲ့သည်။ မည်သူကမျှ တာဝန်ပေး၍ မဟုတ်၊ မိမိ ဆန္ဒနှင့်မိမိ စေတနာသဒ္ဓါတရား ကြီးမားစွာ ပညာပါရမီ ဖြည့် ဆည်းခြင်း။

ကိုယ်တိုင်ကလည်း စာကျေခဲ့သူဖြစ်၊ စေတနာကလည်း ကမ်းလွန်ပင်လယ်ဆိုတော့ ဆရာသခင်၏ သင်ကြားပို့ချချက်များ က စာရေးသူ၏ ဦးနှောက်ကို ဆလိုက်မီးအကြီးစား တပ်ဆင်ပေး လိုက်သည့်နှယ်၊ ရှင်းခနဲ၊ လင်းခနဲ၊ ဝင်းခနဲ၊ လက်ခနဲ။

ဆရာသခင်၏ အသင်အပြကောင်းမှုကြောင့် စာရေးသူ 'တက်ထိုး' ဘဝသို့ ခဏခဏ ရောက်ခဲ့ရသည်။ တက်ထိုး ဆိုသည် မှာ စာဝါတက်ရုံသာ 'တက်' ခဲ့ပြီး ကိုယ့်ကျောင်းကိုယ် ပြန်ရောက် သောအခါ စာပြန်မကြည့်၊ စာပြန်မကျက်ဘဲ စာအုပ်ကို ချောင် 'ထိုး' ထားသူ။

ဘယ်လောက်ပဲ တက်ထိုးလုပ်လုပ်၊ နောက်တစ်နေ့ စာဝါ ပြန်တက်ချိန်၌ ဆရာသခင် ပြန်စစ်မေးသမျှ တွေးနေစရာမလိုဘဲ ချက်ချင်း ပြန်ဖြေနိုင်ခဲ့သည်ချည်း။ ပြန်ကြည့်စရာ၊ ပြန်ကျက်စရာ မလိုလောက်အောင်ကို ဆရာသခင်က အသင်အပြကောင်းခဲ့ သည်။

ဆရာသခင်၏ အထပ်ထပ် ပြန်မေး၊ အထပ်ထပ် ပြန်စစ် ဆေးမှုများကြောင့် ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ၊ ဘယ်အတန်း ရောက်ရောက်၊ သဒ္ဒါ၊ သင်္ဂြိုဟ်ဘာသာရပ်ကို အထူး ပြန်လေ့လာ

http://www.dhammadownload.com

နေစရာမလို၊ စာမေးပွဲနီးခါမှ သေချာသည်ထက် သေချာအောင် အကြမ်းဖျင်း ပြန်နွှေးရုံသာ။

ကြီးမားသော ကရုဏာအုတ်မြစ်ပေါ်၌ တည်ဆောက်ထားသော အဆင့်မြင့်ပညာ အဆောက်အအုံများသည် အစဉ်ထာဝရ တည်တံ့ခိုင်မြဲတတ်စေလေသည်လား။

[၃]

တတိယပုံရိပ်အဖြစ် အာရုံမှာ ထင်ရှားလာသည်က ဆရာသခင်၏ ဣဿာ၊ မစ္ဆရိယကင်းစင်နေသော နှလုံးသားတစ်စုံ။

ဆရာသခင်၏ 'ခြောက်ဘာသာဂုဏ်ထူးရှင်၏ စာကြည့်စားပွဲပေါ်မှ ဂါထာတစ်ပုဒ်' ဆောင်းပါးကို မြတ်မင်္ဂလာစာစောင်မှာ တွေ့လိုက်ရစဉ်က စာရေးသူ အကြီးအကျယ် အံ့သြတုန်လှုပ်ခဲ့မိသည်။

'ဘုရားရေ . . .၊ ဆရာသမားရဲ့ နှလုံးသားမှာ ဣဿာ မစ္ဆရိယ ခေါင်းပါးလှချည်လား'

စာရေးသူ၏ ဂုဏ်ပုဒ်တချို့နှင့် စာရေးသူ အမြဲနှလုံးသွင်းသော ဂါထာတစ်ပုဒ်အကြောင်း ရေးသားထားသော ထိုဆောင်းပါးကို ဖတ်ရှုရင်း ဆရာသခင်၏ 'ဣဿာမဲ့နှလုံးသား' ကို အကြိမ်ကြိမ် ဦးခိုက်ကြည်ညိုနေမိသည်။

ကိုယ့်တပည့်ကို လူသိရှင်ကြား စာရေးသား၍ ချီးမွမ်းဂုဏ်တင်ရဲသော ဆရာသမားမျိုး လောကမှာ ရှားလိမ့်မည်ဟု ထင်သည်။ အများအားဖြင့် တပည့်ကသာ ဆရာ့ဂုဏ်ကို ချီးကျူးဖော်

http://www.dhammadownload.com

ထုတ်ရိုးရှိသည်လေ။

တပည့်၏ ဂုဏ်ပြုပွဲစာစောင်၊ အထိမ်းအမှတ်မဂ္ဂဇင်းတို့၌ ပါဝင်ချီးကျူးရေးသားသည်မှာ မဆန်းလှသော်လည်း ဘာဂုဏ်ပြုပွဲ၊ ဘာအထိမ်းအမှတ်မှ မဟုတ်သည့် လစဉ်ထုတ် ဘာသာရေးစာစောင်တစ်ခု၌ ယခုကဲ့သို့ တကူးတက တခုတ်တရ တင်ပြရေးသားလာသည်ကတော့ သိပ်ကို ဆန်းသည်။ ဆရာသခင့်နှလုံးသား၏ ကြင်နာသကင်းမဲ့မှုနှင့် မုဒိတာအားကြီးမှုကို ထိုဆောင်းပါးက အလုအယက် ဖွင့်ချဝန်ခံနေသည်ဟုဆိုလျှင် မှားမည်မထင်။

တပည့်တို့၏ အောင်မြင်မှုကို ဆရာသမားတိုင်း ဝမ်းမြောက်တတ်သည်ဟု ဆိုသော်ငြားလည်း အင်နှင့်အားနှင့်၊ ထုနှင့်ထည်နှင့် ဖြစ်ဖို့ကတော့ မလွယ်ကူလှ။ လွယ်ကူသည် ဆိုစေဦး၊ အားရပါးရ နှုတ်ဟမြွက်ဖော်ဖို့ကတော့ ခဲယဉ်းလိမ့်မည်။ စိတ်ထဲက ကျိတ်ဝမ်းသာချင်သာမည်၊ ရင်ထဲက ကျိတ်ကျေနပ်ချင်နပ်မည်၊ နှုတ်မှ တဖွဖွ ရေရွတ်ဖို့ လက်မှ တသသ ရေးသားဖို့အဆင့်ထိတော့ ရောက်ခဲသည်။

ဆရာသခင်ကတော့ စာရေးသူ တစ်ဦးတည်းကိုသာ မဟုတ်၊ တော်သော, ထက်သော, ထူးခြားသော တပည့်တိုင်း၏ အကြောင်းကို ကလောင်စွမ်းဖြင့် မှတ်တမ်းတင်လို့ မဝ၊ ကမ္ဘည်းထိုးလို့ မဝ။ တပည့်များအကြောင်း ပြောနေရ၊ ရေးနေရသည်ကို အားပဲ အားမရနိုင်လွန်း။

[၄]

စာရေးသူ ရေးသားသောစာအုပ်များ အသစ်ထွက်တိုင်း

http://www.dhammadownload.com

ဆရာသခင့်ထံ သုံးအုပ်စီ ပေးပို့လှူဒါန်းခဲ့ရာ ဆရာသခင်က စာအုပ်ထုပ် ရောက်ရောက်ချင်း အစအဆုံး တစ်လုံးမကျန် စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့ရှိသည်။ ဖတ်ရှုပြီးတိုင်းလည်း စာအုပ်ရောက်ကြောင်း ဝမ်းမြောက်လှာနှင့် စာအုပ်အပေါ် ဝေဖန်ချက်တို့ကို စာရေးသူထံ မမေ့မလျော့ ပေးပို့စမြဲ။

'အခုလို စာအုပ်အသစ်ထွက်လာတိုင်း လှူဒါန်းဖော်ရတဲ့အတွက် ဦးဇင်းကို အများကြီး ကျေးဇူးတင်ပါတယ်။ ဦးဇင်းရဲ့ 'ရဲရင့်သူတို့၏နေရာ' စာအုပ်ကို ဖတ်ပြီးပါပြီ။ ဝီရိယနဲ့ ပတ်သက်လို့ မှတ်သင့် မှတ်ထိုက်၊ ဆောင်သင့် ဆောင်ထိုက်တာတွေကို အကွက်စေ့အောင် ဖော်ပြထားတာ တွေ့ရပါတယ်'

'ဦးဇင်းရဲ့ စာအုပ် ဖတ်ရတဲ့အတွက် ကိုယ့်ကိုယ်ကို ပြန်ဆင်ခြင်ကြည့်မိတယ်။ အသက်လေးဆယ်ကျော်ပြီးတဲ့နောက်ပိုင်းမှာ တပည့်တော် ဝီရိယအား ပျော့လာတာ တွေ့နေရတယ်။ ပျော့လာရခြင်းရဲ့ အဓိကအကြောင်းကတော့ ကျန်းမာရေးကြောင့်ပါ။ 'ရဲရင့်သူတို့၏နေရာ'ကို ဖတ်ပြီး ဝီရိယအား တက်လာအောင် ကြိုးစားရဦးမှာပါ'

'တရားရှုမှတ်ပုံနဲ့ ပတ်သက်လို့ ဝေဘူဆရာတော်ပေးခဲ့တဲ့နည်းကို ဦးဇင်းရဲ့ စာအုပ်များထဲမှာ တွေ့ရတာ ဝမ်းသာရပါတယ်။ တပည့်တော် ကြည်ညိုမြတ်နိုးတဲ့ ဝေဘူဆရာတော်ကြီးရဲ့ အာနာပါနသတိဘာဝနာ ပွားများနည်းကို ဦးဇင်းရဲ့ စာအုပ်များထဲမှာ ဖတ်ရတာ ဝေဘူဆရာတော်ကြီးနဲ့ ပြန်တွေ့ရသလိုပါပဲ'

'ငြိမ်းအေးသောဘဝပိုင်ရှင်စာအုပ်မှာ သာကေလေးတွေ၊

http://www.dhammadownload.com

ဝတ္ထုကြောင်းလေးတွေ များများပြနိုင်ရင် ပိုအဆင်ပြေလိမ့်မယ် ထင်ပါတယ်။ 'မသေခင်ဘာလုပ်ကြမလဲ' စာအုပ်မှာ လေးနက်တဲ့ အကြောင်းအရာများစွာပါပေမယ့် သာကေလေးတွေ၊ ထိမိတဲ့ ဝတ္ထု ကြောင်းလေးတွေ ပြထားတာတွေ့ရပါတယ်။ အဲဒီ စာအုပ်ကို လူ တော်တော်များများ နှစ်ခြိုက်ကြတယ်'

'ကိုယ့်စိတ်ကိုယ်စစ်' ကတော့ တပည့်တော် အကြိုက်ဆုံး ပဲ။ သုံးခေါက်လောက် ပြန်ဖတ်ဖြစ်ပါတယ်။ 'ငြိမ်းအေးသောဘဝ ပိုင်ရှင်' ကိုလည်း ပညာစရိုက်ရှိသူများကတော့ နှစ်ခြိုက်ကြမှာပါပဲ။ ပြေပြစ်ချောမောတဲ့ စကားပြေအရေးအသားနဲ့ လူအများ ဖတ်လို့ရ အောင် ကြိုးပမ်းထားတာ တွေ့ရပါတယ်'

'အပ္ပမာဒမဂ္ဂဇင်းမှာ ဦးဇင်းရဲ့ ဆောင်းပါးတွေကို ဖတ်ရ ပါတယ်။ 'အနှိုင်းမဲ့ရောဂါ' ဆောင်းပါးမှာပါတဲ့ နတ္ထိ တဏှာသမာ- နဒီ အဖွင့်ကို တပည့်တော် အတော်လေး သဘောကျပါတယ်'

'ဂုဏဝန္တေ ပသန္တိ ဇနာ - ဆိုတဲ့အတိုင်း လောက၊ ဓမ္မ ဂုဏ်တွေနဲ့ ပြည့်စုံနေတာကလည်း စာကောင်းထွက်ဖို့ အကြောင်း ဖြစ်သလို စာဖတ်ပရိသတ်များဖို့အတွက်လည်း အကြောင်းဖြစ်နေ ပါတယ်'

'အရှင်ဆန္ဒာဓိကနှင့် တွေ့ဆုံခြင်း' ဆောင်းပါးကို သုံး ခေါက် ဖတ်ဖြစ်ပါတယ်။ ဖတ်ရတိုင်းလည်း နှစ်သက်မှု၊ ကျေနပ်မှု ဖြစ်ပါတယ်။ ရွှေပါရမီတောရရဲ့ သဘာဝအလှကို ပီပြင်အောင် သရုပ်ဖော်နိုင်သလို ရွှေပါရမီရှင်ရဲ့ စိတ်ဓာတ်ကိုလည်း အားကျ ဖွယ်၊ အတုယူဖွယ်၊ မြတ်နိုးကြည်ညိုဖွယ်ဖြစ်အောင် ခြယ်မှုန်းနိုင်

http://www.dhammadownload.com

တာကို တွေ့ရပါတယ်။ ဒီစာကို ဖတ်ရသူတိုင်း ဦးဇင်းရစေချင်တဲ့ ဓမ္မအရသာနဲ့ ဓမ္မပီတိကို ထိထိမိမိ ရရှိကြလိမ့်မယ်လို့ တပည့်တော် ယုံကြည်နေပါတယ်'

'ဦးဇင်းလည်း ဘာလိုလိုနဲ့ ပရိသတ်လက်ခံတဲ့ စာရေးဆရာတစ်ယောက် ဖြစ်နေပါပြီ။ စာများများ ရေးချင်တဲ့သူဟာ တောနှစ်တောကို တိုးရမယ်လို့ မှတ်သားဖူးပါတယ်။ တောနှစ်တောက စာတောနဲ့ လူတောတဲ့'

'ဦးဇင်းရဲ့ စာအုပ်တွေ မကြာမကြာ ထွက်လာနေတော့ တပည့်တော် စိတ်ဝင်စားလာတာ တစ်ခုရှိနေပါတယ်။ တရားတစ်ပုဒ်ကို အကွက်စေ့စေ့ ဟောနိုင်အောင် ဘယ်လို ပြင်ဆင်သလဲ ဆိုတာကိုပါပဲ။ အဲဒါကို သိချင်နေလို့ ကျေးဇူးပြုပြီး စာပြန်ပေးစေချင်ပါတယ်'

'ဓမ္မရဲ့အရသာကို ပေးစွမ်းနိုင်တဲ့ ဓမ္မစာပေများ အဆက်မပြတ် ရေးသားနိုင်ပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကနဲ့ သာသနာတော်ကို အစဉ်ထာဝရ အလှဆင်နိုင်ပါစေလို့ ဆုမွန်ကောင်းများ တောင်းလိုက်ပါတယ်'

ဆရာသခင်၏ ပေးစာကောက်နုတ်ချက်များကို ကြည့်ရှုခြင်းဖြင့် ဆရာသခင်၏ ကြသာ၊ မဇ္ဈတ္တရိယ ကင်းစင်နေသော 'နှလုံးသားအလှ' ကို အထင်းသား တွေ့မြင်နိုင်သည်။ မနာလိုမှု - ကြသာနှင့် ဝန်တိုမှု - မဇ္ဈတ္တရိယ တို့သည် နှလုံးသားကို အရုပ်ဆိုး အကျည်းတန်စေသော အလှဖျက်တရားများဖြစ်ခဲ့ရာ ထိုတရားများ ကင်းစင်နေသော ဆရာသခင်၏ နှလုံးသားသည် အဘယ်မှာ မလှဘဲရှိချိမ့်

http://www.dhammadownload.com

နည်း။ လှချင်တိုင်း လှနေတော့သည်သာ။

[၅]

လောကလူသားများ စိတ်မချမ်းမသာဖြစ်ရခြင်း၏ အကြောင်းရင်းကို သိကြားမင်း မေးလျှောက်ခဲ့ရာ မြတ်စွာဘုရားရှင်က မနာလိုမှု - ဣဿာနှင့် ဝန်တိုမှု - မစ္ဆရိယ တရားနှစ်ပါးကြောင့် လောကလူသားများ စိတ်မချမ်းမသာ ဖြစ်နေကြရကြောင်း ပြန်လည် ဖြေကြားတော်မူခဲ့သည်။

သူတစ်ပါးတို့၏ ပြည့်စုံမှု၊ အဆင်ပြေမှုကို မကြည့်နိုင်၊ မကျေနပ်နိုင်သော မနာလိုမှု - ဣဿာတရားကြောင့် ဖြစ်လေရာဘဝတိုင်း တန်ခိုးအရှိန်အဝါ ဩဇာအာဏာ နည်းပါးကင်းမဲ့တတ်ကြောင်း၊ သူတစ်ပါးတို့၏ ပြည့်စုံမှု၊ အဆင်ပြေမှုကို မနာလိုမဖြစ်ဘဲ ဝမ်းမြောက် ကျေနပ်တတ်လျှင် ဖြစ်လေရာဘဝတိုင်း တန်ခိုးအရှိန်အဝါ ဩဇာအာဏာ ကြီးမားထက်မြက်တတ်ကြောင်းလည်း မလ္လိကာမိဖုရားကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ဖူးသည်။

ဆရာသခင်၏ ဣဿာမစ္ဆရိယ ကင်းစင်သော နှလုံးသားအလှမျိုး လူတိုင်း၌ရှိပါက ဤလူ့လောကကြီးသည် အမုန်းမီးများ၊ သောကမီးများ လုံးဝ ဆိတ်သုဉ်းလျက် အစဉ်ထာဝရ ငြိမ်းချမ်းလှပနေလိမ့်မည်ဟု ယုံကြည်မျှော်လင့်ရင်း . . . . ။ ။

ဆရာ့ခြေအစုံ ခိုလှုံဦးခိုက်လျက်


[မွေ့ဝိလာသ ကလောင်အမည်ခံ တောင်တွင်းကြီးမြို့၊ ဆတ်သွားဂန္ဓာရုံဘုံကျော်တောရဆရာတော်၏ သက်တော် ငါးဆယ်ပြည့် ရွှေရတုမွေးနေ့အထိမ်းအမှတ် 'မွေ့အလင်းမွေ့နှင်းပွင့်' စာအုပ်။ ၂၀၀၃-မှ]


http://...ammadownload.com



- ဘာကုသိုလ်ကောင်းမှုပဲပြုပြု၊
လူချမ်းသာ, နတ်ချမ်းသာ
ဆိုတဲ့ "သူ့" ကို
မ "ခ" လိုက်ပါနဲ့၊
နိဗ္ဗာန်ဆိုတဲ့ "သူ့"၊
မိမိအလိုရှိရာ
ဗောဓိဉာဏ်ဆိုတဲ့ "သူ့" ကိုပဲ
"ခ" လိုက်ပါ။

- ဘယ်အာရုံနဲ့ပဲတွေ့တွေ့
စိတ်မှာ သဒ္ဓါဖြစ်မယ်၊
သတိဉာဏ်ဖြစ်မယ်၊
မေတ္တာ၊ ကရုဏာ၊ မုဒိတာ စတဲ့
သူတော်ကောင်းတရားတွေ
တစ်ခုခုဖြစ်မယ်ဆိုရင်
ကိုယ့်စိတ်ဟာ
အာရုံတည်းဟူသော "သူ့" ကို
ကောင်းသောနည်း
မြင့်မြတ်သောနည်းနဲ့
"ခ" နေတာပါပဲ။





ရန်ကုန်မှာ ဆောင်းခိုရင်း ခေတ္တသီတင်းသုံးခိုက် ခြောက်ထပ်ကွမ်း အကယ်ဒမီဆုရှင်၊ စာပေပါရဂူ(ဒေါက်တာ)ဘွဲ့ရ၊ အလင်္ကာကျော်စွာ ဒကာကြီး 'ဦးသုခ' က သူ့ရဲ့ အသက်(၉၄)နှစ်ပြည့် မွေးနေ့မှာ စာရေးသူကို လာရောက်ဖူးမြော်လိုကြောင်း နေ့စဉ် နေ့တိုင်း ဆွမ်းလာပို့နေတဲ့ 'အောင်သုခ' ထမင်းဆိုင်ကတစ်ဆင့် လျှောက်ထားလာပါတယ်။

ပုံမှန်အားဖြင့် ဧည့်တွေ့ချိန်ကို မွန်းတည့် (၁၂) နာရီကနေ (၁) နာရီထိ သတ်မှတ်ထားပေမယ့် ဒကာကြီးဦးသုခကိုတော့ အများဧည့်သည်နဲ့ တစ်ချိန်တည်း တွေ့ဆုံဖို့မသင့်တော်တဲ့အတွက် နံနက် (၉) နာရီတိတိကို သီးခြားချိန်းဆို


သူ့ကိုခတဲ့
သူမ

http://www.dhammadownload.com

လိုက်ပါတယ်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆) ရက်၊ နံနက်(၉) နာရီ။

'ဘဘ ခါးအရမ်းနာပြီး နုံးနေလို့ ဘယ်လိုမှ လာလို့မဖြစ်တော့ပါဘုရား၊ တကယ်လို့ ဘုန်းဘုန်းကြွနိုင်မယ်ဆိုရင် ဘဘအိမ်ကို ကြွပေးစေချင်ပါတယ်၊ ဘဘကတော့ ဘုန်းဘုန်းကို အိမ်ကြွပေးဖို့ အတင်းမတိုက်တွန်းပါနဲ့၊ ဘုန်းဘုန်းဆန္ဒအတိုင်း ဆုံးဖြတ်ပါစေလို့ ပြောပါတယ်ဘုရား'

'ဦးသုခ' ရဲ့ ကိုယ်စား 'အောင်သုခ' ဆီက ဖုန်းဝင်လာတဲ့အတွက် စာရေးသူလည်း အဆင်သင့်ရောက်နေတဲ့ ဒကာရင်းတစ်ဦး (ဦးဌေးမြင့်)ရဲ့ ကားနဲ့ ပါရမီလမ်းမှာရှိတဲ့ 'သုခရိပ်မြိုင်' ကို ချီတက်ခဲ့ပါတော့တယ်။

'အေးအေးရေ . . .၊ ဘဘထိုင်ခုံကို ဆရာတော့်နားအနီးဆုံးဖြစ်အောင် ကပ်ထားပါကွယ်၊ ဒါမှ စကားပြောရတာ အားရမှာ၊ နားကလည်း သိပ်မကောင်းတော့ ကပ်ပြောမှ ကောင်းကောင်းကြားရမှာ၊ ဆရာတော်ဘုရား . . .၊ တပည့်တော် အောက်ချထိုင်မရလို့ ထိုင်ခုံနဲ့ ထိုင်ရတာကို ခွင့်ပြုတော်မူပါဘုရား'

'ရပါတယ် ဒကာကြီး၊ ခွင့်ပြုပါတယ်'

စာရေးသူရဲ့ ညာယွန်းယွန်းရှေ့နားမှာ ထိုင်ခုံငယ်လေးနဲ့ အသားချင်းထိမတတ် ကပ်ထိုင်ပြီး ပြောချင်နေတဲ့စကားတွေ အားရပါးရ ပြောပါတော့တယ်။

စာရေးသူက ဇန်နဝါရီ (၉)ရက်နေ့ကမှ (၃၆)နှစ် ပြည့်ခဲ့သူ၊ ဒကာကြီး ဦးသုခက အဲဒီနေ့ ဇန်နဝါရီ (၂၈)မှာ (၉၄)နှစ်ပြည့်

http://www.dhammadownload.com

တဲ့သူ၊ 'ဆရာတော်' 'ဆရာတော်' နဲ့ တလေးတစား လျှောက်ထားနေပေမယ့် မြေးအဘိုးနှစ်ယောက် နွေးနွေးထွေးထွေး စကားစမြည် ပြောဆိုနေကြသလိုပါပဲ။

'ဆရာတော့်ကို ပြောစရာစကားတွေ အများကြီးရှိပါတယ်ဘုရား၊ ဆရာတော့်ကို သာသနာအတွက် တပည့်တော် သိပ်အားကိုးလွန်းလို့ပါ'

ဆိုတဲ့ စကားကို မကြာခဏ ကြားညှပ်ပြီး စကားတွေ တဝကြီး ပြောနေလို့ 'ဒကာကြီး မောနေပါဦးမယ်' လို့ အားနာစွာ တားယူရပါတယ်။

'ညှေ့သည်လည်းပြန်၊ ပက်လက်လန်' ဆိုတဲ့ ဒကာကြီး ဦးသုခရဲ့ သက်ကြီးသဘာဝ နွမ်းလျလွယ်မှုကို ကြားဖူးထားတာက တစ်ကြောင်း၊ ဆယ့်တစ်နာရီခွဲလုလု နေ့ဆွမ်းစားချိန် နီးကပ်လာတာက တစ်ကြောင်းကြောင့် စကားကို အလိုက်သင့်ဖြတ်ပြီး ဒကာကြီး ဦးသုခ လှူဒါန်းတဲ့ ကိုယ်တိုင်ရေး ဓမ္မစာအုပ်များအပါအဝင် လှူဖွယ်ဝတ္ထုတွေကို အကပ်ခံလိုက်ရပါတယ်။

စာရေးသူရဲ့ ထွက်ရှိပြီးသမျှ ဓမ္မစာအုပ်များကို ဒကာကြီး ဦးသုခရဲ့ လက်ထဲ ကိုယ်ထိလက်ရောက် ပြန်လည်လှူဒါန်းပြီးတဲ့ နောက်မှာတော့ . . .

'ဒကာကြီး . . . ၊ ဒကာကြီးကို ဦးဇင်းတစ်ခုပြောချင်လို့ ကြားပါတယ်နော်'

'ကြားပါတယ်ဘုရား'

'ဦးဇင်း ကိုးတန်းကျောင်းသားဘဝတုန်းက ဒကာကြီးရေး

http://www.dhammadownload.com

တဲ့ 'ရာမာခရစ်ရှနာ၏သုတ္တန်ပုံပြင်များ' စာအုပ် ဖတ်ရတယ်၊ သ-ကိန်း အပြီးဝတ်ဖို့ ဆုံးဖြတ်ပြီးချိန်မှာပေါ့၊ အဲဒီစာအုပ်ထဲမှာပါတဲ့ စကားရပ်တစ်ခုက ဦးဇင်းရဲ့ ဆုံးဖြတ်ချက်ကို ပိုပြီး ခိုင်မာစေခဲ့တယ်'

'ရဟန်းပြုတယ်၊ တရားအားထုတ်တယ်ဆိုတာ ငယ်ရွယ်နုပျိုတုန်း အကောင်းဆုံးပဲ' ဆိုတဲ့ စကားရပ်ကလေးပါ၊ အဲဒီ စကားရပ်ကလေးက ဦးဇင်းကို သာသနာ့ဘောင် မြန်မြန်ဝင်ဖို့ အရှိန်ပြင်းတဲ့ တွန်းအားတစ်ခု ဖြစ်စေခဲ့တယ်၊ တခြားတွန်းအားတွေလည်း အများကြီးတော့ ပါတာပေါ့နော်'

'အဲဒီစာအုပ်ထဲမှာ ရာမာခရစ်ရှနာက 'ငယ်တုန်း တရားအားထုတ်တာ အကောင်းဆုံး' ဆိုတဲ့ အချက်ကို ဥပမာသုံးမျိုးနဲ့ ရှင်းပြထားတယ်လေ၊ ကြက်တူရွေးကို အသက်ကြီးလို့ လျှာထူမှ စကားပြောသင်ရင် ဘယ်လိုမှ မတတ်နိုင်တော့အတွက် အသက်ငယ်တုန်း လျှာပါးစဉ် သင်သင့်တယ်'

'နို့ချဉ်တွေကို နေထွက်ပြီးမှ ကျိုချက်ရင် ထောပတ်ကောင်း မဖြစ်နိုင်တော့တဲ့အတွက် မိုးမလင်းခင် ပြုပြင်ကျိုချက်သင့်တယ်၊ သရက်သီးမှည့်တွေဟာ ငှက်တွေထိုးသုတ်ပြီးမှဆိုရင် ကိုယ်စားလို့လည်း မဖြစ်၊ သူများလှူလို့လည်း မဖြစ်နိုင်တော့တဲ့အတွက် ငှက်တွေ မထိုးသုတ်သေးခင် အလျင်အမြန် ခူးပြီး ကိုယ်တိုင်လည်း စား၊ ဘုရား စတဲ့ သူတော်စင်တွေကိုလည်း ကပ်လှူသင့်တယ်'

'အဲဒီ ဥပမာတွေလိုပဲ. . . လူဟာလည်း အသက်ကြီးမှဆိုရင် စိတ်နေစိတ်ထားတွေက မဖြူစင်၊ အနှစ်မဲ့တဲ့ လောကီအာရုံ

http://www.dhammadownload.com

အမျိုးမျိုးက အရိပ်ထင်၊ ကိုယ်အား၊ ဉာဏ်အားတွေက စိတ်သွားတိုင်း မပါချင်တော့တဲ့အတွက် ကုသိုလ်အလုပ်၊ တရားအလုပ်တွေကို ပြည့်ပြည့်ဝဝ အားမထုတ်နိုင်တော့ဘူး၊ ဒါကြောင့် ငယ်တုန်းရွယ်တုန်း၊ သန်တုန်း မြန်တုန်း၊ စိတ်နေစိတ်ထား ဖြူစင်သန့်ရှင်းတုန်း၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်တုန်း လူငယ်ဘဝဟာ ရဟန်းပြုဖို့ရော၊ ကုသိုလ်အလုပ်၊ တရားအလုပ် အားထုတ်ဖို့ရော အကောင်းဆုံးပဲ လို့ ရာမာခရစ်ရှနာက ဆိုထားတယ် မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား၊ အဲဒီအခန်းကဏ္ဍထဲမှာ အရှင်မဟာရဋ္ဌသာရရဲ့ စတုဓမ္မသာရပျို့ ကောက်နုတ်ချက်ကလေးပါတပည့်တော် ထည့်ရေးခဲ့ပါသေးတယ်၊ အခုထိ အလွတ်ရနေပါသေးတယ်'

'ယစ်မူးစည်းစိမ်၊ မေ့းတိမ်ကုသိုလ်၊ ဝန်တိုဆို့ပိတ်၊ ရမ္မက်စိတ်ဖြင့်၊ ညှစ်ကြိတ်ယန္တရား၊ ကြံဖတ်လားသို့၊ မြေးသားမြစ်စည်၊ ပျော်တာရှည်၍၊ ချစ်ရည်ခန်းခြောက်၊ အိုမင်းရောက်မှ၊ စွန့်မြောက်လူဘော်၊ တောထွက်သော်လည်း၊ မလျော်လည်းကောင်း၊ ဇရာထောင်းသော်၊ ပျောင်းပျောင်းညံ့ညံ့၊ ငါဆော်အံ့ဟု၊ မခံ့လုံ့လ၊ ထကြွပျင်းထိုင်း၊ လိုတိုင်းမပါ၊ ပညာပေတုံး၊ နှလုံးလည်းငြီး၊ နူတ်သီးလှုပ်ဆန်း၊ စီးဖြန်းဘာဝနာ၊ များစွာမပြန့်၊ မိုတ်တုံ့ကြန့်ခဲ၊ တောင်ညွှန့်ကုန်းတက်၊ ကမ်းရိုးသက်ဝယ်၊ အနှက်ပြည့်ဖြိုး၊ ရေပြည့်အိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ မဖိတ်ထမ်းသည်၊ လူစွမ်းသဖွယ်၊ ပျိုနုနယ်က၊ စင်ကြယ်သိမ်မွေ့၊ ရသေ့ရဟန်း၊ ဖြစ်ထွန်းလေငြား၊ ထိုသူအားကို၊ ဘုရားကစ၊ ပဏ္ဍိတတို့၊ လွန်လှကြည်ညို၊ ချီးမွမ်းဆို၏။'

http://www.dhammadownload.com

'သာဓု . . . သာဓု . . . သာဓု၊ ဒကာကြီးရဲ့ မှတ်ဉာဏ်ကတော့ အံ့မခန်းပါပဲ၊ အသက် (၉၄)နှစ်ရှိတာတောင် ဒီပို့တွေ မမေ့သေးဘူးနော်၊ အလွတ်ရနေတုန်းပဲ'

'ဒကာကြီးရေးတဲ့ 'ရာမာခရစ်ရှနာ၏ သုတ္တန်ပုံပြင်များ' စာအုပ်ထဲက 'ရဟန်းခံ လူသန်လိုဘိတောင်း' ဆိုတဲ့ အခန်းကဏ္ဍဟာ ဦးဇင်းကို သာသနာ့ဘောင် မြန်မြန်ဝင်ဖြစ်ဖို့ တွန်းအားကြီးတစ်ခု ဖြစ်ခဲ့တဲ့အတွက် ဦးဇင်းအပေါ်မှာ ဒကာကြီးရဲ့ 'စာပေကျေးဇူး' ရှိပါတယ်၊ အဲဒီစာပေကျေးဇူးကို တုံ့ပြန်ဆပ်တဲ့အနေနဲ့ ဒကာကြီး လှူချင်တာလှူဖို့ နဝကမ္မ ကျပ်တစ်သိန်း ဦးဇင်းလှူပါရစေ'

စာရေးသူရဲ့ စကားအဆုံးမှာတော့ ဒကာကြီး ဦးသုခ ပါးစပ်အဟောင်းသားဖြစ်သွားပြီး မျက်နှာပြင်တစ်ခုလုံးမှာ အံ့သြတဲ့ အရိပ်အယောင်တွေ လွှမ်းခြုံသွားပါတော့တယ်။ မျက်ခုံးကိုပင့်၊ မျက်လုံးကို ထပ်ခဲ့ရင်း စာရေးသူရဲ့ ရင်ဘတ်နေရာကို အံ့သြတကြီး စူးစိုက်ကြည့်နေတာနဲ့ . . . .

'ဦးဇင်းလှူတာကို လက်ခံပါဒကာကြီး၊ ဘုန်းကြီးလှူတာဆိုပြီးတော့ ယူရမှာ တွန့်မနေပါနဲ့၊ ဒကာကြီးကို လှူတယ်ဆိုပေမယ့် တကယ်တော့ တရားကို ပူဇော်တာပါ၊ 'ရဟန်းပြုတယ်၊ တရားအားထုတ်တယ်ဆိုတာ ငယ်ရွယ်နုပျိုတုန်း အကောင်းဆုံးပဲ' ဆိုတဲ့ တရားစကားကို ပူဇော်တာပါ၊ ဓမ္မပူဇာပါ ဒကာကြီး'

စာရေးသူရဲ့ ကိုယ်စား ခမည်းတော် (ဦးစိန်ဝင်း)နဲ့ မယ်တော် (ဒေါ်သိန်းသိန်း)က ကပ္ပိယအဖြစ်နဲ့ ငွေကျပ်တစ်သိန်းကို ဒကာကြီး ဦးသုခရဲ့လက်ထဲ လွှဲအပ်လှူဒါန်းလိုက်တဲ့အခါမှာတော့

http://www.dhammadownload.com



ညီတော်မောင် ကိုညိုဝင်း၊ ရဟန်းဒါယိကာမ ဒေါ်ခင်စောတင့်၊ ဒကာလေး ကိုသားကြီးနဲ့တကွ ရောက်ရှိနေကြတဲ့ ပရိသတ်အားလုံးက လှိုက်လှဲဝမ်းမြောက်စွာ သာဓုသုံးကြိမ် ခေါ်ဆိုလိုက်ကြပါတော့တယ်။

ဒကာကြီး ဦးသုခ က ငွေကျပ်တစ်သိန်း ထည့်ထားတဲ့ စာအိတ်ဖြူဖြူလေးကို လက်နှစ်ဖက်နဲ့ တရိုတသေကိုင်၊ ဦးထိပ်မှာ ကပ်ပြီး ....

'တပည့်တော် သိပ်ကို ကျေနပ်သွားပြီဘုရား၊ သိပ်ကို ကျေ

http://www.dhammadownload.com

နပ်သွားပြီ၊ ငွေတစ်သိန်းရလို့ ကျေနပ်တာ မဟုတ်ပါဘုရား၊ ဆရာတော် သိတတ်တာကို ကျေနပ်တာပါ၊ လောကမှာ တတ်သိတဲ့လူများပါတယ်၊ သိတတ်တဲ့လူ ရှားပါတယ်ဘုရား၊ ဆရာတော်က ရှားတဲ့အထဲမှာ တစ်ဦးအပါအဝင်ပါ'

'တပည့်တော် ငယ်ရွယ်စဉ် ဒုလ္လဘရဟန်းပြုတုန်းက တပည့်တော်ကိုယ်တိုင် ခြေသလုံးအားနဲ့ ဆွမ်းခံလို့ရတဲ့ ဆွမ်းကို သပိတ်လိုက် အမေ့ကို လှူခဲ့ဖူးပါတယ်၊ အဲဒီတုန်းက အမေက ဘာပြောသလဲဆိုရင် သားပဥ္စင်းလှူတဲ့ သပိတ်ကို အမေ့ပခုံးမှာ ထမ်းပြီး 'ဟောဒီသပိတ်ဟာ ကျွန်မသား ဦးပဥ္စင်းက ကျွန်မကို မွေးကျေးဇူးဆပ်တဲ့ သပိတ်ပါ'လို့ တစ်မြို့လုံးလှည့်ပြီး ကြွေးကြော်လိုက်ချင်တယ် . . . တဲ့'

'အခုလည်း တပည့်တော် ဆရာတော်လှူတဲ့ ငွေတစ်သိန်းကို ခေါင်းပေါ်ရွက်ပြီး 'ဟောဒီပိုက်ဆံဟာ ရွှေပါရမီဆရာတော်က ကျွန်တော့်ကို စာပေကျေးဇူးဆပ်တဲ့ ပိုက်ဆံပါ' လို့ တစ်မြို့လုံးတောင် မကပါဘုရား၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးလှည့်ပြီး ကြွေးကြော်လိုက်ချင်ပါတယ်'

'ဒါပေမဲ့ တပည့်တော် အခု မစွမ်းနိုင်တော့ပါဘုရား၊ အိုမင်းမစွမ်းဖြစ်နေပါပြီ၊ ဒီအကြောင်းကို ကိုယ်တိုင်စာရေးချင်ပေမယ့် တပည့်တော် ရေးလို့ မဖြစ်တော့ပါဘုရား၊ ဒါကြောင့် ဒီအကြောင်းကို ဆရာတော်ကိုယ်တိုင် တိုင်းပြည်သိအောင် ဆောင်းပါးရေးတော်မူပါဘုရား'

'ဦးဇင်းကိုယ်တိုင်ရေးရင် ကိုယ့်ဂုဏ်ကိုယ်ဖော်တယ်လို့

http://www.dhammadownload.com

ပြောကုန်ကြမှာပေါ့ ဒကာကြီးရယ်'

'တပည့်တော် မစွမ်းနိုင်တော့လို့ပါဘုရား၊ ဘယ်သူကဲ့ရဲ့ကဲ့ရဲ့ ပညာရှိသူတော်ကောင်းတွေ မကဲ့ရဲ့ဖို့ပဲအရေးကြီးပါတယ်'

'ဒါဖြင့်လည်း ရေးဖို့ ကြိုးစားကြည့်ပါဦးမယ်'

'တပည့်တော် အရှင်ဘုရားဟောတဲ့ တရားတွေလည်း အများကြီး နာချင်ပါသေးတယ်ဘုရား'

'ဒကာကြီးရဲ့မွေးနေ့မှာ မွေးနေ့လက်ဆောင်အဖြစ်နဲ့ အမှတ်တရစကားတစ်ခုတော့ ပြောခဲ့မယ်လေ'

'မှန်ပါ၊ နာပါရစေဘုရား'

'ဒကာကြီးရဲ့နာမည်က 'သုခ'၊ 'သုခ' ဆိုတာ 'ချမ်းသာခြင်း' ဆိုတဲ့ အဓိပ္ပာယ်ကို လူတိုင်းသိပါတယ်၊ လူတိုင်းသိတဲ့ အဓိပ္ပာယ်နဲ့ ပတ်သက်ပြီး ဘာမှ မပြောလိုတော့ပါဘူး၊ သုခဆိုတဲ့ ပါဠိကို အဓိပ္ပာယ် မဖွင့်ဘဲနဲ့ သုခဆိုတဲ့ အသံထွက်အတိုင်းပဲ အဓိပ္ပာယ် ပြောပါမယ်'

'သုခ (သုူခ)တဲ့၊ ဘယ် 'သူ' ကို 'ခ' မှာလဲ၊ ဇနီးမယား သမီးသားဆိုတဲ့ 'သူ'ကို 'ခ' မှာလား၊ အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့၊ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ 'သူ' ကို'ခ' မှာလား၊ ရုပ်နာမ်နှစ်ပါးဆိုတဲ့ 'သူ' ကို 'ခ' မှာလား၊ သံသရာဝဋ်ဆင်းရဲဆိုတဲ့ 'သူ' ကို 'ခ' မှာလား'

'စိတ်ဆိုတာ အာရုံနဲ့ ကင်းပြီး မဖြစ်နိုင်ဘူး၊ အာရုံတစ်ခုခုနဲ့တွေ့လို့ စိတ်မှာ လောဘဖြစ်နေရင်၊ ဒေါသဖြစ်နေရင်၊ မာန၊ ဣဿာ၊ မစ္ဆရိယ စတဲ့ ကိလေသာတစ်ခုခုဖြစ်နေရင် ကိုယ့်စိတ်

http://www.dhammadownload.com

ဟာ အာရုံတည်းဟူသော 'သူ' ကို မကောင်းသောနည်း၊ ယုတ်ညံ့သောနည်းနဲ့ 'ခ' နေတာပဲ'

'ဘယ်အာရုံနဲ့ပဲတွေ့တွေ့၊ စိတ်မှာ သဒ္ဓါဖြစ်မယ်၊ သတိဉာဏ်ဖြစ်မယ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ စတဲ့သူတော်ကောင်းတရားတွေ တစ်ခုခုဖြစ်မယ်ဆိုရင် ကိုယ့်စိတ်ဟာ အာရုံတည်းဟူသော 'သူ' ကို ကောင်းသောနည်း၊ မြင့်မြတ်သောနည်းနဲ့ 'ခ' နေတာပဲ'

'ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးနဲ့ တွေ့ကြုံခွင့်ရတဲ့အခိုက် ဘယ်အာရုံနဲ့ပဲတွေ့တွေ့၊ တွေ့သမျှအာရုံတည်းဟူသော 'သူ' ကို မကောင်းတဲ့စိတ်၊ မကောင်းတဲ့အလုပ်၊ ယုတ်ညံ့တဲ့စိတ်၊ ယုတ်ညံ့တဲ့အလုပ်တွေနဲ့ မ'ခ' ပါနဲ့တော့၊ တွေ့သမျှအာရုံတည်းဟူသော 'သူ'ကို ကောင်းတဲ့စိတ်, ကောင်းတဲ့အလုပ်၊ မြင့်မြတ်တဲ့စိတ်, မြင့်မြတ်တဲ့အလုပ်တွေနဲ့ပဲ အားရပါးရ 'ခ' လိုက်စမ်းပါ'

'ဘာကုသိုလ်ကောင်းမှုပဲပြုပြု၊ လူချမ်းသာ, နတ်ချမ်းသာဆိုတဲ့ 'သူ'ကို မ'ခ'လိုက်ပါနဲ့၊ နိဗ္ဗာန်ဆိုတဲ့ 'သူ'၊ မိမိအလိုရှိရာဗောဓိဉာဏ်ဆိုတဲ့ 'သူ'ကိုပဲ 'ခ' လိုက်ပါ'

'မသေခင် အသက်ရှင်နေစဉ်ကာလလေးမှာလည်း အချိန်တိုင်း၊ အချိန်တိုင်း ကိလေသာအာရုံ၊ အကုသိုလ်အာရုံဆိုတဲ့'သူ' ကို မ 'ခ' ပါနဲ့၊ တရားအာရုံ၊ ကုသိုလ်အာရုံဆိုတဲ့ 'သူ' ကိုပဲ 'ခ'ပါ'

'ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း စတဲ့ လောကဓံအာရုံ 'သူ'ကိုလည်း စိတ်တက်ခြင်း၊ စိတ်ပျက်ခြင်းအားဖြင့် မ 'ခ' ပါနဲ့၊ လောကဓံဟာ လောကဓံပဲ၊ လောကရဲ့ ဖြစ်ရိုးဖြစ်စဉ် သဘာဝပဲလို့ အသိ

http://www.dhammadownload.com

ဉာဏ်နဲ့ နှလုံးသွင်းပြီး တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ 'ခ' လိုက်ပါ'

'လိုရင်းကတော့ အာရုံဆိုး၊ အာရုံယုတ်၊ အလုပ်ဆိုး၊ အလုပ်ယုတ်ဆိုတဲ့ 'သူ' ကို ဘယ်တော့မှ မ 'ခ' ပါနဲ့၊ အာရုံကောင်း၊ အာရုံမြတ်၊ အလုပ်ကောင်း၊ အလုပ်မြတ်ဆိုတဲ့ 'သူ'ကို ပဲ 'ခ'ပါ၊ ဒါဆိုရင် ကောင်းသော 'သူ' ကို 'ခ' တဲ့ 'သူခ(သုခ)' ဖြစ်သွားပြီပေါ့'

'အကျယ်ပြောမယ်ဆိုရင် ဘယ်ကုန်နိုင်ပါ့မလဲ ဒကာကြီး ရယ်၊ ဒကာကြီးက ဉာဏ်ကြီးတဲ့သူဆိုတော့ ကိုယ့်ဘာသာကိုယ်ပဲ ချဲ့ထွင်လိုက်တော့ပေါ့နော်၊ ကောင်းသော 'သူ'၊ မြင့်မြတ်သော 'သူ'၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းသော 'သူ' ကို 'ခ' တဲ့ 'သူခ အစစ် (သုခအစစ်)' ဖြစ်ပါစေလို့ ဦးဇင်းဆုမွန်ကောင်း တောင်းလိုက်ပါ တယ် ဒကာကြီး'


'သာဓု . . . သာဓု . . . သာဓုပါဘုရား၊ သုခကို အခု လို အဓိပ္ပာယ်ဖွင့်တာ တစ်ခါမှ မကြားဖူးသေးပါဘုရား၊ ဆရာတော် ရဲ့ အဆုံးအမကို တပည့်တော် အသက်ထက်ဆုံး ဦးထိပ်ရွက် လိုက် နာသွားပါ့မယ်ဘုရား'

အဲဒီနေ့က ကျောင်းအပြန်လမ်းတစ်လျှောက်လုံး 'တတ် သိတဲ့လူ များတယ်၊ သိတတ်တဲ့လူ ရှားတယ်' ဆိုတဲ့ စကားတစ်ခွန်း ရယ်၊ 'ဘယ်-သူ့-ကို ခ, တဲ့ သုခလဲ' ဆိုတဲ့မေးခွန်းတစ်ခုရယ်ပဲ နှလုံးသားမှာ အကြိမ်ကြိမ် ပဲ့တင်ထပ်နေခဲ့ပါကြောင်း . . . ။ ။

ချမ်းသာသုခမြဲကြပါစေ။

[အလင်းတန်းဂျာနယ်၊ ဖေဖော်ဝါရီ (၁၆)၊ ၂၀၀၄။]

http://www.dhammadownload.com



http://www.dhammadownload.com

'အလင်းတန်းဂျာနယ်ကို ပရဟိတဂျာနယ်လို့ နာမည်ပြောင်းလိုက်ဖို့ကောင်းတယ်'

သာသနာ့ညီတော်မောင် ရဝေနွယ်(အင်းမ) အဲဒီလိုပြောတုန်းက 'သိပ်ဟုတ်တာပေါ့' လို့ စာရေးသူ အပြည့်အဝ ထောက်ခံခဲ့ဖူးပါတယ်။ စာရေးသူ တွေးခဲ့ဖူးတဲ့ အတွေးနဲ့ တစ်ထပ်တည်း ကျနေတာကိုး။

ဟုတ်လည်း ဟုတ်တယ်လေ၊ အလင်းတန်းမှာ မဖတ်လိုက်နဲ့၊ လူမှုပရဟိတသတင်း၊ သာသနာ့ပရဟိတသတင်း၊ အမျိုးကောင်းကျိုးပြု ပရဟိတသတင်းတစ်ပုဒ်ပုဒ် ကတော့ ပါလာတာချည်းပဲ မဟုတ်လား၊



http://www.dhammadownload.com

အလင်းတန်းနဲ့ ပရဟိတ၊ ပရဟိတနဲ့ အလင်းတန်း ခွဲခြားလို့တောင် မရတော့ပါဘူး။

'ကပ္ပလီကို ကူညီကြပါ' လိုမျိုး တစ်ဦးတစ်ယောက်နဲ့ သက်ဆိုင်တဲ့ ပရဟိတသတင်းတွေလည်း ပါလာတတ်သလို 'ဝိသာခါ အမျိုးသမီးသီလရှင်ကျောင်း' လိုမျိုး အများစုနဲ့ သက်ဆိုင်တဲ့ ပရဟိတသတင်းတွေလည်း ပါလာတတ်ပါတယ်။ 'အလင်းတန်း' ရဲ့ 'သတင်းကမ်း' မှုကြောင့် တစ်ဦးတစ်ယောက်ဆိုတဲ့ 'ပရ = သူတစ်ပါး' ရော၊ အများစုဆိုတဲ့ 'ပရ = သူတစ်ပါး' ရော 'ဟိတ = ကောင်းကျိုးစီးပွား' ဖြစ်ထွန်းသွားကြတာချည်းပါပဲ။

ပရဟိတကုသိုလ် ဆည်းပူးခွင့်ရကြတဲ့ ပရဟိတစိတ်ဓာတ်ပိုင်ရှင်တွေကလည်း သတင်းကမ်းတဲ့ အလင်းတန်းကို ကျေးဇူးတင်မဆုံး ဖြစ်ကြရပါတယ်။ ပရဟိတစိတ်ဓာတ် ဘယ်လောက်ရှိရှိ ဘယ်နေရာမှာ ဘာလိုအပ်နေတယ်ဆိုတာ သိခွင့်မရရင် သူတစ်ပါးရဲ့ လိုအပ်ချက်ကို ဘယ်လိုမှ ဖြည့်ဆည်းပေးနိုင်မှာ မဟုတ်ဘူးလေ။

ပရဟိတသတင်းတွေ တခုတ်တရ ထည့်ပေးနေတာကို ကြည့်ခြင်းအားဖြင့် အလင်းတန်းဖန်တီးရှင်တွေရဲ့ နှလုံးသားမှာ ပရဟိတစိတ်ဓာတ် အပြည့်အဝရှိတယ်ဆိုတာ သိသာထင်ရှားပါတယ်။ စာဖတ်ပရိသတ်ကို စာပေအသိ ဖြန့်ဝေပေးရုံမက ကုသိုလ်ပီတိတွေပါ မျှဝေပေးနေတာမို့ စာနယ်ဇင်းအလုပ်လုပ်ရင်း ပါရမီဖြည့်ပြီးသား ဖြစ်သွားတာပေါ့။

ပရဟိတစိတ်ဓာတ်ဆိုတာ ဘုရားလောင်းစိတ်ဓာတ်ပါ။

http://www.dhammadownload.com

ခုယူရင် ခုရနိုင်တဲ့ နိဗ္ဗာန်ချမ်းသာကို စွန့်ပြီး လေးအသင်္ချေနဲ့ကမ္ဘာ တစ်သိန်းကာလပတ်လုံး ပါရမီတော်တွေကို အပင်ပန်းအဆင်းရဲခံပြီး ဖြည့်ကျင့်ခဲ့တာဟာ သတ္တဝါတွေရဲ့ အကျိုးစီးပွားကို လိုလားတဲ့ ပရဟိတစိတ်ဓာတ်ကြောင့်ပါ။

ဘုရားဖြစ်ခြင်းရဲ့ အဓိကအကြောင်းတရားကို ပြောပါဆိုရင် ပရဟိတစိတ်ဓာတ်ကိုပဲ ပြောရပါလိမ့်မယ်။ ပရဟိတစိတ်ဓာတ်သာ မရှိရင် ပါရမီတော်တွေ မဖြည့်ကျင့်ဖြစ်ပါဘူး၊ ပါရမီတော်တွေမှ မဖြည့်ကျင့်ရင်လည်း ဘုရားမဖြစ်နိုင်ပါဘူး။ ပါရမီတော်တွေ ဖြည့်ကျင့်တယ် ဆိုတာကလည်း အဓိကအားဖြင့် ပရဟိတအလုပ်တွေ လုပ်တာပါပဲ။ လူမှုရေး ပရဟိတတွေလည်း ပါသလို သာသနာရေး ပရဟိတတွေလည်း ပါပါတယ်။ လောကီကောင်းကျိုး ပရဟိတတွေလည်း ပါသလို လောကုတ္တရာကောင်းကျိုး ပရဟိတတွေလည်း ပါပါတယ်။

ဘုရားရှင်တိုင်းဟာ ဘုရားမဖြစ်ခင်မှာလည်း ပရဟိတစိတ်ဓာတ်နဲ့ပဲ ပါရမီဖြည့်ခဲ့ကြသလို ဘုရားဖြစ်ပြီး နောက်ပိုင်းမှာလည်း ပရဟိတစိတ်ဓာတ်နဲ့ပဲ လောကကို ကောင်းကျိုးပြုသွားခဲ့ကြပါတယ်။ ဘုရားဆိုတာ ပရဟိတရဲ့ အမှတ်သင်္ကေတပါ။ တစ်လောကလုံးမှာ ပရဟိတစိတ်ဓာတ် အရှိဆုံးနဲ့ ပရဟိတအလုပ် အလုပ်ဆုံးပုဂ္ဂိုလ်ဟာ သမ္မာသမ္ဗုဒ္ဓဘုရားပါပဲ။

ဘုရားလောင်းတွေ၊ ဘုရားရှင်တွေမှာသာ ပရဟိတစိတ်ဓာတ် ရှိတာလားဆိုတော့ မဟုတ်ပါဘူး။ စိတ်နေစိတ်ထား မြင့်မားကြီးမြတ်တဲ့ ပုဂ္ဂိုလ်တိုင်းမှာ ပရဟိတစိတ်ဓာတ်ရှိပါတယ်။

http://www.dhammadownload.com

ပါရမီဆိုတာ 'မြင့်မြတ်သူတွေရဲ့ အလုပ်'၊ 'မြင့်မြတ်သူဖြစ်ကြောင်းအရာ' ဆိုတဲ့ အဓိပ္ပာယ်အတိုင်း ပြောမယ်ဆိုရင် ပရဟိတစိတ်ဓာတ်ဆိုတာ 'မြင့်မြတ်သူတွေရဲ့ စိတ်ဓာတ်၊ မြင့်မြတ်သူဖြစ်ကြောင်း စိတ်ဓာတ်' ပါပဲ။

မြင့်မြတ်သူတွေရဲ့ သန္တာန်မှာသာ ပရဟိတစိတ်ဓာတ်ရှိနိုင်သလို ပရဟိတစိတ်ဓာတ်ရှိမှလည်း လူတစ်ယောက်ဟာ မြင့်မြတ်သူ ဖြစ်လာနိုင်ပါတယ်။ ပြောရစတမ်းဆိုရင် . . . . ပရဟိတစိတ်ဓာတ် မရှိတဲ့သူဟာ စိတ်နေစိတ်ထား နိမ့်ကျတဲ့သူ၊ စိတ်ဓာတ်သေးသိမ်တဲ့သူပါပဲ။

ပရဟိတက အလိုအလျောက်ပရဟိတနဲ့ တကူးတကပရဟိတလို့ နှစ်မျိုးရှိပါတယ်။ ကိုယ်ကျိုး ကိုယ့်စီးပွားနဲ့ ပတ်သက်တဲ့အလုပ်ကို စိတ်ကောင်းစေတနာကောင်းထားပြီး အရည်အသွေးအကောင်းဆုံးဖြစ်အောင် လုပ်တာကို 'အလိုအလျောက်ပရဟိတ' လို့ ခေါ်ပြီး ကိုယ်ကျိုးကိုယ့်စီးပွားနဲ့ လုံးဝ မပတ်သက်တဲ့ သူတစ်ပါးကိစ္စ၊ သူတစ်ပါးအလုပ်ကို သူတစ်ပါးအကျိုးသက်သက်အတွက် ရည်စူးပြီး မေတ္တာကရုဏာ အပြည့်အဝနဲ့ တကူးတက ကြောင့်ကြစိုက် လုပ်ပေးတာကိုတော့ 'တကူးတကပရဟိတ' လို့ ခေါ်ပါတယ်။

လူတိုင်းမှာ အသက်မွေးဝမ်းကျောင်းအလုပ် ကိုယ်စီရှိကြပါတယ်။ ဘယ်အသက်မွေးဝမ်းကျောင်းအလုပ်မဆို သူတစ်ပါးနဲ့ဆက်စပ်နေတာချည်းပါပဲ။ 'ကိုယ့်အလုပ်ကြောင့် ကိုယ့်အလုပ်နဲ့ဆက်စပ်နေတဲ့ သူတစ်ပါးတွေ စိတ်ချမ်းသာကြပါစေ' ဆိုတဲ့ စေတနာနဲ့ ကိုယ့်အလုပ်ကို အရည်အသွေး အကောင်းဆုံးဖြစ်အောင်

http://www.dhammadownload.com

လုပ်မယ်ဆိုရင် ကိုယ့်အသက်မွေးဝမ်းကျောင်းအလုပ် ကိုယ်လုပ်နေရင်းနဲ့ အများအကျိုးကို သယ်ပိုးရွက်ဆောင်ပြီးသား ဖြစ်သွားပါတယ်။

စားသုံးကုန်ရောင်းချတဲ့သူကလည်း ကိုယ့်ကုန်ပစ္စည်း စားသုံးသူတိုင်း ကျန်းမာရေးနဲ့ ညီညွတ်အောင်၊ စိတ်ချမ်းသာအောင် သန့်သန့်ရှင်းရှင်း၊ လတ်လတ်ဆတ်ဆတ်ဖြစ်ဖို့ ဂရုစိုက်မယ်ဆိုရင်၊ အဆောက်အအုံ ဆောက်လုပ်တဲ့သူကလည်း ကိုယ့်အဆောက်အအုံမှာ နေထိုင်သူတိုင်း အစစအရာရာ အဆင်ပြေအောင်၊ စိတ်ချမ်းသာအောင် လှလှပပ ခိုင်ခိုင်ခံ့ခံ့ဖြစ်ဖို့ ဂရုစိုက်မယ်ဆိုရင် . . . ကိုယ့်စီးပွားရေးကိုယ်လုပ်နေရင်းနဲ့ အများအကျိုးပရဟိတကိုလည်း အလိုအလျောက် လုပ်ပြီးသား ဖြစ်သွားပါတယ်။

ကိုယ်လုပ်တဲ့အလုပ်ကို အရည်အသွေးကောင်းအောင် မလုပ်ဘဲ ခိုမယ်၊ ခိုးမယ်၊ အကြံအဖန်လုပ်မယ်၊ ခွင်ရိုက်မယ်ဆိုရင် ကိုယ့်ရဲ့ အတ္တဟိတအလုပ်ကြောင့် ပရဟိတ မဖြစ်တဲ့အပြင် အကုသိုလ်တရားတွေပါ တိုးပွားသွားပါတယ်။ မခို၊ မခိုး၊ အကြံအဖန်မလုပ်၊ ခွင်မရိုက်ဘဲ အကောင်းဆုံးဖြစ်အောင် လုပ်မယ်ဆိုရင်တော့ ကိုယ့်ရဲ့ အတ္တဟိတအလုပ်ကြောင့် ပရဟိတလည်းဖြစ်၊ ကုသိုလ်တရားလည်း တိုးပွားသွားပါတယ်။ ပစ္စုပ္ပန်လောလောဆယ်မှာလည်း ကိုယ့်ရဲ့ အလုပ် ပိုပြီး အောင်မြင်တိုးတက် ကြီးပွားချမ်းသာနိုင်ပါတယ်။

နာမည်ကြီးအမှတ်တံဆိပ်တစ်ခုနဲ့ ကိတ်မုန့်တွေဟာ မှိုတက်နေတာတွေပဲများလို့ အဲဒီအမှတ်တံဆိပ်မုန့်ဆိုရင် ဘာမုန့်မှ

http://www.dhammadownload.com

စားချင်စိတ် မရှိတော့ပါဘူး။ စာရေးသူရဲ့ တူလေး နှစ်နှစ်ခွဲ၊ သုံးနှစ်အရွယ်တုန်းက အဲဒီအမှတ်တံဆိပ်နဲ့ ကိတ်မုန့်ဘူး သူ့ကိုပေးတိုင်း ဘူးခွံပေါ်က အမှတ်တံဆိပ်ကို ကြည့်ပြီး 'ဟင် . . . . ကြီး' ဆိုပြီး ခေါင်းရမ်း၊ မျက်နှာလွှဲခဲ့ဖူးပါတယ်။ စာမဖတ်တတ်သေးတဲ့ ကလေးကတောင် ဒီအမှတ်တံဆိပ်ဆိုရင် မှိုတက်တွေမှန်းသိလို့ လက်မခံပါဘူး။

'ရွှေ' နဲ့ စ, တဲ့နာမည်ကြီး အမှတ်တံဆိပ်တစ်ခုနဲ့ ကိတ်မုန့်တွေကတော့ ထောပတ်နံ့လေး တသင်းသင်းနဲ့ သန့်ရှင်းလတ်ဆတ်လွန်းလို့ သူ့မုန့်စားတိုင်း၊ သူ့လုပ်ငန်း မိသားစုတွေကို အလိုလို မေတ္တာပို့သနေမိလျက်သား ဖြစ်သွားပါတယ်။ ကိတ်မုန့်တစ်ခုတည်း မဟုတ်ပါဘူး။ သူ့လုပ်ငန်းကထုတ်တဲ့ မုန့်မှန်သမျှ ထောပတ်နံ့လေး တမွှေးမွှေးနဲ့ အရည်အသွေးအကောင်းဆုံး ဖြစ်နေတာချည်းပါပဲ။ 'ရွှေ . . .' အမှတ်တံဆိပ်ဆိုရင် ယုံကြည်စိတ်ချပြီးသား ဆိုပါတော့။

စိတ်နေစိတ်ထားက 'အကောင်းတကာ့အဖွန့်' ဖြစ်နေရင် အလုပ်ရဲ့ အရည်အသွေးကလည်း 'အကောင်းတကာ့ထိပ်' ဖြစ်နေမှာပါပဲ။ 'အကောင်းဆုံးကိုမေး' ရင်တော့ 'ရွှေစိတ်ဓာတ်' လို့ခေါ်တဲ့ ပရဟိတစိတ်ဓာတ်ပါပဲ လို့ ဖြေရပါလိမ့်မယ်။

ဘယ်အသက်မွေးဝမ်းကျောင်းအလုပ်ပဲ လုပ်လုပ်၊ 'အရည်အသွေးကောင်းဖို့ အဓိက' ဆိုတဲ့ စိတ်ဓာတ်နဲ့ ကိုယ့်အမြတ်အစွန်းကို အဓိကမထားဘဲ အားပေးသူရဲ့ စိတ်ကျေနပ်မှုကို အဓိကထားမယ်ဆိုရင် လုပ်ငန်းသဘောအရ မလွဲသာ မရှောင်သာ

http://www.dhammadownload.com

- ❖ ဘုရားဖြစ်ခြင်းရဲ့
- ❖ အဓိကအကြောင်းတရားကို
- ❖ ပြောပါဆိုရင်
- ❖ ပရဟိတစိတ်ဓာတ်ကိုပဲ
- ❖ ပြောရပါလိမ့်မယ်။
- ❖ ပရဟိတစိတ်ဓာတ်သာ မရှိရင်
- ❖ ပါရမီတော်တွေ မဖြည့်ကျင့်ဖြစ်ပါဘူး။
- ❖ ပါရမီတော်တွေမှ မဖြည့်ကျင့်ရင်လည်း
- ❖ ဘုရားမဖြစ်နိုင်ပါဘူး။
- ❖ ပါရမီတော်တွေ ဖြည့်ကျင့်တယ်
- ❖ ဆိုတာကလည်း အဓိကအားဖြင့်
- ❖ ပရဟိတအလုပ်တွေ လုပ်တာပါပဲ။

တန်ရာတန်ကြေး ယူရပေမယ့် မေတ္တာစေတနာတွေ အခမဲ့ပေးနေတာဖြစ်လို့ ပရဟိတအလုပ် လုပ်နေတာပါပဲ။

ကိုယ်ရဲ့ အတ္တဟိတအလုပ်ကို လုပ်ရင်း မေတ္တာစေတနာကြောင့် အလိုအလျောက် ပရဟိတဖြစ်သွားတာမို့ အဲဒီလိုမျိုး ပရဟိတကို 'အလိုအလျောက်ပရဟိတ' လို့ ခေါ်ပါတယ်။ ကိုယ်ကျိုးကိုယ့်စီးပွား လုံးဝမပါတဲ့ တကူးတကပရဟိတမျိုး မလုပ်နိုင်တောင် ကိုယ်ကျိုးကိုယ့်စီးပွားနဲ့ ဆက်စပ်နေတဲ့ အလိုအလျောက် ပရဟိတ

http://www.dhammadownload.com

မျိုးတော့ လူတိုင်း လုပ်သင့်ပါတယ်။ 'စိတ်ကောင်းနှလုံးကောင်း' ဆိုတဲ့ အရင်းအနှီးလေးသာရှိရင် မလုပ်နိုင်စရာအကြောင်း မရှိပါဘူး။

ဘုရား၊ တရား၊ သံဃာ၊ ကံ-ကံရဲ့အကျိုးနဲ့ ရှေးဘဝ၊ နောက်ဘဝတွေကို လေးလေးနက်နက် ယုံကြည်တဲ့ သဒ္ဓါတရားကို သူတော်ကောင်းတွေရဲ့ အကောင်းဆုံးအဖော်မွန်လို့ 'အနှိုင်းမဲ့အဖော်' ဆောင်းပါးမှာ ရေးခဲ့ဖူးပါတယ်။ ပရဟိတကိစ္စမှာ 'ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်၊ ဆိုးတာလုပ်ရင် ဆိုးကျိုးရမယ်' လို့ ယုံကြည်တဲ့ သဒ္ဓါတရားလောက် အခိုင်အမာရှိရင်ကိုပဲ အတိုင်းအတာတစ်ခုအထိ လုံလောက်ပါတယ်။

သဒ္ဓါအဖော် လုံးဝ မရှိရင် ပရဟိတနှစ်မျိုးလုံး မလုပ်ဖြစ်ပါဘူး။ သဒ္ဓါအဖော် နည်းနည်းရှိရင်တော့ အလိုအလျောက် ပရဟိတတစ်မျိုး လုပ်ဖြစ်ပါတယ်။ သဒ္ဓါအဖော် အများကြီးရှိရင်တော့ အလိုအလျောက်ပရဟိတရော၊ တကူးတကပရဟိတပါ နှစ်မျိုးလုံး လုပ်ဖြစ်ပါတယ်။

သဒ္ဓါအဖော်မှာ သူ့မိတ်ဆွေမေတ္တာလည်း အဖော်ပါတာမို့ 'တကူးတကပရဟိတ' မှာ သဒ္ဓါအဖော်နဲ့အတူ မေတ္တာအဖော်လည်း အရေးတကြီး လိုအပ်ပါတယ်။ သဒ္ဓါအဖော် အားကောင်းပေမယ့် မေတ္တာအဖော် အားနည်းနေရင် တကူးတကပရဟိတကို နည်းနည်းပဲ လုပ်ဖြစ်ပါတယ်။ သဒ္ဓါအဖော်လည်း အားကောင်း၊ မေတ္တာအဖော်လည်း အားကောင်းမှ တကူးတကပရဟိတကို အများကြီး လုပ်ဖြစ်တာပါ။

http://www.dhammadownload.com

လောကမှာ ကိုယ့်လောက် အဆင်မပြေတဲ့သူတွေ၊ ကိုယ့်လောက် မပြည့်စုံတဲ့သူတွေ အများကြီးရှိပါတယ်။ သူတို့ရဲ့ လိုအပ်ချက်ကို ကိုယ်တတ်စွမ်းနိုင်သလောက် 'ကရုဏာမေတ္တာစိတ်'နဲ့ ဖြည့်ဆည်းပေးလိုက်မယ်ဆိုရင် သူတို့ဘယ်လောက်များ ဝမ်းသာလိုက်ကြမလဲ၊ ကိုယ်အဆင်မပြေခိုက် သူတစ်ပါးကကူညီလိုက်လို့ ကိုယ်ဝမ်းသာခဲ့ဖူးတာနဲ့ ကိုယ်ချင်းစာကြည့်တတ်မယ်ဆိုရင် မပြည့်စုံသူတွေအပေါ် ကရုဏာရှေ့ထား မေတ္တာပွားဖို့ အခက်အခဲ မရှိလောက်ပါဘူး။

လောကမှာ ကိုယ့်ထက် အဆင်ပြေတဲ့သူတွေ၊ ကိုယ့်ထက်ပြည့်စုံတဲ့သူတွေ အများကြီးရှိပါတယ်။ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ၊ အခြေအနေ အားလျော်စွာ၊ လုပ်ငန်းသဘော အားလျော်စွာလိုအပ်ချက်ဆိုတာ ရှိစမြဲမို့ သူတို့ရဲ့ လိုအပ်ချက်ကို ကိုယ်တတ်စွမ်းနိုင်သလောက် 'မုဒိတာမေတ္တာစိတ်'နဲ့ ဖြည့်ဆည်းပေးလိုက်မယ်ဆိုရင် သူတို့ ဘယ်လောက်များ ဝမ်းမြောက်လိုက်ကြမလဲ။ ကိုယ့်ကိုပြည့်စုံသည်ထက် ပြည့်စုံအောင် သူတစ်ပါးချီးမြှောက်လိုက်လို့ ကိုယ်ဝမ်းမြောက်ဖူးတာနဲ့ ကိုယ်ချင်းစာကြည့်တတ်မယ်ဆိုရင် ပြည့်စုံသူတွေအပေါ် မုဒိတာရှေ့ထား မေတ္တာပွားဖို့ လွယ်ကူသွားမှာ သေချာပါတယ်။

နောက်ဆုံးတော့ ပရဟိတစိတ်ဓာတ်ဆိုတာ 'ကိုယ်ချင်းစာစိတ်' ပါပဲ။ ကိုယ်ချင်းစာစိတ်ရှိမှ ပရဟိတစိတ်ဓာတ် ရှိနိုင်ပါတယ်။ ကိုယ်ချင်းစာစိတ် မရှိရင် ပရဟိတစိတ်ဓာတ် မရှိနိုင်ပါဘူး။ ကိုယ့်မှာ ကိုယ်ချင်းစာစိတ် ဘယ်လောက်ရှိသလဲဆိုတာ သိချင်ရင်

http://www.dhammadownload.com

ကိုယ့်မှာ ပရဟိတ လုပ်ချင်စိတ် ဘယ်လောက်ရှိသလဲ၊ ပရဟိတ အလုပ်တွေကို ကိုယ်ဘယ်လောက်လုပ်နေသလဲ ဆိုတာနဲ့ တိုင်းတာကြည့်နိုင်ပါတယ်။

ပရဟိတစိတ်ဓာတ်ဆိုတာ ဘုရားချီးမွမ်းတဲ့ စိတ်ဓာတ်ပါ။ ပရဟိတအလုပ်ဆိုတာ ဘုရားအားပေးတဲ့ အလုပ်ပါ။ ပရဟိတလူသားဆိုတာ ဘုရားလိုလားတဲ့ လူသားပါ။

မြတ်စွာဘုရား စာတုမာရွာ၊ သျှစ်သျှားတောမှာ သီတင်းသုံးတော်မူခဲ့စဉ်တုန်းက ရပ်ဝေးကရောက်လာတဲ့ ဘုရားဖူးရဟန်းတော်ငါးရာကို အသံဗလံ ဆူညံမှုကြောင့် ခရီးရောက်မဆိုက် ကျောင်းတိုက်ကနေ နှင်ထုတ်တော်မူခဲ့ဖူးပါတယ်။ ဘုရားဖူးအဖွဲ့ ခေါင်းဆောင်က အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလ္လာန်ပါ။ ဒေသအကြီးအကဲတွေနဲ့ သဟမ္ပတိဗြဟ္မာတို့ရဲ့ ကြားဝင်လျှောက်ထားပေးမှုကြောင့် ပြန်လည်လက်ခံပြီးတဲ့အချိန်မှာ မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလ္လာန်ကို 'အခုလို နှင်ထုတ်လိုက်ချိန်မှာ ဘယ်လိုစိတ်ဖြစ်ကြသလဲ' လို့ မေးမြန်းတော်မူပါတယ်။

အရှင်သာရိပုတ္တရာက . . .

'ခုချိန်မှာ မြတ်စွာဘုရား တခြားကိစ္စတွေအကုန်လုံး လျစ်လျူရှုပြီး ဖလသမာပတ်ချမ်းသာနဲ့ပဲ အေးချမ်းစွာ နေတော်မူတော့မယ်၊ ငါလည်း တခြားကိစ္စတွေမှာ ဘာမှကြောင့်ကြမစိုက်တော့ဘဲ ဖလသမာပတ်ချမ်းသာနဲ့ပဲ အေးအေးဆေးဆေးနေတော့မယ်'

လို့ စိတ်ဖြစ်ကြောင်း လျှောက်တော့ မြတ်စွာဘုရားရှင်

http://www.dhammadownload.com

က . . .

'ခဏလောက်နေပါဦး သာရိပုတ္တရာ . . .၊ ခဏလောက် နေပါဦး၊ ဖလသမာပတ်ချမ်းသာနဲ့ ကိုယ်တစ်ယောက်တည်း အေး အေးဆေးဆေးနေဖို့ ခဏလောက် ဆိုင်းငံ့ပါဦး'

လို့ 'အေးချမ်းစွာ တစ်ကိုယ်တော်နေလိုစိတ်' ကို တားမြစ် တော်မူပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်က . . . . .

'ရဟန်းတွေကို မြတ်စွာဘုရား နှင်ထုတ်လိုက်ပြီ၊ ခုချိန်မှာ မြတ်စွာဘုရား တခြားကိစ္စတွေ အကုန်လုံးလျစ်လျူရှုပြီး ဖလသမာ ပတ်ချမ်းသာနဲ့ပဲ အေးချမ်းစွာနေတော်မူတော့မယ်၊ ဒီတော့ ဒီလို အချိန်မှာ ရဟန်းတော်တွေကို ငါနဲ့ အရှင်သာရိပုတ္တရာ နှစ်ပါးအတူ တွဲပြီး ဦးဆောင်ရတော့မယ်၊ ရဟန်းတော်တွေရဲ့ ကိစ္စအဝဝကို ငါနဲ့ အရှင်သာရိပုတ္တရာပဲ ကြောင့်ကြစိုက်ရတော့မယ်'

လို့ စိတ်ဖြစ်ကြောင်း လျှောက်တော့ မြတ်စွာဘုရားရှင်က . . . .

'ကောင်းလိုက်လေစွ မောဂ္ဂလ္လာန် . . .၊ ကောင်းလိုက် လေစွ၊ ရဟန်းတော်တွေကို ငါဘုရားကဖြစ်စေ၊ သာရိပုတ္တရာနဲ့ မောဂ္ဂလ္လာန်တို့ကဖြစ်စေ ကြောင့်ကြစိုက်ပြီး ဦးဆောင်ရမှာပေါ့'

လို့ 'အများအပေါ် တာဝန်ယူလိုစိတ်' ကို ချီးကျူးတော်မူ ပါတယ်။

ပရဟိတစိတ်ဓာတ်နဲ့ ပရဟိတလုပ်ရပ်ကို မြတ်စွာဘုရား ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ ဒီအဖြစ်အပျက်က သက်

http://www.dhammadownload.com

သေပြနေပါတယ်။ တခြားအဖြစ်အပျက်တွေလည်း အများကြီး ရှိပါသေးတယ်။

ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးတဲ့ ပရဟိတအလုပ်တွေ လုပ်သလို စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးတဲ့ ပရဟိတအလုပ်တွေလည်း လုပ်ဖို့ လိုအပ်ပါတယ်။ အခုခေတ် တရားပွဲအများစုကို လူငယ်တွေ ဦးဆောင်ဦးရွက်ပြုပြီး ကျင်းပနေတာဟာ စိတ်ဓာတ်ဖွံ့ဖြိုး အသိဉာဏ်တိုးစေမယ့် ပရဟိတအလုပ် လုပ်နေတာပါပဲ။ စာကြည့်တိုက် ထူထောင်တာတို့၊ တရားစာအုပ်, တရားတိပ်ခွေတွေ အခမဲ့ဝေငှားရမ်းတာတို့လည်း နည်းတူပဲပေါ့။

တစ်ဖက်သားကို အတွေးအခေါ်၊ အယူအဆ မှန်ကန်စေမယ့်၊ စိတ်ဓာတ်နဲ့ အသိဉာဏ် ရင့်ကျက်မြင့်မြတ်စေမယ့် စာပေတွေ ရေးသားတာ၊ ဟောပြောချက်တွေ ပို့ချတာ၊ စကားတွေပြောဆိုတာဟာလည်း စိတ်ပိုင်းဆိုင်ရာ ပရဟိတအလုပ် လုပ်တာပါပဲ။

ရုပ်အားဖြည့်ပရဟိတရော၊ စိတ်အားဖြည့်ပရဟိတရော၊ လုပ်စရာ ပရဟိတအလုပ်တွေ အများကြီးရှိပါတယ်။ ကိုယ်လက်လှမ်းမီသလောက်၊ ကိုယ်တတ်စွမ်းနိုင်သလောက် မေတ္တာအပြည့်နဲ့ လုပ်သွားဖို့ပါပဲ။

'မေတ္တာအပြည့်နဲ့' လို့ ထည့်ပြောရတာက ပရဟိတကို ဗန်းပြပြီး ကိုယ်ကျိုးရှာ အမြတ်ထုတ်တဲ့သူတွေ ရှိနေလို့ပါ။ ပရဟိတအလုပ် လုပ်တဲ့နေရာမှာ ကိုယ်နေရာရဖို့၊ ကိုယ့်နာမည်ထင်ပေါ်ဖို့၊ ကိုယ့်အတွက် တစ်နည်းနည်းနဲ့ အကျိုးအမြတ်ရဖို့ဆိုတဲ့ အတ္တမျှော်

http://www.dhammadownload.com

လင့်ချက်တွေ ကင်းရှင်းရပါမယ်။

ဩော် . . . . စကားမစပ် . . . . . တစ်ခုပြောပါရစေဦး၊ ကြွားတယ်လို့တော့ မထင်လိုက်ပါနဲ့နော်၊ ပရဟိတစိတ်ဓာတ်ရဲ့ ကြီးကျယ်တဲ့ ရလဒ်၊ ဆန်းကြယ်တဲ့ ရောင်ပြန်ဟပ်မှုကို လက်တွေ့သိစေချင်လို့ပါ။

စာရေးသူရဲ့ 'အနှိုင်းမဲ့အဖော်' ဆောင်းပါးပါတဲ့ အလင်းတန်းဂျာနယ် (၁၅-၃-၂၀၀၄ ) ထဲမှာ မူလတန်းပညာကို ခက်ခက်ခဲခဲ သည်းထိတ်ရင်ဖို သင်ကြားနေကြရတဲ့ ကလေးငယ်တွေ အကြောင်း ရေးသားထားတဲ့ 'သန်းမြင့်အောင်' ရဲ့ 'သောကထဲက ပီတိ၊ ပီတိထဲက သောက' ပရဟိတ သတင်းဆောင်းပါးကို ဖတ်ရှုလိုက်ရပါတယ်။

ပညာကို တန်ဖိုးထားသူပီပီ သနားကရုဏာဖြစ်မိလို့ သကြံန်ပြီးရင်တော့ နှစ်ဦးအလှူအဖြစ် အဲဒီဆောင်းပါးပါ ပဲခူး၊ ငါးကြီးအင်းကျေးရွာ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် အလှူငွေ ကျပ်သုံးသိန်း လှူဦးမှပဲလို့ စိတ်ကူးထားလိုက်ပါတယ်။ စိတ်ကူးပြီးလို့ နှစ်ရက်အကြာမှာပဲ စာရေးသူနဲ့ တစ်ကြိမ်တစ်ခါမှ မတွေ့ဆုံဖူး၊ မရင်းနှီးဖူးတဲ့ မြိတ်ကဒကာတစ်ဦး (ဦးနေဝင်း) က 'အရှင်ဘုရား သုံးလိုရာ သုံးဖို့' ဆိုပြီး နဝကမ္မ ကျပ်သုံးသိန်း လာလှူပါတယ်။ (ဓမ္မစာပေအတွက် မဟုတ်ပါဘူး။)

မြိတ်ကဒကာ သထုံက တောင်ပေါ်အထိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး အခုလို လှူဒါန်းလိုက်တာဟာ ပရဟိတစိတ်ဓာတ်ရဲ့ အကျိုးပေးပဲလို့ စာရေးသူကတော့ အခိုင်အမာ ယုံကြည်ပါ

http://www.dhammadownload.com

တယ်။ ဒီလိုလက်တွေ့မျိုးတွေ အကြိမ်ပေါင်း များလွန်းလှပြီမို့ တိုက်ဆိုင်မှုလို့ ပြောရင် မှားပါလိမ့်မယ်။ (ဓမ္မစာပေအတွက် လှူတာမဟုတ်ပေမယ့် သူ့ရဲ့ သဒ္ဓါတရားကို ချီးမြှောက်တဲ့အနေနဲ့ ကျပ်တစ်သိန်းကို ဓမ္မစာပေ ပဒေသာပင်မှာ သူ့နာမည်နဲ့ပဲ အသုံးပြုပေးလိုက်ပါတယ်။)

ပြည်တွင်း၊ ပြည်ပသာသနာပြုလုပ်ငန်းတွေကို ပြည့်ပြည့်စုံစုံ၊ အောင်အောင်မြင်မြင် ဆောင်ရွက်နေတဲ့ ရိပ်သာဆရာတော်ကြီးတစ်ပါးကို သိလိုသူတချို့က 'အခုလို ဘုန်းကံကြီးမားပြီး ပြည့်စုံအောင်မြင်နေတာ ဘာကြောင့်ပါလဲ' လို့ မေးတော့ ဆရာတော်ဘုရားကြီးက' အများအကျိုးအတွက် လုပ်နေတာမို့ပါ' လို့ ဖြေကြားတော်မူခဲ့ဖူးပါတယ်။

သာသနာမှာ နေလိုလလို ထင်ရှားကျော်ကြားပြီး ပြည့်စုံအောင်မြင်နေကြတဲ့ ဆရာတော်သံဃာတော်တွေရဲ့ ဘုန်းကံကြီးမားမှု အစုစုဟာ 'ပရဟိတစိတ်ဓာတ်'ရဲ့ အသီးအပွင့်တွေချည်းပါပဲ။ သီလ၊ သမာဓိ၊ ပညာနဲ့ ဒါနကောင်းမှုတွေရဲ့ တန်ခိုးသတ္တိလည်း ပါတာပေါ့လေ။

'သတင်းချင်းတူရင်တောင် တင်ပြပုံ မတူစေရဘူး' ဆိုတဲ့ ခံယူချက်နဲ့ အနုပညာသတင်းတွေအပါအဝင် လူမှုရေး၊ ကျန်းမာရေး၊ နိုင်ငံတကာရေးစတဲ့ သတင်းအချက်အလက်မျိုးစုံကို အခြေအနေ အချိန်အခါနဲ့ တစ်ပြေးညီ စိတ်ဝင်စားဖွယ် ရသမြောက်အောင် ရေးသားတင်ပြပေးနေတာ၊ အတွေးအခေါ်, အယူအသိမှန်ကန်စေမယ့် ထေရဝါဒသန့်သန့် ဓမ္မဆောင်းပါးတွေ ထည့်သွင်း

http://www.dhammadownload.com

ပေးနေတာဟာ အလင်းတန်းဂျာနယ်ရဲ့ 'အလိုအလျောက်ပရဟိတ' ပါ။

အကူအညီလိုအပ်နေသူတွေ အကူအညီရအောင် မေတ္တာ စေတနာအပြည့်နဲ့ လူမှုပရဟိတသတင်းတွေ၊ သာသနာ့ပရဟိတသတင်းတွေ အရေးတယူ ထည့်သွင်းပေးနေတာ၊ ကြားထဲကနေ အချိန်ကုန်ခံ၊ အပင်ပန်းခံပြီး ပရဟိတဌာနတွေ၊ လိုအပ်ရာပုဂ္ဂိုလ်တွေဆီ အလှူငွေ သွားရောက်ပေးအပ် လှူဒါန်းပေးတာကတော့ အလင်းတန်းဂျာနယ်ရဲ့ 'တကူးတကပရဟိတ' ပါ။

အလိုအလျောက်ပရဟိတရော၊ တကူးတကပရဟိတပါ ပျော်ပျော်ကြီး လုပ်ဆောင်နေတဲ့ အလင်းတန်းဂျာနယ် . . . အမှတ်စဉ် သုံးရာပြည့်မှသည် နောင်အမှတ်စဉ်ပေါင်း သုံးထောင်၊ အမှတ်စဉ်ပေါင်း သုံးသောင်းမက အမှတ်စဉ်ပေါင်း ကုဋေကုဋာ တိုင်အောင် စာဖတ်ပရိသတ်အကျိုး၊ အများလူထုအကျိုးကို သယ်ပိုးရွက်ဆောင်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**အများကောင်းကျိုးသယ်ပိုးနိုင်ကြပါစေ။**

[အလင်းတန်းဂျာနယ်၊ မေ (၂၆)၊ ၂၀၀၄။]

မှတ်ချက် ။ ။ ဒီဆောင်းပါးရေးဖြစ်ဖို့ တွန်းအားပေးသလို ဖြစ်သွားတဲ့ 'သောကထဲကပီတိ' ဆောင်းပါးရဲ့ ဆောင်းပါးရှင် 'ပရဟိတမယ်' ဆရာမ သန်းမြင့်အောင်ကို အထူးကျေးဇူးတင်ရှိပါကြောင်း . . . ။

(စာရေးသူ)

http://www.dhammadownload.com



http://www.dhammadownload.com

[ ၁ ]

သီလမရှိသူရဲ့ အနှစ်တစ်ရာ အသက်ရှင်ရခြင်းထက် သီလရှိသူရဲ့ တစ်ရက်တာ အသက်ရှင်ရခြင်းက အဆပေါင်းများစွာ ပိုပြီး မြင့်မြတ်ပါတယ်။

(ဗုဒ္ဓ)

ကာယကံ အမှားအယွင်းများ ရှောင်ကြဉ်မှု၊ ဝစီကံအလွဲအချော်များ စောင့်ထိန်းမှုကို သီလလို့ခေါ်ပါတယ်။ မပြုသင့်တဲ့

# တစ်ရာ နှင့် တစ်ရက်



http://www.dhammadownload.com

ကိုယ်မှုလုပ်ရပ်တွေ မပြု၊ မပြောသင့်တဲ့ နှုတ်ထွက်စကားတွေ မပြောဘဲ၊ ကိုယ်နဲ့ နှုတ်ကို စောင့်စည်းထိန်းသိမ်းနိုင်တဲ့သူဟာ သီလ ရှိတဲ့သူပါ။

ကိုယ်အမှား၊ နှုတ်အမှား ပြုထားတဲ့သူ (သီလမရှိတဲ့သူ) ရဲ့ စိတ်အစဉ်ဟာ နောင်တတရားတွေနဲ့ ပူလောင်ကျွမ်းမြိုက်နေပါ တယ်။ စိတ်ပူလောင်နေသူတစ်ယောက်ရဲ့ ကြံစည်တွေးခေါ်မှု၊ ဆုံး ဖြတ်လုပ်ကိုင်မှုတွေဟာ အမှားတွေချည်း ဖြစ်နေမှာပါ။ ဒါမှမဟုတ် အမှားတွေ ရောနှောနေမှာပါ။

ဒါနဆိုတာ မှန်ကန်တဲ့ လုပ်ရပ်တစ်ခုပါ။ ဒါပေမဲ့ သီလမရှိ သူရဲ့ ဒါနဟာ ကြွက်ချေးရောနေတဲ့ ဆွမ်းဆန်လို ဖြစ်နေလို့ အကျိုး ပေး မစင်ကြယ်နိုင်ပါဘူး။ သီလရှိသူရဲ့ ဒါနကတော့ အမွှေးသေ- တ္တာထဲ လှောင်ထားတဲ့ သလေးဆန်နဲ့ အလားတူလို့ အကျိုးပေး လည်း စင်ကြယ်၊ အကျိုးရလည်း ကြီးကျယ်ခမ်းနားပါတယ်။

သီလမရှိတော့ စိတ်မအေးချမ်း၊ စိတ်မအေးချမ်းတော့ စိတ်မတည်ငြိမ်၊ စိတ်မတည်ငြိမ်တော့ အသိဉာဏ်မထွက်၊ သီလ ပျက်ရင် သမာဓိရော၊ ပညာရော ဖြစ်ခွင့်မရှိတော့ပါဘူး။ သီလရှိ ရင်တော့ စိတ်အေးချမ်းတဲ့အတွက် သမာဓိရော၊ ပညာရော ပြည့် ပြည့်ဝဝ အားကောင်းနိုင်ပါတယ်။

ဒါကြောင့်လည်း မြတ်စွာဘုရားရှင်က 'သတိပဋ္ဌာန်တရား ပွားများတဲ့သူဟာ သီလတည်းဟူသော မြေကြီးပေါ်မှာ ရပ်တည်ပြီး ပွားများရမယ်' လို့ မိန့်ကြားတော်မူခဲ့ပါတယ်။ သီလစောင့်ထိန်းရင်း ပွားများနေတဲ့ သတိပဋ္ဌာန်ဝိပဿနာကသာ မဂ်လမ်း၊ ဖိုလ်လမ်း

http://www.dhammadownload.com

ဖြောင့်ပြီး နိဗ္ဗာန်ကို ဆိုက်ရောက်စေနိုင်မှာပါ။

မေတ္တေယျမြတ်စွာဘုရားကို ဖူးမြော်ချင်လို့ ဝိပဿနာ အားမထုတ်သေးဘဲနေတဲ့ မဟာသံဃရက္ခိတမထေရ် သေရာ ညောင်စောင်း လျောင်းနေတဲ့အချိန် အလုပ်အကျွေး ရဟန်းငယ် က 'အရှင်ဘုရား ပရိနိဗ္ဗာန်ပြုတော်မူတော့မယ် ဆိုတဲ့ သတင်း ကြောင့် ၁၂-ယူဇနာ ပတ်ဝန်းကျင်က လူထောင်သောင်းများစွာ ကြိတ်ကြိတ်တိုး စုရုံးရောက်ရှိနေကြပါတယ်၊ တကယ်လို့ ပုထုဇဉ် ဘဝနဲ့ အရှင်ဘုရား စုတေမှန်း သိသွားရင် သူတို့ စိတ်နှလုံး မသာ မယာ ဖြစ်သွားကြပါလိမ့်မယ် ဘုရား' လို့ လျှောက်ထားတဲ့အတွက် လဲလျောင်းနေရာမှ ထူမတ်ခိုင်းပြီး ရဟန်းငယ်ကို အခန်းအပြင် ဘက် ခေတ္တထွက်နေစေပါတယ်။

ရဟန်းငယ် အခန်းအပြင်ဘက် ရောက်တယ်ဆိုရင်ပဲ မထေရ်မြတ်က လက်ဖျောက်တီးပြီး အခန်းထဲ ပြန်ဝင်ခဲ့ဖို့ အမှတ် သင်္ကေတ ပေးလိုက်ပါတယ်။ ရဟန်းကိစ္စပြီးသွားပြီ၊ ရဟန္တာဖြစ် သွားပြီဆိုတဲ့ သဘောပေါ့။

'အရှင်ဘုရား၊ အခုလို သေကောင်ပေါင်းလဲ ဖြစ်နေတဲ့ အချိန်မှာ ရဟန္တာဖြစ်အောင် မြန်မြန်ကြီး ကျင့်နိုင်တာ ထူးဆန်းလှ ပါတယ် ဘုရား'

'တကယ်တော့ ဒါဟာ မထူးဆန်းပါဘူး ငါ့ရှင်၊ ထူးဆန်း တာက . . . တပည့်တော်ဟာ ရဟန်းဖြစ်တဲ့အချိန်က စပြီး ဘယ် အမှုမျိုးကိုမှ သတိဉာဏ်မပါဘဲ မှားမှားယွင်းယွင်း ချွတ်ချွတ်ချော် ချော် မပြုခဲ့ဖူးတာပါပဲ။ ရဟန်းဖြစ်ကတည်းက တပည့်တော်ရဲ့

http://www.dhammadownload.com

သီလဟာ ထက်ဝန်းကျင် ဖြူစင်သန့်ရှင်းခဲ့ပါတယ် ဌါရှင်'

ကိုယ့်ရဲ့ အကြွင်းမဲ့ ဖြူစင်တဲ့သီလကို ဆင်ခြင်ရင်း ဖြစ်ပေါ်လာတဲ့ ပီတိပါမောဇ္ဇ - နှစ်သက်ဝမ်းမြောက်မှုကို အခြေခံပြီး ဝိပဿနာ ရှုပွားလိုက်တာ စက္ကန့်ပိုင်းအတွင်းမှာပဲ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ခဲ့ပါတယ်။

သီလနဲ့ တစ်ရက် အသက်ရှင်ရရင်တောင် မြတ်တယ်ဆိုမှတော့ အနှစ်တစ်ရာပတ်လုံး သီလနဲ့ အသက်ရှင်ရရင် ဘယ်လောက်များ ကြီးကျယ်မြင့်မြတ်လိုက်မလဲ . . . ။

[ ၂ ]

**"သမာဓိမရှိသူရဲ့ အနှစ်တစ်ရာ အသက်ရှင်ရခြင်းထက် သမာဓိရှိသူရဲ့ တစ်ရက်တာ အသက်ရှင်ရခြင်းက အဆပေါင်းများစွာ ပိုပြီး မြင့်မြတ်ပါတယ်"**

(ဗုဒ္ဓ)

ကိုယ်လုပ်နေတဲ့အလုပ်၊ ကိုယ်ယူနေတဲ့ အာရုံအပေါ်မှာ စိတ်တည့်တည့်မတ်မတ် ထားနိုင်မှုကို သမာဓိလို့ ခေါ်ပါတယ်။ စိတ်မပျံ့လွင့်တဲ့သူ၊ စိတ်တည်ငြိမ်တဲ့သူ၊ ကိုယ်လောလောဆယ် လုပ်နေတဲ့ အလုပ်ထဲမှာ စိတ်အာရုံ အပြည့်အဝ စူးစိုက်နှစ်မြှုပ်ထားနိုင်တဲ့သူဟာ သမာဓိရှိတဲ့သူပါ။

ဘယ်အလုပ်ပဲ လုပ်လုပ်၊ သမာဓိရှိမှ လှပသေသပ်ပါတယ်။ သမာဓိမရှိရင် ဖရိုဖရဲနဲ့ ပြန့်ကြဲပြီး ဘယ်အလုပ်မှ လှပသေသပ်မှု မရှိတော့ပါဘူး။ အောက်ထစ်ဆုံးပြယုဂ်အနေနဲ့ ပြောရရင်

http://www.dhammadownload.com

ဖိနပ်ကို စီစီရီရီ ညီနေအောင် ချွတ်တာဟာ သမာဓိရှိလို့ပါ။ ဖိနပ်နှစ်ဖက်ကို စီစီရီရီ ညီနေအောင် မချွတ်ဘဲ ဟိုတစ်ဖက် ဒီတစ်ဖက် ချွတ်တာ၊ ကွာကျဲနေအောင် ချွတ်တာဟာ သမာဓိမရှိလို့ပါ။

သမာဓိမရှိရင် ကိုယ်လုပ်တဲ့ အလုပ်ထဲကနေ စွမ်းရည်သတ္တိ၊ ကောင်းကျိုးချမ်းသာ အပြည့်အဝ မရပါဘူး။ အချိန်လည်း ပိုကုန်၊ လူလည်း ပိုပင်ပန်းပါတယ်။ သမာဓိရှိရင်တော့ အချိန်မကုန်၊ လူမပန်းဘဲ အလုပ်ရဲ့ စွမ်းရည်နဲ့ ကောင်းကျိုးကို အပြည့်အဝ ခံစားခွင့်ရပါတယ်။

သမာဓိဆိုတာ ကျောက်ဖျာနဲ့ တူပါတယ်။ ဉာဏ်ဆိုတာ ဓားနဲ့ တူပါတယ်။ သမာဓိကျောက်ဖျာပေါ် တင်သွေးမှ ဉာဏ်ဓားက ထက်တာပါ။ ဉာဏ်ထက်မှလည်း သိသင့်သိထိုက်တာတွေ သိပြီး လွတ်သင့်လွတ်ထိုက်တဲ့ ဒုက္ခတွေကနေ လွတ်မြောက်နိုင်ပါလိမ့်မယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဖို့ လေးလအလိုမှာ ပုထုဇဉ်ရဟန်းအတော်များများ ငိုကြ ယိုကြ ပူဆွေးကြ၊ စုကြ ဝေးကြ တိုင်ပင်ကြနဲ့ အချိန်ဖြုန်းနေပေမယ့် ဓမ္မာရာမမထေရ်ကတော့ ငိုယိုပူဆွေးခြင်း၊ စုဝေးတိုင်ပင်ခြင်း လုံးဝမပြုလုပ်ဘဲ ကိုယ့်တရားကိုယ် အချိန်ပြည့် အားထုတ်နေပါတယ်။ 'မြတ်စွာဘုရားရဲ့ ပရိနိဗ္ဗာန်အမီ ငါရဟန္တာ ဖြစ်စေရမယ်' ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။

ဒါကို မကျေနပ်တဲ့ ရဟန်းတော်တွေက မြတ်စွာဘုရား သွားလျှောက်လို့ မြတ်စွာဘုရားရှင်က 'ငါဘုရားကို တကယ်ချစ်ရင် ဓမ္မာရာမလို တကယ်ကျင့်ရမယ်' လို့ မိန့်ကြားပြီး ဂါထာတစ်ပုဒ်နဲ့

http://www.dhammadownload.com

တရားဟောတော်မူပါတယ်။ တရားဂါထာအဆုံးမှာ ဓမ္မာရာမ မထေရ် ရဟန္တာဖြစ်သွားပါတယ်။

သမာဓိရှိတဲ့သူဟာ အခြေအနေ၊ အချိန်အခါကို တွက်ချက်ပြီး 'လောလောဆယ် ကိုယ်အလုပ်သင့်ဆုံးအလုပ်ဟာ ဘာလဲ' ဆိုတာကို တိတိကျကျ ဆုံးဖြတ်နိုင်စွမ်းရှိပါတယ်။ အပိုအလုပ်တွေနဲ့ လုံးဝ အချိန်ဖြုန်းလေ့မရှိသလို လုပ်သင့်တဲ့ အလုပ်တိုင်းကိုလည်း တစ်ပြိုင်တည်း စုပြုလုပ်လေ့ မရှိပါဘူး။ ဦးစားပေးအလုပ်နဲ့ ဆိုင်းငံ့အလုပ်ကို ခွဲခြားနားလည်တဲ့အတွက် အလုပ်ရဲ့ အရည်အသွေးနဲ့ အလုပ်ရဲ့ စံချိန်ကို ထူးထူးခြားခြား အရာထင်အောင် မြှင့်တင်နိုင်ပါတယ်။

သမာဓိနဲ့ တစ်ရက် အသက်ရှင်ရရင်တောင် မြတ်တယ်ဆိုမှတော့ အနှစ်တစ်ရာပတ်လုံး သမာဓိနဲ့ အသက်ရှင်ရရင် ဘယ်လောက်များ ကြီးကျယ်မြင့်မြတ်လိုက်မလဲ . . . ။

[ ၃ ]

"ပညာမရှိသူရဲ့ အနှစ်တစ်ရာအသက်ရှင်ရခြင်းထက် ပညာရှိသူရဲ့ တစ်ရက်တာ အသက်ရှင်ရခြင်းက အဆပေါင်းများစွာ ပိုပြီး မြင့်မြတ်ပါတယ်" (ဗုဒ္ဓ)

အမှားအမှန်၊ အကောင်းအဆိုးကို အကြောင်းအကျိုးနဲ့ စနစ်တကျ သိမြင်နိုင်စွမ်းကို ပညာလို့ ခေါ်ပါတယ်။ တွေးသင့်၊ မတွေးသင့်၊ ပြောသင့်၊ မပြောသင့်၊ လုပ်သင့်၊ မလုပ်သင့်ကို ခွဲခြားနားလည်ပြီး နားလည်တဲ့အတိုင်းလည်း အမှန်နဲ့ အကောင်းတွေ

http://www.dhammadownload.com

ချည်း တွေး၊ ပြော၊ လုပ်တဲ့သူဟာ ပညာရှိတဲ့သူပါ။

မှတ်သားပညာ၊ စဉ်းစားပညာနဲ့ ရှုပွားပညာလို့ ပညာသုံးမျိုး ရှိပါတယ်။ အရာရာကို မျက်စိဖွင့်၊ နားစွင့်ပြီး လေ့လာမှတ်သားနာကြားဖတ်ရှုရာက ရလာတဲ့ ဗဟုသုတအသိကို 'မှတ်သားပညာ' လို့ ခေါ်ပါတယ်။ ဗဟုသုတအသိနဲ့ လက်တွေ့ခံစားချက်ကို အခြေခံပြီး ဆင်ခြင်သုံးသပ် စဉ်းစားတွေးတောရာက ရလာတဲ့ ကိုယ်ပိုင်အသိကို 'စဉ်းစားပညာ' လို့ ခေါ်ပါတယ်။ သတိပဋ္ဌာန်နည်းလမ်းအတိုင်း ပစ္စုပ္ပန်ကျကျ၊ ပရမတ်ဆိုက်ဆိုက် ရှုမှတ်ပွားများ အားထုတ်ရာက ရလာတဲ့ ဝိပဿနာအသိ၊ မဂ်ဖိုလ်အသိကို 'ရှုပွားပညာ' လို့ ခေါ်ပါတယ်။

မှတ်သားပညာရော၊ စဉ်းစားပညာရော၊ ရှုပွားပညာရော၊ ပညာသုံးမျိုးလုံးရှိမှ ထိပ်တန်းပညာရှိ ဖြစ်နိုင်ပါတယ်။ ထိပ်တန်းအဆင့်အထိ မစွမ်းနိုင်ရင်လည်း သာမန်ပညာရှိ တစ်ယောက်အနေနဲ့ မှတ်သားပညာနဲ့ စဉ်းစားပညာကတော့ ရှိကို ရှိရပါမယ်။ မှတ်သားပညာသာ ရှိပြီး စဉ်းစားပညာ မရှိတဲ့သူကို ပညာရှိလို့ မခေါ်ပါဘူး၊ ပညာတတ်လို့ပဲ ခေါ်ပါတယ်။

လောကမှာ ပညာရှိတဲ့သူတွေသာ မိမိအကျိုးကိုရော၊ သူတစ်ပါးအကျိုးကိုရော သယ်ပိုးဆောင်ရွက်နိုင်ပါတယ်။ အထူးသဖြင့် အများအကျိုး သယ်ပိုးတဲ့နေရာမှာ ပညာဟာ မရှိမဖြစ်လိုအပ်ချက်ပါ။ မေတ္တာကရုဏာသာရှိပြီး ပညာမရှိရင် အများအကျိုးကို ဘယ်လိုနည်းနဲ့မှ သယ်ပိုးလို့ မရနိုင်ပါဘူး။

ဗုဒ္ဓဘုရားရှင်ဟာ တစ်လောကလုံးမှာ ပညာဉာဏ် အ

http://www.dhammadownload.com

ကြီးမားဆုံးပုဂ္ဂိုလ်ဖြစ်လို့ တစ်လောကလုံးရဲ့ အကျိုးစီးပွားကို ဘယ်လူ၊ ဘယ်နတ် ဘယ်တန်ခိုးရှင်မှ မတုပနိုင်၊ မနိုင်းယှဉ်နိုင်လောက်အောင် အဆုံးစွန်အထိ သယ်ပိုးရွက်ဆောင်တော်မူနိုင်ခဲ့တာပါ။

ပညာနဲ့ တစ်ရက် အသက်ရှင်ရတာတောင် မြတ်တယ်ဆိုမှတော့ အနှစ်တစ်ရာပတ်လုံး ပညာနဲ့ အသက်ရှင်ရရင် ဘယ်လောက်များ ကြီးကျယ်မြင့်မြတ်လိုက်မလဲ . . . ။

[ ၄ ]

**"ဝီရိယနည်းသူရဲ့ အနှစ်တစ်ရာအသက်ရှင်ရခြင်းထက် ဝီရိယမြဲသူရဲ့ တစ်ရက်တာ အသက်ရှင်ရခြင်းက အဆပေါင်းများစွာ ပိုပြီး မြင့်မြတ်ပါတယ်"** **(ဗုဒ္ဓ)**

ကိုယ်လုပ်ရမယ့်အလုပ်ကို ဘာအကြောင်းကြောင့်မှ နောက်မဆုတ်ဘဲ ရဲရဲဝံ့ဝံ့ ပြုလုပ်တတ်တဲ့ အစွမ်းသတ္တိကို ဝီရိယလို့ ခေါ်ပါတယ်။ အလုပ်လုပ်ချင်စိတ်ကို လျော့ပါးပျက်စီးသွားစေတတ်တဲ့ ဆန့်ကျင်ဘက် အကြောင်းတရားတွေကြောင့် ကိုယ့်အလုပ်အပျက်ခံတဲ့သူ၊ ပျင်းပျင်းရိရိ တွန့်တွန့်ဆုတ်ဆုတ် ဖြစ်နေတဲ့သူဟာ ဝီရိယနည်းတဲ့သူပါ။ ဘယ်လို အနှောင့်အယှက် အဟန့်အတားမျိုးကိုမှ ဂရုမထားဘဲ ကိုယ့်အလုပ်ကိုယ် စိုက်လိုက်မတ်တတ်လုပ်နေတဲ့သူ၊ နိုးနိုးကြားကြား ထထကြွကြွ အမြဲရှိတဲ့သူဟာ ဝီရိယမြဲတဲ့သူပါ။

ပင်ကိုအစွမ်းအစ ဘယ်လောက်ရှိရှိ ဝီရိယမရှိရင် အရည်အသွေးကောင်းတွေ၊ ရလဒ်ကောင်းတွေ လုံးဝ ပေါ်ထွက်မလာနိုင်တဲ့အပြင် နဂိုရှိပြီးသား အစွမ်းအစတောင် အညွန့်တုံးသွားနိုင်

http://www.dhammadownload.com

- သမာဓိရှိတဲ့သူဟာ
- အခြေအနေ၊ အချိန်အခါကို တွက်ချက်ပြီး
- "လောလောဆယ် ကိုယ်အလုပ်သင့်ဆုံး
- အလုပ်ဟာ ဘာလဲ" ဆိုတာကို
- တိတိကျကျ ဆုံးဖြတ်နိုင်စွမ်းရှိပါတယ်။
- အပိုအလုပ်တွေနဲ့ လုံးဝ အချိန်ဖြုန်းလေ့မရှိသလို
- လုပ်သင့်တဲ့အလုပ်တိုင်းကိုလည်း
- တစ်ပြိုင်တည်း စုပြုံလုပ်လေ့မရှိပါဘူး။
- ဦးစားပေးအလုပ်နဲ့ ဆိုင်းငံ့အလုပ်ကို
- ခွဲခြားနားလည်တဲ့အတွက်
- အလုပ်ရဲ့အရည်အသွေးနဲ့ အလုပ်ရဲ့စံချိန်ကို
- ထူးထူးခြားခြား အရာထင်အောင် မြှင့်တင်နိုင်ပါတယ်။

ပါတယ်။ ဝီရိယမပါရင် အစွမ်းအစဟာ အစွမ်းအဆုံးထိ မရောက်ဘဲ အစွမ်းအစ၊ သို့မဟုတ် အစွမ်းအလယ်မှာပဲ ရပ်တန့်ပြီးဆုံးသွားပါလိမ့်မယ်။

တရားဘာဝနာနယ်ပယ်မှာတော့ သွားရင်းဖြစ်တဲ့ ကိလေသာကို သွားနေဆဲမှာပဲ ပယ်နိုင်တဲ့သူ၊ ရပ်ရင်း၊ ထိုင်ရင်း၊ လျောင်းရင်းဖြစ်တဲ့ ကိလေသာကို ရပ်နေဆဲ၊ ထိုင်နေဆဲ၊ လျောင်းနေဆဲ

http://www.dhammadownload.com

မှာပဲ ပယ်နိုင်တဲ့သူကို ဝီရိယရှိသူလို့ ခေါ်ပါတယ်။ အချိန်မရွေး၊ နေရာမရွေး ပွားများနေမှု၊ ကိုယ်အမူအရာမရွေး၊ စိတ်အခြေအနေမရွေး ရှုမှတ်နေမှ တရားအားထုတ်သူအစစ်၊ တရားဝီရိယရှိသူအစစ်လို့ ဆိုလိုပါတယ်။

ဘိက္ခုနီမ ဝတ်ချင်ပေမယ့် ခင်ပွန်းသည်က ခွင့်မပြုလို့ ဝတ်ခွင့်မရရှာတဲ့ ဝေသာလီသူ မငြိမ်းခိုင် (ထေရိကာ) ဟာ အိမ်မှုကိစ္စ၊ လူမှုကိစ္စတွေကို သတိပဋ္ဌာန်ဝိပဿနာအလုပ်နဲ့ တွဲပြီး အမြဲလုပ်လေ့ရှိတဲ့အတွက် တစ်နေ့ ဟင်းရွက်ကြော်ရင်း လန်းရာက နွမ်းသွားတဲ့ ဟင်းရွက်တွေကို သက်သေထားပြီး ခန္ဓာဉာဏ်စိုက်ရှုပွားလိုက်တာ ဟင်းရွက်ကြော်အိုး မီးဖိုပေါ်က မချရသေးခင်မှာပဲ အနာဂါမ် ဖြစ်သွားခဲ့ပါတယ်။

ဝီရိယနဲ့ တစ်ရက် အသက်ရှင်ရတာတောင် မြတ်တယ်ဆိုမှတော့ အနှစ်တစ်ရာပတ်လုံး ဝီရိယနဲ့ အသက်ရှင်ရရင် ဘယ်လောက်များ ကြီးကျယ်မြင့်မြတ်လိုက်မလဲ . . . ။

[ ၅ ]

"ဖြစ်ပျက်မမြင်သူရဲ့ အနှစ်တစ်ရာ အသက်ရှင်ရခြင်းထက် ဖြစ်ပျက်မြင်သူရဲ့ တစ်ရက်တာ အသက်ရှင်ရခြင်းက အဆပေါင်းများစွာ ပိုပြီး မြင့်မြတ်ပါတယ်" (ဗုဒ္ဓ)

သက်ရှိ သက်မဲ့တွေ . . . သစ်ရာက ဟောင်းသွားတာ၊ ကောင်းရာက ဆိုးသွားတာ၊ တိုးရာက ရပ်သွားတာ၊ မတ်ရာက လဲသွားတာ၊ မြဲရာက တိမ်းသွားတာ၊ စိမ်းရာက နွမ်းသွားတာ၊

http://www.dhammadownload.com

လန်းရာက ညှိုးသွားတာ၊ ဖြိုးရာက ကျသွားတာ၊ လှရာက ပုပ်သွားတာ၊ ဟုတ်ရာက ခွင်သွားတာ၊ ရှင်ရာက သေသွားတာတွေအားလုံးဟာ ဖြစ်ပျက်တွေချည်းပါပဲ။

သစ်ရွက်ကြွေတာလည်း ဖြစ်ပျက်၊ လူသေတာလည်း ဖြစ်ပျက်ပါ။ ပန်းကန်ကွဲတာလည်း ဖြစ်ပျက်၊ ချစ်သူလွဲတာလည်း ဖြစ်ပျက်ပါ။ ဒါပေမဲ့ အဲဒီဖြစ်ပျက်တွေက သံဝေဂဖြစ်ပျက်တွေပဲ ရှိပါသေးတယ်။ ဝိပဿနာဖြစ်ပျက် မဟုတ်သေးပါဘူး။ သံဝေဂ ဖြစ်ပျက်က ပညတ်ကို အာရုံပြုပါတယ်။ ဝိပဿနာဖြစ်ပျက်က ပရမတ်ကို အာရုံပြုပါတယ်။

ဒါပေမဲ့ သံဝေဂဖြစ်ပျက်ကလည်း စိတ်အေးချမ်းမှု၊ စိတ်ဓာတ်ခိုင်မာမှုကို ကျေးဇူးပြုတဲ့အတွက် မြင်အောင်ကြည့်တတ်၊ ဆင်ခြင်တတ်ဖို့ လိုအပ်ပါတယ်။ ဘဝလွတ်မြောက်မှုအထိ ဦးတည်ရင်တော့ သံဝေဂ ဖြစ်ပျက်မြင်ရုံလောက်နဲ့ ကျေနပ်မနေဘဲ ဝိပဿနာဖြစ်ပျက်ပါ မြင်အောင် သတိပဋ္ဌာန်နည်းလမ်းအတိုင်း ရှုမှတ်ပွားများသွားရပါမယ်။

သံဝေဂဖြစ်ပျက်ကို ဝိပဿနာဖြစ်ပျက်ဘက် ဉာဏ်လှည့်လိုက်ရင်လည်း ဖြစ်ပျက်ကင်းရာ နိဗ္ဗာန်အထိ ဆိုက်ရောက်သွားနိုင်တာပါပဲ။

ပဋာစာရာထေရီမ တစ်နေ့ ခြေထောက်ရေဆေးရင်း ပထမ လောင်းတဲ့ရေ နည်းနည်းပဲ စီးပြီး ရပ်သွားတာ၊ ဒုတိယ လောင်းတဲ့ရေ ပထမထက် ပိုစီးပြီး ရပ်သွားတာ၊ တတိယလောင်းတဲ့ရေ ဒုတိယထက် ပိုစီးပြီး ရပ်သွားတာကို တစ်နေ့တစ်နေ့ အရွယ်သုံးပါး

http://www.dhammadownload.com

လုံး သေဆုံးနေကြတာနဲ့ ဆက်စပ်ပြီး သံဝေဂဖြစ်ပျက် ဆင်ခြင်ရာက ခန္ဓာဘက် ဉာဏ်လှည့်ပြီး ဝိပဿနာဖြစ်ပျက် ရှုပွားလိုက်တာ ခြေဆေးခုံပေါ်မှာပဲ ရဟန္တာ ဖြစ်သွားခဲ့ပါတယ်။

ဖြစ်ပျက်မြင်တဲ့ ဉာဏ်နဲ့ တစ်ရက် အသက်ရှင်ရတာ တောင် မြတ်တယ်ဆိုမှတော့ အနှစ်တစ်ရာပတ်လုံး ဖြစ်ပျက်မြင်တဲ့ ဉာဏ်နဲ့ အသက်ရှင်ရရင် ဘယ်လောက်များ ကြီးကျယ်မြင့်မြတ် လိုက်မလဲ . . .။

[ ၆ ]

**"မသေရာနိဗ္ဗာန်ကို မမြင်သူရဲ့ အနှစ်တစ်ရာ အသက်ရှင်ရခြင်းထက် မသေရာနိဗ္ဗာန်ကို မြင်သူရဲ့ တစ်ရက်တာ အသက်ရှင်ရခြင်းက အဆပေါင်းများစွာ ပိုပြီး မြင့်မြတ်ပါတယ်" (ဗုဒ္ဓ)**

'အိုနာသေရေး၊ ဒုက္ခဘေးတို့၊ ကင်းဝေးရာအမှန်၊ မြတ်နိဗ္ဗာန်' ဆိုတဲ့အတိုင်း နိဗ္ဗာန်ဆိုတာ အိုခြင်းကင်းတဲ့ဓာတ်၊ နာခြင်းကင်းတဲ့ဓာတ်၊ သေခြင်းကင်းတဲ့ဓာတ်၊ ဆင်းရဲခြင်းကင်းတဲ့ဓာတ် တစ်မျိုး ဖြစ်ပါတယ်။ လိုရင်းကတော့ သေခြင်းကင်းတဲ့ဓာတ်ပေါ့။

သေခြင်းကင်းတယ်ဆိုတာ ရှင်ခြင်း ကင်းလို့ပါ။ ရှင်ခြင်းကင်းတယ်ဆိုတာလည်း ရုပ်နာမ်ခန္ဓာကို မရှိလို့ပါ။ ရုပ်နာမ်ခန္ဓာ မရှိမှတော့ အိုစရာလည်း မလို၊ နာစရာလည်း မလို၊ သေစရာလည်း မလို၊ ဆင်းရဲစရာလည်း မလိုတော့ပါဘူး။

သေတယ်ဆိုတာ လိုရင်းကတော့ ပျက်တာပါပဲ။ ရုပ်နာမ်ခန္ဓာနဲ့ ဆက်စပ်နေတဲ့ ချမ်းသာမှန်သမျှ အပျက်မှာပဲ လမ်းဆုံးတဲ့

http://www.dhammadownload.com

အတွက် ချမ်းသာစစ် ချမ်းသာမှန် မဟုတ်ပါဘူး။ ချမ်းသာတု ချမ်းသာမှားတွေပါ။

ပျက်ခြင်းကို မလိုချင်ရင် ဖြစ်ခြင်းမရှိအောင် ကြိုးစားရပါမယ်။ သေခြင်းကို မလိုချင်ရင် ရှင်ခြင်းမရှိအောင် အားထုတ်ရပါမယ်။ ပျက်မှု၊ သေမှု ဒုက္ခလို့ မြင်တာထက် မပျက်ခင်၊ မသေခင် ဖြစ်နေ၊ ရှင်နေရတာကိုက ဒုက္ခပဲလို့ မြင်တာက မပျက်ခြင်း၊ မသေခြင်းနဲ့ ပိုပြီး နီးစပ်နိုင်ပါတယ်။

အခက်အခဲ၊ အကျပ်အတည်းတွေနဲ့ ကြုံတွေ့ရလို့ 'သေသွားတာပဲ အေးတယ်' ဆိုတဲ့ နှလုံးသွင်းနဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေပြီး အေးရာအေးကြောင်း ရှာသွားကြသူတွေရဲ့ စိတ်ကူးခံစားချက်နဲ့ ဆက်စပ်လေ့လာကြည့်ရင် ရုပ်နာမ်ခန္ဓာ မဖြစ်၊ မရှိ၊ မရှင်သန်တာဟာ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ခန့်မှန်းသိနိုင်လောက်ပါတယ်။ (မဖြစ်ခြင်းရဲ့ သုခကို ပေါ်လွင်အောင်သာ ဥပမာ ပေးတာပါ။ ကိုယ့်ကိုယ်ကိုယ် သတ်သေသူတွေ ဒုက္ခငြိမ်းသွားတယ် လို့ မဆိုလိုပါဘူး။)

ပျက်တတ်တဲ့ ရုပ်နာမ်ခန္ဓာ လုံးဝ မရှိပေမယ့် ဘယ်တော့မှ မပျက်စီးဘဲ အစဉ်ထာဝရ တည်မြဲနေတဲ့ အငြိမ်းဓာတ်တစ်မျိုးတော့ နိဗ္ဗာန်မှာ အထင်အရှားရှိပါတယ်။

ရင်သွေးသားငယ်ရဲ့ သေခြင်းတရားကြောင့် စိတ်သောက ရောက်နေရရှာတဲ့ ကိသာဂေါတမီဟာ ဗုဒ္ဓအဆုံးအမကြောင့် မသေခြင်းတရားကို လက်ဝယ်ဆိုက်ဆိုက် ရရှိလိုက်တဲ့အချိန်မှာတော့ သားငယ်ရဲ့ သေခြင်းအပေါ် စိတ်မပူပန်တော့တဲ့အပြင်

http://www.dhammadownload.com

မိမိကိုယ်တိုင်ရဲ့ သေခြင်းကနေလည်း အပြီးတိုင် လွတ်မြောက်သွားခဲ့ပါတယ်။

[ ၃ ]

**"လောကလွန်တရားမြတ်ကို မမြင်သူရဲ့ အနှစ်တစ်ရာ အသက်ရှင်ရခြင်းထက် လောကလွန်တရားမြတ်ကို မြင်သူရဲ့ တစ်ရက်တာ အသက်ရှင်ရခြင်းက အဆပေါင်းများစွာ ပိုပြီး မြင့်မြတ်ပါတယ်"**

(ဗုဒ္ဓ)

လောကကို လွန်မြောက်သွားတဲ့ လောကလွန်တရား (လောကုတ္တရာတရား) ဆိုတာ မဂ်ဖိုလ်နိဗ္ဗာန်ကို ပြောတာပါ။ မဂ်လေးပါး၊ ဖိုလ်လေးပါးနဲ့ နိဗ္ဗာန်ကလွဲရင် ကျန်တဲ့အရာအားလုံး လောကီတွေချည်း၊ ကျန်တဲ့တရားအားလုံး လောကီတရားတွေချည်းပါပဲ။

ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်၊ ဝိပဿနာကုသိုလ်၊ ဒီကုသိုလ်အားလုံး လောကီကုသိုလ်တွေချည်းပါပဲ။ ပရိယတ္တိအလုပ်၊ ပဋိပတ္တိအလုပ်တွေဟာလည်း လောကီအလုပ်တွေချည်းပါပဲ။ ဗုဒ္ဓဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်သည်ပင်လျှင် လောကီဉာဏ်ပါပဲ။

လောကုတ္တရာတရားကို ရဖို့ လောကီအလုပ်နဲ့ပဲ ရင်းနှီးရပါတယ်။ ဒါန၊ သီလ၊ သမထ . . . စတဲ့ ကုသိုလ်ကောင်းမှုတွေကို နိဗ္ဗာန်ဦးတည်ချက်နဲ့ တစ်ဖက်က ပြုရင်း သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို တစ်ဖက်က ကိုယ်အမူအရာ ဘာပဲပြုပြု-ပြုနေစဉ်၊ စိတ်အခြေအနေ ဘာပဲဖြစ်ဖြစ်-ဖြစ်နေစဉ်၊ နေစဉ်တိုင်း နေစဉ်တိုင်းမှာ

http://www.dhammadownload.com

သတိဉာဏ် ရှေ့ထားပြီး ကြိုးကြိုးစားစား အားထုတ်သွားမယ်ဆိုရင် ဝိပဿနာဉာဏ် အထွတ်အထိပ်ရောက်တဲ့တစ်နေ့ မဂ်ဖိုလ်နိဗ္ဗာန် လောကုတ္တရာတရားကို လက်ဝယ်မိမိ ရရှိလာပါလိမ့်မယ်။

စိတ်ဓာတ်နဲ့ အသိဉာဏ် အဆင့်အတန်းမြင့်မားသူတိုင်း ကိုယ့်ရဲ့ လက်ရှိဘဝအနေအထားကို ကျေနပ်အားရပြီး ရပ်တန့်နေလေ့ မရှိပါဘူး။ တစ်ဆင့်ထက် တစ်ဆင့် မြင့်သည်ထက်မြင့်အောင်၊ တစ်ထပ်ထက်တစ်ထပ် မြတ်သည်ထက်မြတ်အောင် ကြိုးစားအားထုတ်ကြတာချည်းပါပဲ။


လောကီတရားထက် အဆင့်မြင့်တဲ့ လောကုတ္တရာတရားဆိုတာ ကိုယ့်ဘဝကိုယ် ကျေနပ်နှစ်သိမ့်နေကြသူတွေနဲ့ လုံးဝမဆက်ဆံ၊ လုံးဝ မထိုက်တန်တဲ့ အထွတ်အမြတ်တရား ဖြစ်ပါတယ်။

နှာတစ်ချေ၊ ချောင်းတစ်ဟန့်တောင် မဖြစ်ဖူးတဲ့ အရှင်ဗာကုလဟာ ခန္ဓာကိုယ်အနာရောဂါ ကင်းရှင်းရုံနဲ့ ကျေနပ်မနေဘဲ စိတ်အနာရောဂါလို့ခေါ်တဲ့ ကိလေသာအနာရောဂါပါ ကင်းရှင်းအောင် ကြိုးစားအားထုတ်ခဲ့တဲ့အတွက် ချမ်းသာအားလုံးရဲ့ အထွတ်အမြတ်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ထာဝရပိုင်ဆိုင်ခွင့် ရသွားခဲ့ပါတယ် . . .။ ။

အနှစ်တစ်ရာပတ်လုံး
မြင့်မြတ်တော်မူနိုင်ကြပါစေ။
[ဂန္ဓာဂေါ၊ ကန်တောရကျောင်းတိုက်
နှစ်(၁၀၀)ပြည့်မင်္ဂလာဗင်း၊ ၂၀၀၅။]

http://www.dhammadownload.com





# မြတ်ဗုဒ္ဓ ထုတ်လွှင့်တော်မူသော ရုပ်မြင်သံကြား တရားတော်များ

[၁]

တရားဟောဖို့ . . .

ဟုတ်ပါတယ် . . . ၊ မြတ်စွာဘုရား အလောင်းတော် . . . ကမ္ဘာပေါင်း လေးအသင်္ချေနဲ့ တစ်သိန်းပတ်လုံး . . . ကာလကြာမြင့်စွာ . . . အရာရာ စွန့်လွှတ် . . . အရာရာပေးဆပ် . . . အရာရာကျောခိုင်းပြီး . . . တုနှိုင်းမမီ . . . ပါရမီတော်တွေ ဖြည့်ကျင့်တော်မူခဲ့တာ . . .

ဘာအတွက်လဲဆိုရင် . . .

တရားဟောဖို့အတွက်ပါ . . .

http://www.dhammadownload.com

ကျွတ်သင့်ကျွတ်ထိုက်တဲ့ သတ္တဝါဝေနေယျတွေကို . . . တရားရေအေး အမြိုက်ဆေး . . . တိုက်ကျွေးဖို့အတွက်ပါ . . .။

တရားဟောမှ တရားသိ . . .၊ တရားသိမှ တရားကျင့် . . .၊ တရားကျင့်မှ တရားရှိ . . .၊ တရားရှိမှ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်မှာ မဟုတ်လား . . .။

လေးဆယ့်ငါးဝါ၊ သို့မဟုတ် လေးဆယ့်ငါးနှစ်တာ ကာလပတ်လုံး . . . မြတ်စွာဘုရား မနားမနေ လုပ်ဆောင်တော်မူသွားတဲ့အလုပ်တွေကို အနှစ်ချုပ်လိုက်ရင် . . . အဓိကအလုပ်ကတော့ . . . တရားဟောတဲ့အလုပ်ပါပဲ။ ကျန်တဲ့အလုပ်တွေအားလုံးဟာ တရားဟောတဲ့အလုပ်ရဲ့ အခြံအရံ၊ အထောက်အပံ့တွေချည်းပါ။

တစ်ခါတစ်ရံ . . . ကိုယ့်ဆီရောက်လာသူကို အာလာပသလ္လာပစကားလမ်းခင်းပြီး တရားဟောသလို၊ တစ်ခါတစ်ရံ . . . ကိုယ်ဟောချင်သူဆီ မရောက်ရောက်အောင် သွားပြီး စကားစရှာကြံကာ တရားဟောတော်မူပါတယ်။

တစ်ခါတစ်ရံ . . . ဆွမ်းခံသွားရင်း တရားဟောသလို၊ တစ်ခါတစ်ရံ . . . ဆွမ်းဘုဉ်းအပြီး တရားဟောတော်မူပါတယ်။

တစ်ခါတစ်ရံ . . . ပရိသတ်အများနဲ့ တရားဟောသလို၊ တစ်ခါတစ်ရံ . . . တစ်ဦးချင်း တစ်ယောက်ချင်းနဲ့ တရားဟောတော်မူပါတယ်။

တစ်ခါတစ်ရံ . . . ပင့်လျှောက်မှ တရားဟောသလို၊ တစ်ခါတစ်ရံ မပင့်လျှောက်ဘဲနဲ့ တရားဟောတော်မူပါတယ်။

တစ်ခါတစ်ရံ . . . တရားမဏ္ဍပ်မှာ တရားဟောသလို၊

http://www.dhammadownload.com

တစ်ခါတစ်ရံ . . . သစ်ပင်အောက်၊ မြစ်ကမ်းနံဘေး . . . စတဲ့ ကြုံရာနေရာမှာ တရားဟောတော်မူပါတယ်။

တစ်ခါတစ်ရံ . . . အနီးနားမှာ တရားဟောသလို၊ တစ်ခါတစ်ရံ . . . ခရီးဝေးကြွပြီး တရားဟောတော်မူပါတယ်။

တစ်ခါတစ်ရံ . . . မြေပြင်ခရီးနဲ့ ခြေကျင်ကြွ တရားဟောသလို၊ တစ်ခါတစ်ရံ . . . ကောင်းကင်ခရီးနဲ့ ဈာန်ပျံကြွ တရားဟောတော်မူပါတယ်။

တစ်ခါတစ်ရံ . . . ဒီကမ္ဘာ၊ ဒီစကြဝဠာမှာပဲ တရားဟောသလို၊ တစ်ခါတစ်ရံ . . . တခြားကမ္ဘာ၊ တခြားစကြဝဠာမှာ တရားဟောတော်မူပါတယ်။

တစ်ခါတစ်ရံ . . .

တစ်ခါတစ်ရံ . . .

တရားဟောဖို့ ပွင့်တော်မူလာတဲ့ မြတ်စွာဘုရားရှင်ရဲ့ တရားဟောပုံ မဟာဗျူဟာ၊ နည်းဗျူဟာတွေကတော့ ရေတွက်လို့ မကုန်နိုင်အောင် များပြားလွန်းလှပါတယ်။ တရားနာမယ့်သူ၊ တရားကို လက်ခံယူမယ့်သူတွေရဲ့ လိုအင်ဆန္ဒနဲ့ လိုအပ်ချက်အပေါ် မူတည်ပြီး အလိုက်သင့် ဟောရတာမို့ပါ။

အဲဒီအထဲမှာမှ . . . ရင်အခုန်ရဆုံး၊ စိတ်အလှုပ်ရှားရဆုံး တရားဟောနည်းကတော့ အဝေးကနေ ရုပ်မြင်သံကြားလှိုင်းတွေ ထုတ်လွှင့်ပြီး ဟောတော်မူတဲ့နည်းပါပဲ။ ထူးခြားဆန်းကြယ် အံ့ဩဖွယ်လည်း ကောင်းသလို ဖူးမြင်နာကြားရသူရဲ့ ရင်ထဲကိုလည်း တိုက်ရိုက်ထိမှန် အသိဉာဏ် အမြန်ဆုံး ပွင့်လင်းစေနိုင်ပါတယ်။

http://www.dhammadownload.com

ရုပ်မြင်သံကြားနည်းနဲ့ ဟောတော်မူတဲ့ အဲဒီတရားတော်တွေကို 'လျှပ်တစ်ပြက်ဟောချက်' တွေလို့ပဲ ဆိုကြပါစို့ . . .။

[၂]

ဥယျာဉ်တစ်ခုထဲက သစ်ပင်တစ်ပင်အောက်မှာ တရားအားထုတ်နေတဲ့ ရဟန်းပျိုလေးတစ်ပါးထံ ပြည့်တန်ဆာမတစ်ဦး မယောင်မလည်နဲ့ ရောက်လာပါတယ်။ သူချိန်းထားတဲ့ အမျိုးသား ရောက်မလာတဲ့အတွက် ဟိုဒီလှည့်ပတ်လျှောက်ကြည့်ရင်း ရောက်လာတာပါ။

'သင်္ကန်းဝတ်ထားလို့ ရဟန်းဖြစ်နေပေမယ့် . . . ယောကျ်ားဟာ ယောကျ်ားပါပဲ . . .၊ ယောကျ်ားစိတ်နဲ့ ယောကျ်ား အသွေးအသား ပိုင်ဆိုင်ထားသူကို . . . ငါ ဖြားယောင်းရင် . . . ဘာလို့ မရရမှာလဲ . . .၊ ပျိုပျို သွေးဆောင်ရင် ကိုကို မေးထောင်လာရမှာပေါ့'

နှလုံးသွင်းမှားတဲ့ ပြည့်တန်ဆာမ . . . ရဟန်းတော်လေးအပေါ် သဒ္ဓါမပွား တဏှာထွားပြီး . . . ကိုးရိုးကားရားတွေ လုပ်ပြပါတော့တယ်။ ရဟန်းတော်လေးရဲ့ ရှေ့တည့်တည့်ကနေ . . . လုံချည် ခဏခဏ ပြင်ဝတ်ပြ . . .၊ ဆံပင် ခဏခဏ ပြင်ထုံးပြ. . .၊ ပြုံးပြ . . . ရယ်ပြ . . .၊ နွဲ့ပြ . . . မူပြ . . .၊ ခရာပြ . . . တာပြ . . .၊ ဘာပြ . . . ညာပြ . . .။

'ဘုရား . . . ဘုရား . . .'

ပြည့်တန်ဆာမရဲ့ မဖွယ်မရာ အပြုအမူတွေကို ကြည့်ပြီး ရဟန်းတော်လေးရဲ့ သန္တာန်မှာ သံဝေဂဉာဏ်တွေ အကြီးအကျယ်

http://www.dhammadownload.com

ဖြစ်ပေါ်လာပါတယ်။

ဒါကို သိမြင်တဲ့ မြတ်စွာဘုရားရှင်က ဇေတဝန်ကျောင်းတော်၊ ဂန္ဓကုဋိတိုက်ထဲမှာ ထိုင်လျက် သီတင်းသုံးတော်မူရင်းကနေ ရဟန်းတော်လေးထံ 'ရောင်ခြည်တော် အလင်းလှိုင်း' တွေ၊ သို့မဟုတ် 'ရောင်ခြည်တော် အရုပ်လှိုင်း' တွေ ထုတ်လွှတ်လိုက်ပါတယ်။ မြတ်စွာဘုရား ထုတ်လွှတ်လိုက်တဲ့ 'ရောင်ခြည်တော် အရုပ်လှိုင်း' တွေက ရဟန်းတော်လေးရဲ့ ရှေ့မှောက်မှာ တကယ့်မြတ်စွာဘုရားအသွင် ကြည်လင်ပြတ်သားတဲ့ 'အရုပ်' တော် ပေါ်လာတဲ့အတွက် ရဟန်းတော်လေးက မြတ်စွာဘုရား ကြွတော်မူလာတယ်လို့ ထင်မှတ်သွားပါတယ်။

ရဟန်းတော်လေး လက်အုပ်ချီ၊ အရိုအသေပြုပြီးတာနဲ့ တစ်ပြိုင်နက် မြတ်စွာဘုရား ဆက်လက်ထုတ်လွှင့်လိုက်တဲ့ 'ဒေသနာတော် အသံလှိုင်း' တွေက ကြည်လင်အေးမြတဲ့ 'အသံ' တော်နဲ့ ရဟန်းတော်လေးကို တရားဟောတော်မူပါတယ်။

'ချစ်သားရဟန်း . . .၊ ကာမဂုဏ် ရှာမှီးသူတွေ မပျော်မွေ့တဲ့ နေရာဒေသတစ်ခုဟာ . . . ကာမဂုဏ်စွန့်လွှတ်သူတွေအတွက်တော့ တကယ့်ကို ပျော်မွေ့စရာကြီးပါ'

'တောတွေ တောင်တွေဟာ ရေတံခွန်စိမ့်စမ်းတွေ၊ သစ်ပင်ပန်းမန်တွေနဲ့ သာယာလှပပြီး သိပ်ကို နေချင်စရာကောင်းပါတယ် . . .၊ ဒါပေမဲ့ . . . ကာမဂုဏ်ရှာမှီးသူတွေကတော့ လုံးဝမနေချင်ကြပါဘူး . . .၊ တောတွေ တောင်တွေမှာ သူတို့ မပျော်မွေ့ကြဘူးလေ'

http://www.dhammadownload.com

'ကိလေသာ လုံးဝ ကင်းပြီးတဲ့ သူတော်စင်သူတော်မြတ်ကြီးတွေ . . .၊ ကိလေသာ လုံးဝ ကင်းဖို့ ကြိုးစားနေတဲ့ သူတော်ကောင်း သူမြတ်လောင်းကြီးတွေကတော့ . . . တောတွေ တောင်တွေမှာ . . . တရားမေ့နဲ့ . . . မွေ့လျော်ပျော်ပိုက်စွာ နေထိုင်ကြပါတယ်'

ဂန္ဓကုဋိတိုက်ထဲကနေ ထိုင်ရာမထ ထုတ်လွှင့်လိုက်တဲ့ မြတ်စွာဘုရားရှင်ရဲ့ ရုပ်မြင်သံကြားတရားတော်အဆုံးမှာ ရဟန်းတော်လေး ရဟန္တာဖြစ်တော်မူသွားပါတယ်။

[၃]

ဘုရားအမျှုးရှိတဲ့ ကျောင်းသံဃာကုန် ဆရာဇီဝကအိမ်ဆွမ်းစားကြွနေချိန်မှာ . . . ဝေဠုဝန်ကျောင်းတော်ရဲ့ ဂန္ဓကုဋိဆောင် ဆင်ဝင်အောက်မှာ အရှင်စူဠပန္ထက တစ်ပါးတည်း လက်ကိုင်ပဝါ အဖြူလေးတစ်ထည်ကို လက်နဲ့ ဆုပ်နယ်ရင်း 'ဖုန်ပေမယ့် ပစ္စည်း . . .၊ ဖုန်ပေမယ့် ပစ္စည်း' လို့ နှုတ်လုံးသွင်းနေပါတယ်။ အရှင်စူဠပန္ထက ပွတ်သပ်ဆုပ်နယ်နေစဉ်မှာပဲ လက်ကိုင်ပဝါ အဖြူလေး တဖြည်းဖြည်း ညစ်ထေးဟောင်းနွမ်းသွားပါတယ်။

'ဩော် . . . ဒီပဝါလေးဟာ . . . အစတုန်းက . . . သိပ်ကို ဖြူဖွေးသန့်စင်တဲ့ ပဝါလေး . . .၊ အခု . . . ဒီခန္ဓာကိုယ်နဲ့လည်း ထိလိုက်ရော . . . ပင်ကို ဖြူဖွေးတာတွေ ပျောက်ပြီး မည်းညစ်သွားပြီ . . .၊ ပင်ကို သန့်စင်တာတွေ ပျောက်ပြီး ညစ်ပတ်သွားပြီ . . .၊ ပင်ကို သစ်လွင်တာတွေ ပျောက်ပြီး ဟောင်းနွမ်း

http://www.dhammadownload.com

သွားပြီ . . .၊ ဪ . . . အရာရာတိုင်းဟာ မတည်မြဲတဲ့သဘော တွေချည်းပါပဲလား'

ပဝါဖြူလေးရဲ့ ညစ်နွမ်းမှုကို သက်သေထားပြီး ဖြစ်ပျက် ဆင်ခြင် ဝိပဿနာတင်နေတဲ့ အရှင်စူဠပန္ထကရဲ့ ရှေ့မှောက်ကို ဆရာဇီဝကရဲ့အိမ်ကနေ မြတ်စွာဘုရား ရောင်ခြည်တော်တွေ လွှတ်လိုက်ပါတယ်။

မြတ်စွာဘုရား လွှတ်လိုက်တဲ့ ရောင်ခြည်တော်တွေဟာ အရှင်စူဠပန္ထကရဲ့ ရှေ့မှောက်မှာ အရုပ်၊ အသံတွေအဖြစ် အသွင် ပြောင်းလဲသွားပြီး ထိုင်တော်မူဂ္ဂရိယာပုတ်နဲ့ အရှင်စူဠပန္ထကကို တရားဟောတော်မူပါတယ်။

'ချစ်သား စူဠပန္ထက . . .၊ အပြင်က ဖုန်မှုန့်တွေဟာ တကယ်တော့ ဖုန်မှုန့်အစစ် မဟုတ်သေးပါဘူး . . .၊ ကိုယ့် အတွင်းစိတ်ထဲက သာယာနှစ်သက်မှု၊ တပ်မက်စွဲလမ်းမှု ဆိုတဲ့ တဏှာ, လောဘ, ရာဂတွေ၊ စိတ်တို စိတ်ဆိုးမှု၊ စိတ်ညစ်စိတ်ပျက်မှု ဆိုတဲ့ ဒေါသ, ကောဓတွေ၊ အသိတရား ကင်းမဲ့မှု၊ အမှန်မမြင်နိုင်မှု ဆိုတဲ့ အဝိဇ္ဇာ, မောဟတွေကမှ တကယ့်ဖုန်မှုန့်အစစ်တွေပါ'

'ချစ်သား စူဠပန္ထက . . .၊ ဖြူစင်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေ ဟာ အဲဒီ စိတ်တွင်းဖုန်မှုန့်တွေကို ဖယ်ထုတ်ခါချပြီး စိတ်တွင်းဖုန် မှုန့်ကင်းတဲ့ မြတ်စွာဘုရားရှင်ရဲ့ . . . စိတ်တွင်းဖုန်မှုန့်ကင်းရာ သာသနာတော်မှာပဲ မွေ့လျော်ပျော်ပိုက်စွာ နေထိုင်ကြပါတယ်'

'ချစ်သား စူဠပန္ထက . . .၊ ပဝါဖြူပေါ်က ဖုန်မှုန့်တွေကို သာ ညစ်နွမ်းတယ်လို့ မထင်လိုက်ပါနဲ့ . . .၊ ချစ်သားရဲ့ အတွင်း

http://www.dhammadownload.com

စိတ်ထဲမှာ ကိန်းအောင်းနေတဲ့ ရာဂ, ဒေါသ . . . စတဲ့ ကိလေသာဖုန်မှုန့်တွေကလည်း ညစ်နွမ်းပါတယ် . . .၊ ဒီ ကိလေသာဖုန်မှုန့်တွေကြောင့်ပဲ စိတ်ဆင်းရဲရ၊ အပါယ်ငရဲ ကျရသလို ဒီကိလေသာဖုန်မှုန့်တွေကြောင့်ပဲ သံသရာထဲမှာ ဒုက္ခမျိုးစုံနဲ့ ကျင်လည်နေရတာပါ'

'ဒါ့ကြောင့် . . . ချစ်သား စူဠပန္ထက . . .၊ ဆင်းရဲအားလုံး ချုပ်ဆုံးသွားဖို့အတွက် သင်ချစ်သားရဲ့ အတွင်းစိတ်ထဲမှာရှိနေတဲ့ ကိလေသာဖုန်မှုန့်တွေကို တစ်စမကျန် တွန်းလှန်ဖယ်ထုတ်ခါချပစ်လိုက်စမ်းပါကွယ်'

မြတ်စွာဘုရားရှင်ရဲ့ ဆရာဇီဝကအိမ်ကနေ ထုတ်လွှင့်ဟောကြားတဲ့ ရုပ်မြင်သံကြား တရားဒေသနာတော်အဆုံးမှာ အရှင်စူဠပန္ထက ရဟန္တာဖြစ်တော်မူသွားပါတယ်။

[၄]

အသက်ကြီးမှ ဘိက္ခုနီဖြစ်လာတဲ့ ဗဟုပုတ္တိကထေရီမ,ဟာ နေ့ဘက်မှာ တခြားဘိက္ခုနီမတွေရဲ့ ဝေယျာဝစ္စလုပ်ပေးရင်း တရားအားထုတ်သလို ညဘက်မှာ တစ်ခါတစ်ရံ ကျောင်းတိုင်ကို လက်နဲ့ကိုင်၊ တစ်ခါတစ်ရံ သစ်ပင်တစ်ပင်ကို လက်နဲ့ကိုင်ရင်း တိုင်ပတ်၊ သစ်ပင်ပတ်ပြီး ညလုံးပေါက် စင်္ကြံလျှောက် တရားအားထုတ်ပါတယ်။

မြတ်စွာဘုရား ဟောကြားထားတဲ့ တရားတော်တွေကို ဆင်ခြင်လိုက်၊ ထင်ရှားလာရာအာရုံကို သတိပဋ္ဌာန်ဝိပဿနာ ရှု

http://www.dhammadownload.com

■ ကြယ်စုံ၊ လသာတဲ့ ဒီလိုညမျိုး
လုံးဝ အိပ်ပစ်ဖို့ မကောင်းဘူး။
■ တရားအားထုတ်ရင် ဉာဏ်ကြီးတယ်၊
တရားအားမထုတ်ရင် ဉာဏ်မကြီးဘူး။
■ ဒီခန္ဓာကို ရေမြှုပ်စိုင်လို မနိုင်မြဲ
တံလျှပ်လို တစ်ခဏပဲလို့ သိရင်
သေမင်းမမြင်တဲ့နေရာရောက်ပြီ။
■ အပ္ပမာဒတရားနဲ့ မွေ့လျော်တဲ့သူဟာ
အသေးအမွှားသံယောဇဉ်တွေကိုရော၊
အကြီးအမား သံယောဇဉ်တွေကိုပါ
မြတ်တောက်ဖျက်ဆီးပစ်နိုင်ပါတယ်။

မှတ်လိုက်နဲ့ ဆင်ခြင်တစ်လှည့်၊ ရှုမှတ်တစ်လှည့် ပွားများအားထုတ် နေတာပါ။

တစ်ည . . . ဘိက္ခုနီကျောင်း အောက်ထပ်မှာ တိုင်ဖက် ရင်း တရားအားထုတ်နေတဲ့ ဗဟုပုတ္တိကထေရီမထံ မြတ်စွာဘုရား ရောင်ခြည်တော်တွေ လွှတ်လိုက်ပါတယ်။ ဇေတဝန်ကျောင်း၊ ဂန္ဓ- ကုဋီတိုက်ထဲမှာ သီတင်းသုံးစော်မူနေရင်းက လွှတ်လိုက်တာပါ။

မြတ်စွာဘုရား လွှတ်လိုက်တဲ့ ရောင်ခြည်တော်တွေထဲမှာ အရုပ်လှိုင်းရော၊ အသံလှိုင်းပါ ပါတဲ့အတွက် ထေရီမရဲ့ ရှေ့မှောက်

http://www.dhammadownload.com

မှာ သက်တော်ထင်ရှား မြတ်စွာဘုရားအသွင် ပြောင်းလဲပြီး ထေ-ရီမကို တရင်းတနှီး တရားဟောတော်မူပါတယ်။

'ချစ်သမီး ဗဟုပုတ္တိက . . .၊ ငါဘုရား ဟောကြားထားတဲ့ တရားတော်တွေကို နာပြီး-ပြီးရော ပစ်ထားမယ် . . .၊ ထပ်တလဲလဲ နှလုံးမသွင်းဘူး . . .၊ မဆင်ခြင်ဘူးဆိုရင် . . . တရားအသိလည်း တိုးမလာနိုင်သလို . . . တရားအကျင့်လည်း တိုးမလာနိုင်ပါဘူး . . .၊ တရားအသိနဲ့ တရားအကျင့် အားနည်းနေမှတော့ တရားအရှိကို ဘယ်လိုလုပ် ထိုးထွင်းတွေ့မြင်နိုင်ပါတော့မလဲ'

'အဟောတရားကိုလည်း ဆင်ခြင် . . .၊ အကျင့်တရားကိုလည်း အားထုတ်မှ အရှိတရားကို သိမြင်နိုင်မှာပါ'

'ချစ်သမီး ဗဟုပုတ္တိက . . .၊ လောကမှ လွန်မြောက်တဲ့ တရား (မဂ်ဖိုလ်နိဗ္ဗာန် ဆိုတဲ့ လောကုတ္တရာတရား)ကို မသိမမြင်ဘဲ နှစ်ပေါင်းတစ်ရာအသက်ရှင်ရတာထက် လောကမှ လွန်မြောက်တဲ့တရားကို သိမြင်ပြီး တစ်နေ့တစ်ရက်၊ သို့မဟုတ် တဒင်္ဂတစ်ခဏ အသက်ရှင်ရတာက အဆပေါင်းများစွာ ပိုပြီး မြင့်မြတ်ပါတယ်'

မြတ်စွာဘုရားရှင်ရဲ့ ညဥ့်နက်သန်းခေါင်ချိန်မှာ ထုတ်လွှင့်တော်မူတဲ့ ရုပ်မြင်သံကြားတရားတော်အဆုံးမှာ ဗဟုပုတ္တိကထေရီမ ရဟန္တာဖြစ်သွားပါတယ်။

[၅]

မိမိကို ဖူးမြော်ဖို့အလာ တောလမ်းခရီးမှာ တောမီးလောင်တာ တွေ့မြင်နေရတဲ့ တောရကိုယ်တော်လေးတစ်ပါးကို

http://www.dhammadownload.com

တောထဲအရောက် ရောင်ခြည်တော်တွေ လွှတ်ပြီး . . .

'ချစ်သားရဟန်း . . .၊ မေ့မေ့လျော့လျော့နေရင် ဖြစ်ပေါ်လာမယ့် ဘေးဒုက္ခတွေကို သိမြင်တဲ့အတွက် မမေ့မလျော့နေတဲ့၊ အပ္ပမာဒတရားနဲ့ မွေ့လျော်တဲ့ သူတော်ကောင်းပုဂ္ဂိုလ်ဟာ အသေးအမွှား သံယောဇဉ်တွေကိုရော၊ အကြီးအမား သံယောဇဉ်တွေကိုပါ နောင်ဘယ်တော့မှ ထပ်မဖြစ်တော့တဲ့အထိ အသိဉာဏ်ပညာမီးနဲ့ ဖြတ်တောက် ဖျက်ဆီးပစ်နိုင်ပါတယ် . . .၊ အရှိန်ပြင်းတဲ့ တောမီးဟာ အသေးအမွှား လောင်စာတွေကိုရော၊ အကြီးအမား လောင်စာတွေကိုပါ ဝါးမျိုလောင်မြိုက်ပစ်လိုက်သလိုမျိုးပေါ့'

လို့ ရုပ်မြင်သံကြားတရား ဟောတော်မူခဲ့ဖူးသလို . . .

မေတ္တာသုတ်လည်းရွတ်၊ မေတ္တာလည်းပွား၊ ဝိပဿနာလည်း အားထုတ်နေတဲ့ မေတ္တာသုတ်သမိုင်းကြောင်းလာ ရဟန်းတော်ငါးရာကိုလည်း သူတို့သီတင်းသုံးရာ တောအုပ်ထဲအထိ မိုင်ပေါင်းတစ်ထောင်ကျော်ကနေ ရောင်ခြည်တော် - အရုပ်လှိုင်း, အသံလှိုင်းတွေ လွှတ်ပြီး . . .

'ချစ်သားရဟန်းတို့ . . .၊ ဒီခန္ဓာကိုယ်ကောင်ကြီးကို မြေအိုးလိုပဲ ပျက်စီးလွယ်တယ်လို့ နားလည်သိမြင်တဲ့ ပညာရှိ သူတော်ကောင်းဟာ ကိုယ့်စိတ်ကိုယ် တံတိုင်းအထပ်ထပ်နဲ့ ခိုင်ခံ့တဲ့မြို့ကြီးလို လုံခြုံအောင် ပိတ်ဆို့ထားပြီး ပညာလက်နက်နဲ့ ကိလေသာမာရ် သူပုန်ရန်ကို တွန်းလှန်တိုက်ထုတ်ပစ်ရပါမယ်။ အောင်ပြီးသား တရားကို တိုးတက်သည်ထက် တိုးတက်အောင် စောင့်ရှောက်ရပါ

http://www.dhammadownload.com

မယ်။ အောင်ပြီးသားတရားမှာပဲ အိမ်လို ငြိတွယ်နေတဲ့သူ မဖြစ်ပါစေနဲ့'

လို့ ရုပ်မြင်သံကြားတရား ဟောတော်မူခဲ့ဖူးပါတယ်။

လူထွက်ပြီး သူခိုးအလုပ်နဲ့ အသက်မွေးမိလို့ အဖမ်းဆီးခံရပြီး သေဒဏ်ပေးဖို့ သုသာန်ကို အထုတ်၊ ဆရာဖြစ်သူ အရှင်မဟာကဿပရဲ့ သတိပေးစကားကြောင့် အချုပ်အနှောင်ကြားထဲက ဈာန်ပြန်ရ၊ သံချွန်တွေပေါ်မှာ ပက်လက်စန့်စန့် မတုန်မလှုပ်သေခြင်းတရားကို ရင်ဆိုင်ဝံ့တာကြည့်ပြီး ရှင်ဘုရင်က ကွင်းလုံးကျွတ် ပြန်လွှတ်လိုက်တဲ့ ရဟန်းလူထွက်တစ်ဦးထံကိုလည်း တောင်စွယ်နေကွယ်ချိန်မှာ သုသာန်အရောက် မနောစလောင်းကနေ အရုပ်လှိုင်း၊ အသံလှိုင်းတွေ လွှင့်ထုတ်ပြီး . . .

'ပရိသတ်အပေါင်းတို့ . . . ၊ လူ့ဘဝရဲ့ ကိလေသာတောရှုပ်ကို စွန့်ပြီး ရဟန်းဘဝရဲ့ အကျင့်မြတ်တောရှင်းထဲကို ချဉ်းနင်းဝင်ရောက်လာခဲ့တဲ့ လူတစ်ယောက်ဟာ . . . လူ့ဘောင် အနှောင်အဖွဲ့ဆိုတဲ့ တဏှာတောထဲကနေ လွတ်မြောက်နေပြီး ဖြစ်ပါလျက် . . . လူ့ဘောင်အနှောင်အဖွဲ့ဆိုတဲ့ အဲဒီတဏှာတောထဲကိုပဲ ပြန်ဆင်း ပြေးဝင်သွားပါတယ် . . . ၊ မိုက်မဲလှတဲ့ အဲဒီလိုလူမျိုးကို ဒီမှာလာပြီး ကြည့်လှည့်ကြစမ်းပါဦး . . . ၊ အိမ်ရာတည်ထောင် လူ့ဘောင်အနှောင်အဖွဲ့ကနေ လွတ်မြောက်ပြီးပါလျက် . . . အိမ်ရာတည်ထောင် လူ့ဘောင်အနှောင်အဖွဲ့ထဲကိုပဲ သူ ပြန်ပြေးဆင်းသွားတယ်လေ'

လို့ ရုပ်မြင်သံကြားတရား ဟောတော်မူလိုက်တဲ့အတွက်

http://www.dhammadownload.com

အဲဒီ ရဟန်းလူထွက်လေး သူသာန်ထဲက လူသတ်စင် သံချွန်တွေပေါ်မှာ ထိုင်နေရင်းတန်းလန်းနဲ့ပဲ သောတာပန်အရိယာ ဖြစ်သွားခဲ့ပါတယ်။

ဂိစ္ဈကုဋ်တောင်ထွတ်ပေါ်က ခုန်ချလုဆဲဆဲ အရှင်ဝက္ကလိ မထေရ်လည်း မြတ်စွာဘုရားရှင်ရဲ့ . . .

'ပင်ကိုက ဝမ်းမြောက်မှု အဖြစ်များတဲ့သူဟာ ဘုရားအဆုံးအမတွေအပေါ်မှာလည်း ကြည်ညိုမှု နက်ရှိုင်းတတ်ပါတယ် . . .၊ ဘုရားအဆုံးအမတွေအပေါ် ကြည်ညိုမှု နက်ရှိုင်းတဲ့သူဟာ ရုပ်နာမ်သင်္ခါရတွေရဲ့ ငြိမ်းအေးရာ နိဗ္ဗာန်ချမ်းသာ အငြိမ်ဓာတ်ကို တပ်အပ်ပိုင်ပိုင် ရရှိနိုင်ပါတယ်'

ဆိုတဲ့ အဝေးလွှင့် ရုပ်မြင်သံကြားတရားနဲ့ပဲ ကောင်းကင်ယံမှာ ရဟန္တာဖြစ်သွားခဲ့သလို . . .

အရှင်သာရိပုတ္တရာပေးတဲ့ အသုဘကမ္မဋ္ဌာန်းနဲ့ ဓာတ်မတည့်လို့ မြတ်စွာဘုရားပေးတဲ့ ရွှေကြာပန်းနဲ့ စျာန်ယူ၊ ဉာဏ်ယူနေတဲ့ ရွှေပန်းထိမ်သည်သား ရဟန်းတော်လေးလည်း မြတ်စွာဘုရားရှင်ရဲ့ . . .

'တန်ဆောင်မုန်းလမှာ လရောင်ကြောင့် ပွင့်တဲ့ ကုမုဒြာကြာပန်းကို လက်နဲ့ ချိုးဖြတ်လိုက်သလို . . . သင့်နှလုံးသားထဲမှာ အာရုံခြောက်ပါးကြောင့်ဖြစ်တဲ့ ကိလေသာတဏှာကိုလည်း အရဟတ္တမဂ်နဲ့ ချိုးဖြတ်ပစ်လိုက်ပါ . . .၊ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို ဘုရားရှင် ဟောထားပြီးပါပြီ . . .၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကိုသာ တိုးပွား

http://www.dhammadownload.com

အောင် ကြိုးစားလိုက်စမ်းပါ'

ဆိုတဲ့ အဝေးလွှင့် ရုပ်မြင်သံကြားတရားနဲ့ပဲ ကြာကန် အနီးမှာ ရဟန္တာဖြစ်သွားခဲ့ပါတယ်။

နာမည်ကျော် အရှင်ပေါဋ္ဌိလတို့ ရဟန္တာဖြစ်ခဲ့တာလည်း မြတ်စွာဘုရား မိုင်ပေါင်းတစ်ထောင်ကျော်က ထုတ်လွှင့်လိုက်တဲ့ 'တရားအားထုတ်ရင် ဉာဏ်ကြီးတယ် . . .၊ တရားအားမထုတ်ရင် ဉာဏ်မကြီးဘူး' ဆိုတဲ့ ရုပ်မြင်သံကြားတရားတော်နဲ့ပါပဲ။

'ကြယ်စုံ၊ လသာတဲ့ ဒီလိုညမျိုး . . . လုံးဝ အိပ်ပစ်ဖို့ မကောင်းဘူး . . .၊ တရားအားထုတ်ပစ်ဖို့ပဲ ကောင်းတယ်' ဆိုတဲ့ ရုပ်မြင်သံကြားတရားတော်နဲ့ ရဟန္တာဖြစ်သွားတဲ့ အရှင်သောဏ (ပေါဋ္ဌိရိယပုတ္တ) မထေရ် . . .

'ဒီခန္ဓာကို ရေမြှုပ်စိုင်လို မခိုင်မြဲ၊ တံလျှပ်လို တစ်ခဏပဲလို့ သိရင် သေမင်း မမြင်တဲ့နေရာရောက်ပြီ' ဆိုတဲ့ ရုပ်မြင်သံကြား တရားတော်နဲ့ ရဟန္တာဖြစ်သွားတဲ့ မရီစိကမ္မဋ္ဌာနိကမထေရ် . . .

စသည်အားဖြင့် . . . မြတ်စွာဘုရား အဝေးကနေ ထုတ်လွှင့်ဟောကြားတဲ့ ရုပ်မြင်သံကြားတရားနဲ့ တရားထူးတရားမြတ် ရသွားတဲ့ပုဂ္ဂိုလ်တွေ ပိဋကတ်တော်မှာ အများကြီး ရှိပါတယ်။ ပိဋကတ်တော်မှာ မှတ်တမ်းတင်မထားတဲ့ ပုဂ္ဂိုလ်တွေလည်း မရေမတွက်နိုင်အောင် အများကြီးရှိမှာပါပဲ။

[၆]

လျှပ်စစ်စွမ်းအား မပေါ်မီခေတ်ကတည်းက လျှပ်စစ်မီး

http://www.dhammadownload.com

မလို၊ စက်ပစ္စည်းမလို၊ ပင်ကိုစိတ်ရဲ့ အဘိညာဉ်စွမ်းအား (အထူးသိစွမ်းအား)နဲ့ပဲ အနီး၊ အဝေး - လိုသလို ထုတ်လွှင့်နိုင်တဲ့ . . . မြတ်စွာဘုရားရှင်ရဲ့ 'ရုပ်မြင်သံကြားတန်ခိုးတော်' ကတော့ တကယ့်ကို အံ့မခန်းပါပဲ။ လျှပ်စစ်စွမ်းအား၊ စက်စွမ်းအားနဲ့မှ ထုတ်လွှင့်လို့ရတဲ့ ဒီနေ့ခေတ် တီဗီ၊ ဗီစီဒီ၊ ဒီဗီဒီ . . . စတာတွေကို 'ပျင်းတောင်ပျင်းသေးတယ်' လို့ပဲ ပြောရပါလိမ့်မယ်။

မြတ်စွာဘုရား ထုတ်လွှင့်လိုက်တဲ့ ရောင်ခြည်တော် (အရုပ်လှိုင်း၊ အသံလှိုင်း) တွေဟာ လုပ်ငန်းခွင်သဘောအရ အရောင်ကသိုဏ်း စတဲ့ သမထနိမိတ်တွေကို အခြေခံတဲ့ ဈာန်လှိုင်း၊ အဘိညာဉ်လှိုင်းတွေ ဖြစ်ပေမယ့် . . . အနှစ်သာရသဘောအရကတော့ သတ္တဝါတွေအပေါ် ထားရှိတဲ့ ကရုဏာလှိုင်း၊ မေတ္တာလှိုင်းနဲ့ ဓမ္မသဘောတွေအပေါ် ကျွမ်းကျင်တဲ့ ပညာလှိုင်း၊ သမာဓိလှိုင်းတွေပါပဲ။

ပါရမီနှလုံးသားကနေ ထွက်ပေါ်လာတဲ့ ကရုဏာလှိုင်း၊ မေတ္တာလှိုင်း . . . ၊ သမာဓိလှိုင်း၊ ပညာလှိုင်းတွေက . . . ရုပ်ပုံတော်၊ အသံတော်အဖြစ် အသွင်ပြောင်းလဲပြီး ရုပ်မြင်သံကြားတရား ဟောလိုက်တာပါ။

ရုပ်မြင်သံကြားတရားကို ကြည့်ရှုနားဆင်ခွင့် (ဖူးမြော်နာယူခွင့်) ရတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကံတရားကလည်း ထူးခြားလှပါတယ်။ တိုက်ရိုက်ဖူးမြော်ခွင့်၊ တိုက်ရိုက်နာယူခွင့် မရတဲ့ အခြေအနေမျိုးမှာတောင် တရားထူးရပိုင်ခွင့် မဆုံးရှုံးတာဟာ . . . အတိတ်ဘဝတွေတုန်းက 'ရုပ်မြင်သံကြားတရားအလှူ' ပေးလှူခဲ့လို့များလား

http://www.dhammadownload.com

. . . ဆိုတာ စဉ်းစားစရာပါပဲ။

ကိုယ် တရားရမယ့်အချိန်နဲ့ မြတ်စွာဘုရား ကိုယ်တိုင် မကြွနိုင်တဲ့အချိန် တိုက်ဆိုင်သွားလို့ အဆင်ပြေသလို ဖူးခွင့်၊ နာခွင့် ရသွားတာလည်း ဖြစ်ပါလိမ့်မယ်။ ဒါဆိုရင်တော့ နိဗ္ဗာန်ကိုရည်မှန်းတဲ့ ဘယ်ကုသိုလ်မျိုးနဲ့မဆို မြတ်စွာဘုရားရှင်ရဲ့ ရုပ်မြင်သံကြား တရားကို နာယူခွင့်ရနိုင်ပါတယ်။

'ရုပ်မြင်သံကြားတရားအလှူ' ကြောင့် ရုပ်မြင်သံကြား တရားနာခွင့်ရတာလို့ ယူဆခဲ့မယ်ဆိုရင်လည်း ဒီနေ့ခေတ် ကုသိုလ် နယ်ပယ်ထဲက ကုသိုလ်လူသားတွေအတွက် ကုသိုလ်ပြုစရာ ကုသိုလ်အာရုံတစ်ခု၊ ကုသိုလ်အခွင့်အလမ်းတစ်ခု ခိုင်မြဲလေးနက်သွားတာမို့ အားတက် ပျော်ရွှင်စရာကောင်းလှပါတယ်။ တရားတော် ဗီစီဒီတွေ လှူဒါန်းကြမယ် . . .၊ တရားတော် ဒီဗီဒီတွေ ဖြန့်ဝေကြမယ် . . . ပေါ့။

ရုပ်လည်း မြင်၊ အသံလည်း ကြားရလို့သာ ဗီစီဒီ၊ ဒီဗီဒီကို အဓိကနမူနာအနေနဲ့ ပြောရပေမယ့် ကက်ဆက်တိပ်ခွေတွေ၊ ရိုးရိုး စီဒီခွေတွေ လှူဒါန်းရင်လည်း ရုပ်မြင်သံကြားတရား နာကြားခွင့် ရစေနိုင်ပါတယ်။ အရုပ်၊ အသံ ဆိုတာထက် တရားက ပိုအဓိကကျတာမို့ ဟောသူဝေးရာမှာ တရားနာခွင့်ရအောင် ဖန်တီးပေးရင် ဟောသူဝေးရာမှာ တရားနာခွင့် ပြန်ရမှာပဲ မဟုတ်လား။

တရားစာအုပ်တွေ လှူဒါန်းတာလည်း နည်းတူပါပဲ။ ကွယ်ရာမှာ တရားသိခွင့်ရအောင် ဆောင်ရွက်ပေးတာမို့ ကွယ်ရာမှာ တရားသိခွင့် ပြန်ရပါလိမ့်မယ်။

http://www.dhammadownload.com

အခုခေတ် 'တရားအလှူတော်လုပ်ငန်း' တွေ ဖွင့်လှစ်ပြီး တရားစာအုပ်မျိုးစုံ၊ တရားတိပ်ခွေမျိုးစုံ ငှားရမ်းနေ၊ ကူးပေးနေ၊ လှူဒါန်းနေကြတဲ့ ကုသိုလ်၊ တရားပွဲကြီးတွေ ဦးဆောင်ကျင်းပပြီး တရားအလှူ ပေးလှူနေကြတဲ့ ကုသိုလ်တွေဟာလည်း ဒီဘဝနဲ့ ကျွတ်တမ်းဝင်ခွင့် မရသေးသူတွေအတွက် နောင်တစ်ချိန် ဘုရား တစ်ဆူဆူလက်ထက်မှာ ဘုရားရှင်ရဲ့ အနီးကပ် ရုပ်မြင်သံကြား တရားကိုဖြစ်ဖြစ်၊ အဝေးလွှင့် ရုပ်မြင်သံကြားတရားကိုဖြစ်ဖြစ် နာယူခွင့်ရကြောင်း ကောင်းမှုကုသိုလ်ကြီးတွေပါပဲ။

ဘယ်လိုပုံစံမျိုးနဲ့ပဲ လှူလှူ သူတစ်ပါးကို တရားအလှူ ပေးလှူရင် တူသောအကျိုးပေးတတ်တဲ့ ကံသဘာဝအတိုင်း တရားတွေ ကိုယ်ပြန်ရမှာ သေချာပါတယ်။ စိုစိုပြည်ပြည် ဝေဝေဆာဆာ ပေးလှူလေ၊ စိုစိုပြည်ပြည် ဝေဝေဆာဆာ ပြန်ရလေ . . . ၊ ထူးထူးခြားခြား ဆန်းဆန်းကြယ်ကြယ် ပေးလှူလေ၊ ထူးထူးခြားခြား ဆန်းဆန်းကြယ်ကြယ် ပြန်ရလေပါပဲ။

အဲ . . . တစ်ခုတော့ ရှိတာပေါ့။ သူတစ်ပါးတို့ တရားအလှူပေးလှူဖို့ မတွန့်တိုတာကို အခွင့်ကောင်းယူပြီး စီးပွားရေးအမြတ်ထုတ်မယ်ဆိုရင်တော့ 'လာရာ' မတူတဲ့အတွက် 'လားရာ' လည်း မတူနိုင်တော့ပါဘူး။ ကာမနယ်ပယ်က သီချင်းခွေ ဗီစီဒီတွေ ခုနစ်ရာ၊ တစ်ထောင်နဲ့ ရနေချိန်မှာ ဓမ္မနယ်ပယ်က တရားခွေ ဗီစီဒီတွေကို တစ်ထောင့်ငါးရာ၊ နှစ်ထောင်နဲ့ အမြတ်ကြီးစားရောင်းချတဲ့ မတော်မတရား ဝိသမလောဘသမားတွေအတွက်ကတော့ တရားအလှူရှင်တွေရဲ့ လားရာနဲ့ ဆန့်ကျင်ဘက် အပါယ်

http://www.dhammadownload.com

လေးပါးကိုပဲ လားရောက်ရပါလိမ့်မယ်။

တခြားစီးပွားရေး လုံးဝမလုပ်ဘဲ တရားခွေတွေနဲ့ပဲ စီးပွားရေးလုပ်နေသူတွေအနေနဲ့ ဝမ်းရေးအတွက် ဝန်ဆောင်ခ သင့်တင့်ရုံလောက်ပဲ ယူပြီး ဈေးနှုန်းချိုသာစွာ ဖြန့်ချိပေးမယ်ဆိုရင်တော့ စိတ်ထားတတ်ရင် တတ်သလောက် ကုသိုလ်ဝေစု ရနိုင်ပါတယ်။

သားရေး၊ သမီးရေး၊ ဝမ်းစာရေးအတွက် အသုံးပြုတဲ့ ငွေတွေထဲမှာ တရားစာအုပ်၊ တရားတိပ်ခွေ . . . စတဲ့ တရားဓမ္မဆက်စပ်ပစ္စည်းတွေက ရတဲ့ငွေ လုံးဝ မပါဝင်အောင် စောင့်ထိန်းနိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပါပဲ။ အဲဒီလိုငွေမျိုး မလွှဲမရှောင်သာ ရှိခဲ့မယ်ဆိုရင်လည်း ကာမဂုဏ်ရေးမှာ အသုံးမပြုဘဲ ကုသိုလ်ရေးမှာပဲ အသုံးပြုသင့်ပါတယ်။

[၇]

ကျောင်းမှာ တီဗီ လုံးဝ မထားလို့ ကိုယ်တိုင် မကြည့်ဖူးပေမယ့် သတင်းစာတွေထဲက အစီအစဉ်ကြော်ငြာတွေအရ မြန်မာ့ရုပ်မြင်သံကြားမှာ ဘာသာရေးနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေ နေ့စဉ်ပါနေတယ်ဆိုတာ သိရပါတယ်။

ပရိတ်တရားတော်တွေ၊ ဟောစဉ်တရားတော်တွေ၊ မေတ္တာဘာဝနာတွေ၊ ဥပုသ်သီလပေးတွေ၊ စေတီပုထိုးဘုရားကျောင်းကန် . . . . သာသနာ့နယ်မြေတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ ဗုဒ္ဓဝင်အဖြစ်အပျက်နဲ့ ဗုဒ္ဓဝင်နေရာတော်မြတ်အကြောင်းတွေ၊ ထင်ရှားတဲ့ သာသနာပြုပုဂ္ဂိုလ် အကျော်အမော်

http://www.dhammadownload.com

တွေရဲ့ ဘ၀အတ္ထုပ္ပတ္တိနဲ့ သာသနာပြုလုပ်ငန်းအကြောင်းတွေ၊ ဘာသာရေးဆွေးနွေးခန်းတွေ၊ ဘာသာရေးစာအုပ် မိတ်ဆက်တင်ပြချက်တွေ၊ ကလေးလူငယ်များအတွက် မင်္ဂလာတရားတော် သရုပ်ဖော် ပုံပြောခန်းတွေ . . .

စသည်အားဖြင့် ရုပ်မြင်သံကြားပရိသတ်ရဲ့ နှလုံးသားထဲမှာ တရားဓမ္မ စိမ့်ဝင်ပျံ့နှံ့သွားစေမယ့် ဘာသာရေးအစီအစဉ်တွေနဲ့ 'ရုပ်မြင်သံကြားတရားအလှူ' နေ့စဉ် ပေးလှူနေတာ သိရတဲ့အတွက် မြန်မာ့ရုပ်မြင်သံကြားကို ဝမ်းမြောက်စွာ သာဓုခေါ်မိသလို လှိုက်လှဲစွာ ကျေးဇူးတင်မိပါတယ်။

အရုပ်မပါဘဲ အသံသက်သက်နဲ့ တရားအလှူ ပေးလှူနေတဲ့ မြန်မာ့အသံကိုလည်း နည်းတူပါပဲ။ ဝမ်းမြောက်စွာ သာဓုနဲ့ လှိုက်လှဲစွာ ကျေးဇူးပါ။


'လောကရေးတာဝန်' သာမက 'ဓမ္မရေးတာဝန်' ပါ ကျေပွန်တဲ့ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား . . . နှစ်ခြောက်ဆယ်ပြည့်မှသည် . . . နှစ်ခြောက်ရာမက . . . နှစ်ခြောက်ထောင်မက . . . နောင်နှစ်ပေါင်းများစွာ . . . ကမ္ဘာတည်သရွေ့ . . . တည်တံ့ခိုင်မြဲ . . . တိုးတက်ရှင်သန်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ် . . .။ ။

မေတ္တာဖြင့်


**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**

[မြန်မာ့အသံနှစ်(၆၀)ပြည့်မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၀၆။]

http://www.dhammadownload.com



http://www.dhammadownload.com



မြတ်စွာဘုရားနှင့်တကွ ပေါက်မြောက်ပြီးအရိယာပုဂ္ဂိုလ်ထူး တွေက. . .

'တရားထူးကို ဒီဘဝ၌ပင်လျှင် ရနိုင်သည်၊ နိဗ္ဗာန်ကို တွေ့မြင်ခံစားနိုင်သည်' ဟု အတိအလင်း ဟောပြခဲ့ပြီးသည်မှာ ထင်ရှားနေသည်ပင်ဖြစ်ရာ၊ မိမိလည်း တကယ်တမ်း လုံ့လ သန်သန် ဖွဲ့မှန်မှန်ဖြင့် အားထုတ်ကျင့်ကြံလျှင် တရားထူး ရကို ရ, ရမည်၊ နိဗ္ဗာန်ကို မြင်နိုင်ရမည်ဟု အားတက်စွာ ဆုံးဖြတ်ပြီးနောက် မိဘများ အား သာသနာ့ဘောင် ဝင်ခွင့်ပြုရန် ခွင့်တောင်းမိသည်။

http://www.dhammadownload.com

နဝမတန်း နှစ်စပိုင်းလောက်က ဖြစ်သည်။ ခွင့်တောင်းသည့်နေ့က ခမည်းတော်မှာ ဝမ်းသာလွန်း၍ မျက်ရည်များပင် မဆည်နိုင်၊ ရှိုက်ကာ ရှိုက်ကာဖြင့် 'ဝမ်းသာမျက်ရည်' များ စီးဆင်းကျသက်လေပြီကော . . . ။

နဝမတန်းဖြေပြီး ဝတ်မည်ဟု ပူဆာသော်လည်း အခြားဆရာတော်တွေကရော မိဘတွေကပါ ဆယ်တန်းတော့ ဖြေပါဦးဟု တားကြသောကြောင့် ဆယ်တန်းဖြေပြီးမှ ဝတ်ရခြင်း ဖြစ်ပါသည်။

မိဘများသည် ဘာသာတရား အလွန်ရိုသေကိုင်းရှိုင်းသူများ ဖြစ်သည်။ မိမိသားများကိုလည်း ယဉ်ကျေးသိမ်မွေ့၍ ဘာသာရေး (ဘုရား၊ တရား၊ သံဃာ)ကို လေးစားကြည်ညိုသူများဖြစ်အောင် ဆုံးမသွန်သင်လေ့ရှိသည်။

ငယ်စဉ်က တောင်ကြီးမြို့တွင် နေထိုင်ခဲ့ရာ အပတ်စဉ်ရံခါ နေ့စဉ်လိုလိုပင် ကျောင်းကန်ဘုရား ရိပ်သာများသို့ သွားရောက်၍ တရားနာသည်။ တရားထိုင်သည်။ အိမ်မှာလည်း တရားစာတွေ ကျက်ခိုင်းသည်။ ညစဉ် အိပ်ရာဝင်တိုင်း တစ်မိသားစုလုံး အိမ်ဘုရားခန်းမှာ ညီညာစွာ ဘုရားဝတ်ပြုကြသည်။

မိဘများကလည်း ဘာသာရေး ကိုင်းညွတ်၍ တရား၌ ထုံသူများဖြစ်ရာ မိဘများ၏ သွန်သင်မှုကို ခံယူရသော မိမိအပါအဝင် သားများသည် တရားထိုင်ရသည် တရားစာကျက်ရသည်ကို လွန်စွာ နှစ်ခြိုက်မိ စွဲလမ်းမိသည်။ ဤသို့ဖြင့် မိမိသည် ဘာသာရေး၌ လွန်စွာ ကြည်ညိုကိုင်းညွတ်ခဲ့ရပါသည်။

http://www.dhammadownload.com

မိမိသည် စာဖတ်ဝါသနာ အလွန်ထုံသူဖြစ်ရာ ကျောင်းစာများ ကျက်ပြီးချိန်တွင် သူများတွေလို ကစား, ဆော့မနေဘဲ၊ ပြင်ပဗဟုသုတ စာပေမဂ္ဂဇင်းများကိုသာ မြတ်နိုးတပ်မက်စွာ ဖတ်မှတ်နေလေ့ရှိသည်။ ထိုမှ ဆရာတော်ဘုရားများ ရေးသားသော သာသနာရေးဆိုင်ရာ စာပေများ လစဉ်ထုတ် ဓမ္မဗျူဟာ, ရတနာမွန် အစရှိသည့် မဂ္ဂဇင်းများကို အားလျှင် အားသလို စွမ်းနိုင်သလောက် ဖတ်ရှုပါသည်။ ဖတ်ရှုရင်း ဖတ်ရှုရင်း စာထဲက 'ဗုဒ္ဓ၏တရားသဘော' တွေကို သုံးသပ်ဆင်ခြင်မိသည်။ ဉာဏ်ထဲမှာ သက်ဝင် စူးရှလာအောင် တွေးတောပိုင်းခြားမိသည်။ ဖတ်ကောင်းရုံ ဖတ်ပြီး, ပြီးရော သဘောမထားဘဲ ဘုရားရှင်အမြင်နှင့် လောက၏ ဖြစ်စဉ် ကိုက်ညီမှု ရှိ, မရှိ လက်တွေ့ကျ, မကျ စပ်ဟပ်သုံးသပ် အကဲဖြတ်ကြည့်ရာ မှန်ကန်လှသည်ကို တွေ့မြင်ရပါသည်။ ဤသို့ စာတွေ့ဖြင့်သာ သိခြင်းကို ဆိုလိုပါသည်။ အရိယာအရှင်မြတ်များကဲ့သို့ တရားထူးရပြီး အမှန်သိခြင်း မဟုတ်ပါ။

'လောကကြီးဟာ 'ဒုက္ခသစ္စာ' ကြီးမှန်း သိပါလျက်၊ လူနှင့် တကွ သတ္တဝါတွေဟာ မမြဲသော၊ ဆင်းရဲလှသော၊ အနှစ်သာရ မရှိသော၊ စက်ဆုပ်ရွံရှာဖွယ် အသုဘခန္ဓာဝန်ထုပ်ကြီးကို သံသရာ တစ်လျှောက်လုံး ပင်ပန်းဆင်းရဲစွာ ထမ်းဆောင်နေရမှန်း သိပါလျက်၊ တဏှာလောဘ၏ လှည့်စားမှုကြောင့် စက်ဆုပ်ရွံမုန်း နှလုံးမသာ မသတီစရာတွေကို လှပတင့်တယ် ရှုချင်စဖွယ်ဟု မှတ်ထင်လျက် မြတ်နိုးတွယ်တာနေကြသဖြင့် သံသရာဝဋ်ဒုက္ခကြီးမှ မရုန်းသာ မလွန်နိုင်သာ ဖြစ်နေရမှန်း သိပါလျက်၊ ဝါ၊ လောကကြီးဟာ

http://www.dhammadownload.com

အမှန်စင်စစ် ဒုက္ခမှန်းသိပါလျက်၊ ထိုအလုံးစုံကို ဘုရားရှင်၏ အဆုံးအမအရ သိနေပါလျက်၊ ထိုလောကီ ဒုက္ခနွံညစ်ကြေးကြီးထဲမှာ အမှန်တရားကို လျစ်လျူရှုကာ မစင် - ရွှေထင်သကဲ့သို့ ပျော်ပါး မွေ့လျော်နေပါမူ မိုက်မဲလှလေစွ'

ဤသို့ မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်၍ ထိုအလုံးစုံသော သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်သည့် တရားထူးတရားမြတ်ကို ကျင့်ကြံအားထုတ် ပေါက်မြောက်နိုင်သော ရှင်ရဟန်းဘဝကို ခံယူလိုစိတ်များ ထက်သန်ပြင်းပြလာပါသည်။

ယခုအခါ ဗုဒ္ဓမြတ်စွာသာသနာကို ခေတ်လူငယ်များ စိတ်ဝင်စားနေကြသည်။ သာသနာ့ဝန် ထမ်းလိုစိတ်ရှိကြသည်။ သို့သော် မိဘဆွေမျိုးအသိုင်းအဝိုင်းက သဘောမတူသောကြောင့် အခွင့်မသာ ဖြစ်နေရသည်။ မိဘဆွေမျိုး အသိုင်းအဝိုင်းကလည်း ယုတ်ညံ့ညစ်ကျု၍ နိမ့်ကျသော 'အိမ်ထောင်ပြုမှု' ဆိုလျှင်တော့ သားသမီးများကို ကြည်ဖြူစွာ ခွင့်ပြုကြသည်။ အင်မတန် မြင့်မြတ်လှသော 'ရှင်ရဟန်းဘဝ' ခံယူမည်ဆိုတော့ လုံးဝ ခွင့်မပြုနိုင်ကြ။ အမြင်မှားနေကြသည်။

သာသနာအတွင်းသို့ ခေတ်ပညာတတ်လူငယ်များ များစွာ ဝင်ရောက်လာပါမူကား မြတ်ဘုရား၏ သာသနာ့ရောင်ဝါသည် ယခုထက် အဆများစွာ ကဲသာလွန်တက် ဝေဖြာထွန်းလင်းလျက် ဝေဆာတင့်တယ်လာပြီး ကမ္ဘာလောကကြီးလည်း ငြိမ်းချမ်းသာယာလာမည် ဖြစ်ပေသည်။

ခေတ်လူငယ်များကလည်း သာသနာ့ဘောင်မှာ ငါတို့ နေ

http://www.dhammadownload.com

မှ နေနိုင်ပါ့မလားဟု တွေးကြောက်၍ မနေစေချင်ပါ။ မနေနိုင်စရာ မရှိပါ။ သာသနာ့တာဝန်ကို အားကြိုးမာန်တက် ထမ်းရွက်ရင်း တရားကျင့်ကြံအားထုတ်နေရသည့် ရှင်ရဟန်းဘဝကား ငြိမ်းချမ်းမှုအတိ။ အေးမြမှု ပကတိ။ အပူအပင်ဆိုတာ မရှိ။

မိမိ သာသနာ့ဘောင်ဝင်သည်ကို မိဘများမှာ လွန်စွာဝမ်းမြောက်ကြသည်။

မိမိ၏ မိဘများကဲ့သို့ အခြားသော လူငယ်များ၏ မိဘများကလည်း မိမိသားသမီး သာသနာ့ဘောင် ဝင်လိုစိတ်ဖြစ်လျှင် ကြည်ဖြူအားရစွာ ခွင့်ပြုနိုင်ကြပါစေဟု လေးလေးနက်နက် ဆန္ဒပြုမိပါသည် . . . ။ ။

**ရှင်ဆန္ဒာဓိက (မဟာဂန္ဓာရုံ)**

[သင့်ဘဝမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈၄။]

**မှတ်ချက်** ။ ။ မူလက သင့်ဘဝမဂ္ဂဇင်းက မေးသော အင်တာဗျူးမေးခွန်းများကို တစ်ခုစီ ဖြေဆိုပေးထားခြင်းမျှသာ ဖြစ်ပါသည်။ မဂ္ဂဇင်း၌ ဖော်ပြသော အခါ မေးခွန်းများကို ဖြုတ်၍ အဖြေသက်သက်ကိုသာ အယ်ဒီတာအဖွဲ့က ဖော်ပြလိုက်သောကြောင့် စာရေးသူ သီးခြားရေးသော ဆောင်းပါးဖြစ်သွားပါသည်။ သာသနာ့ဘောင်ဝင်ရောက်ပြီးနောက် အသက်(၁၆)နှစ် အရွယ်တွင် ပထမဆုံးရေးသော ဆောင်းပါးဖြစ်ပါသည်။ နဂိုမူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။ (စာရေးသူ)

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌
ရှိကြသော
နတ်လူသတ္တဝါအားလုံးတို့သည်
ဘေးရန်ရောဂါ
ကင်းစင်ကွာ၍
ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။